# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ပဉ္စမပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ ကျောက်တန်းမြို့နယ် သစ်တောမြေဧရိယာအတွင်းရှိ ဦးမင်းဝိုင်အား ငှားရမ်းထားသော မြေ(၁၀)ဧကအတွက် (၁)ဧက (၅၀၀)ကျပ် ဖြစ်ပါသလား၊ (၁) ဧက သိန်း(၅၀) ကျပ် ဖြစ်ပါသလား၊ မည်သည်က အမှန်ဖြစ်ပါသလဲ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၏ အင်းတော်ကြီးအိုင် ပတ်ဝန်းကျင် အတွင်း ရွှေတူးဖော်ထုတ်လုပ်နေမှုကို မည်ကဲ့သို့ အရေးယူ ဆောင်ရွက် ပေးနိုင်မည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | (ဂ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ ဟိန်းမေတ္တာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်အား မည်သည့်အတွက်ကြောင့် သတ္တုတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့် ထုတ်ပေးသည်ကို သိလိုခြင်း၊ တူးဖော် ထုတ်လုပ်မှုအား အမြန်ရပ်ဆိုင်းပေးရန် တောင်းဆိုမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် ပျက်စီးဆုံးရှုံးသွားသော ရေဝေရေလဲ သစ်တောများအား မည်ကဲ့သို့ ပြန်လည် အစားထိုး ဆောင်ရွက်ပေးမည်ကို သိလိုခြင်း တို့နှင့် | ၁၂ |

စပ်လျဉ်းသည့် မေးခွန်း

၉ (ဃ) ဦးခင်ချို၊ လှိုင်းတွဲ မဲဆန္ဒနယ်၏ နိုင်ငံ၏ ဝင်ငွေအဖြစ် အားထားနေရသော မြေအောက်သယံဇာတများ ထုတ်ယူရရှိမှု အခြေအနေ၊ နိုင်ငံတော်မှ နှစ်စဉ်ရရှိနေသော ဝင်ငွေ အခြေအနေများ နှင့် ပတ်သက်၍ ရရှိ ရာခိုင်နှုန်းနှင့် ထုတ်လုပ်တန်ဖိုးပေါင်းမှာ နိုင်ငံ့GDP အပေါ်နှစ်အလိုက် ရာခိုင်နှုန်း မည်မျှစီ ရရှိကြောင်း၊ ကြွေးကျန် အခြေအနေ၊ အပြည့်အဝ ကောက်ခံရရှိရေး ဆောင်ရွက်ထားမှု အခြေအနေ၊ တရားမဝင် သယ်ဆောင်ရောင်း ဝယ်မှုများကို ဖမ်းဆီးဖော်ထုတ်နိုင်မှု၊ ဖမ်းဆီးရရှိသော ခန့်မှန်း တန်ဖိုးနှင့် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းချပြ နိုင်ခြင်းရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း ၁၈

၁၀ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၂၇

၁၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "မြန်မာ့ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၈

၁၂ ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်က တင်သွင်းသည့် တောတောင် ထူထပ်သော ဒေသများ၌ သစ်တောပြုန်းတီးမှုများ ခြင်းကြောင့် ၂၀၁၅၊၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာ ရာသီဥတု ဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း (၁၈၇) နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တော စောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် (Green Land) စီမံကိန်းများ အမြန်ဆုံး စနစ်တကျ အကောင်အထည် ဖော်ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက် ၃၄

စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

၁၃ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၇၄

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း ၈၁

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၃၁–၅–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ် သစ်တောမြေဧရိယာအတွင်းရှိ ဦးမင်းဝိုင် အား ငှားရမ်းထားသော မြေ(၁၀)ဧကအတွက် (၁)ဧက (၅၀၀)ကျပ် ဖြစ်ပါသလား၊ (၁) ဧက သိန်း(၅၀) ကျပ် ဖြစ်ပါသလား၊ မည်သည်က အမှန်ဖြစ်ပါသလဲ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၏ **အင်းတော်ကြီးအိုင် ပတ်ဝန်းကျင် အတွင်း ရွှေတူးဖော်ထုတ်လုပ်နေမှုကို မည်ကဲ့သို့ အရေးယူ ဆောင်ရွက် ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **ဟိန်းမေတ္တာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်အား မည်သည့် အတွက်ကြောင့် သတ္တုတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့် ထုတ်ပေးသည်ကို သိလိုခြင်း၊ တူးဖော် ထုတ်လုပ်မှုအား အမြန်ရပ်ဆိုင်းပေးရန် တောင်းဆိုမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် ပျက်စီးဆုံးရှုံးသွားသော ရေဝေရေလဲ သစ်တောများအား မည်ကဲ့သို့ ပြန်လည် အစားထိုး ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **နိုင်ငံ၏ ဝင်ငွေအဖြစ် အားထားနေရသော မြေအောက်သယံဇာတများ ထုတ်ယူရရှိမှု အခြေအနေ၊ နိုင်ငံတော်မှ နှစ်စဉ်ရရှိနေသော ဝင်ငွေအခြေအနေများနှင့် ပတ်သက်၍ ရရှိ ရာခိုင်နှုန်းနှင့် ထုတ်လုပ်တန်ဖိုးပေါင်းမှာ နိုင်ငံ့GDP အပေါ်နှစ်အလိုက် ရာခိုင်နှုန်း မည်မျှစီ ရရှိကြောင်း၊ ကြွေးကျန် အခြေအနေ၊ အပြည့်အဝ ကောက်ခံရရှိရေး ဆောင်ရွက်ထားမှု အခြေအနေ၊ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများကို ဖမ်းဆီးဖော်ထုတ်နိုင်မှု၊ ဖမ်းဆီး ရရှိသော ခန့်မှန်းတန်ဖိုးနှင့် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းချပြနိုင်ခြင်းရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"မြန်မာ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်က တင်သွင်းသည့် **"တောတောင်ထူထပ်သော ဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာ ရာသီဥတု ဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း (၁၈၇) နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် (Green Land) စီမံကိန်းများ အမြန်ဆုံး စနစ်တကျ အကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက် စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၊

(ခ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(င) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(စ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဆ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၊

(ဇ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ဈ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ည) ဦးဇော်မင်းလွင်၊ မတ္တရာ မဲဆန္ဒနယ်၊

(ဋ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဌ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၊

(ဍ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

(ဎ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ဏ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(တ) ဒေါက်တာဦးဝင်းအောင်၊ ခင်ဦး မဲဆန္ဒနယ်၊

(ထ) ဒုတိယဗိုလ်မှူးကြီးမင်းသော်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
# (၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)
# (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၁၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၃ ရက်၊

(၂) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊

(၃) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၃ ရက်၊

(၄) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၂ ရက်၊

(၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး ခွင့် ၂ ရက်၊

(၆) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၂ ရက်၊

(၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၈ ရက်၊

(၈) ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း ခွင့် ၁ ရက်၊

(၉) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၃ ရက်နှင့်

(၁၀) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ၁ ခွင့် ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ကျောက်တန်းမြို့နယ် သစ်တောမြေဧရိယာအတွင်းရှိ ဦးမင်းဝိုင်အား ငှားရမ်းထားသော မြေ ၁၀ ဧက အတွက် တစ်ဧက ၅၀၀ ကျပ်ဖြစ်ပါသလား၊ တစ်ဧက သိန်း ၅၀ ဖြစ်ပါသလား၊ မည်သည်ကအမှန်ဖြစ်ပါ သလဲနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာရှင်။ ကျွန်မကတော့ ဝန်ကြီးဌာနနှစ်ခုကနေပြီး အကြောင်းအရာတစ်ခု တည်းအပေါ်မှာ အဖြေနှစ်မျိုးဖြေလာတဲ့အတွက်ကြောင့်မို့လို့ အဖြေမှန်ကို သိရှိလိုတဲ့အတွက် မေးမြန်း သွားမယ့် ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ကျွန်မက ကျောက်တန်းမှာရှိတဲ့ သစ်တောဦးစီးဌာနကနေ စီမံခန့်ခွဲတဲ့မြေရဲ့စာရင်းကို သိလိုတဲ့ အတွက်ကြောင့်မို့လို့ စုံစမ်းတဲ့အခါမှာ သစ်တောဦးစီးဌာနရဲ့ဦးစီးအရာရှိက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှာဖြေကြားခဲ့တဲ့အခါ ဘန့်ဘွေးကုန်းကြိုးဝိုင်း ၅၅၃ ဧကအတွင်း ပုဂ္ဂလိက စိုက်ခင်း ၁၀ ဧကအား နှစ် ၃၀ မြေငှားထားပြီး တစ်နှစ်မှခုနစ်နှစ်အထိ တစ်ဧက ၅၀၀ ကျပ်နှုန်း နိုင်ငံတော်သို့အခွန်ပေးသွင်းဆောင်ရွက်စေခဲ့ပါတယ်လို့ ပြန်ကြားထားပါတယ်။ ဒါပေမဲ့လည်း အဲဒီရဲ့ ၁၀ ဧက ပုဂ္ဂလိကထဲမှာ ရှေးဟောင်းဘုရားတည်ရှိရာမှာ ရှေးဟောင်းဘုရားကိုသွားတဲ့လမ်းကို ပိတ်ထားတဲ့အတွက်ကြောင့်မို့လို့ ရွာသူရွာသားတွေ ၆၀ ကျော်လက်မှတ်ရေးထိုးပြီးတော့ အကူညီ တောင်းတဲ့အတွက် ကျွန်မက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးကို ပြန်ပြီးအကူညီတောင်းတဲ့အခါမှာ ဝန်ကြီးဌာနကနေ ပြန်ပြီးပြန်ကြားလာတဲ့အခါမှာတော့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က နေပြီးတော့ ပြန်ကြားတာပါ။ သုံးလပဲကွာပါတယ်။ သစ်တောဦးစီးဌာနနဲ့ပြန်ကြားတာ။ သစ်တော ကြိုးဝိုင်းအတွင်းမှာပါဝင်ပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ရော်ဘာစိုက်ပျိုးထားသော မြေ ၁၀ ဧကကို ဦးမင်းဝိုင်က တစ်ဧကလျှင် သိန်း ၅၀ ဖြင့် စုစုပေါင်း သိန်း ၅၀၀ ပေးလျော်ပြီး သစ်တောဦးစီးဌာနနှင့် လုပ်ကိုင်ခွင့်စာချုပ်ချုပ်ဆိုကာ လိမ္မော်ပင်များစိုက်ပျိုးခဲ့ကြောင်း၊ လိမ္မော်ပင်များပျက်စီးမည်စိုးရိမ် သဖြင့် စေတီတော်သို့သွားရာလမ်းကိုပိတ်ထားခဲ့ကြောင်း ၁၀-၁၀-၂၀၁၆ ရက်နေ့မှာ ကျောက်တန်း

မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှာ ခေါ်ယူညှိနှိုင်းမှုအရ စေတီတော်သို့သွားရာလမ်းကို ပြန်လည်အသုံးပြုခွင့်ပေးမယ်လို့ နှုတ်ကတိပေးတယ်ဆိုပြီးပြန်ကြားထားပါတယ်ရှင့်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မြို့နေပြည်သူလူထုအတွက် ရေပေးဝေရေးဆိုပြီးတော့မှ ကျေးရွာငါးရွာကို ရွှေ့ပြောင်းစေပြီးတော့မှ ဒီဘန့်ဘွေးကုန်းဆည်ကိုတည်ဆောက်ပြီး ရေဝေရေလဲဒေသသတ်မှတ်ခဲ့တာဖြစ်ပါတယ်။ စတင်သိမ်းယူစဉ်က ၅၅၅ ဧကေဖြစ်ပေမယ့်လည်း ရှေးဟောင်းဘုရားတွေရှိတာကြောင့် သာသနာ့မြေကို နှစ်ဧကပြန်လည်စွန့်လွှတ်၊ ၅၅၃ ဧကသာကျန်တော့တာဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနဦးစီးဌာနကနေ တာဝန်ရှိတဲ့သူနဲ့ကွင်းဆင်းလေ့လာတဲ့အခါမှာလည်း ဒီသစ်တောထဲမှာရှေးဟောင်းစေတီပုထိုးတွေကို တွေ့ခဲ့ရပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်တွေ၊ ဘုရားစေတီတွေလည်း တည်ရှိနေပါတယ်။ လမ်းဘေးဝဲယာမှာ သစ်ပင်အုံ့အုံ့ဆိုင်းဆိုင်းနဲ့ သစ်တောမြေမကျူးကျော်ရဆိုတဲ့ဆိုင်းဘုတ်ကိုတွေ့ပေမယ့် လမ်းထဲဝင်လိုက်တဲ့အခါမှာတော့ မြင်ကွင်းကခြားနားနေပါတယ်။ ယခင်ကရှိခဲ့ဖူးတဲ့ ရော်ဘာစိုက်ခင်းတွေတောင်ပျားလိမ္မော်စိုက်ခင်းတွေ ဖြစ်သွားရပါတယ်။ ဘိုးဘွားဘီဘင်လက်ထက်ကတည်းကရှိခဲ့တဲ့ စေတီပုထိုးတွေကို တည်ထားကိုးကွယ်ဖူးမြော်ချင်တောင်မှပဲ ကျူးကျော်တဲ့သူဖြစ်နေတယ်။

Power Point အသုံးပြု၍ တင်ပြခွင့်ပါရှင်။ ဒါကတော့ ဒီသစ်တော်ကြိုးဝိုင်းအတွင်းမှာ တွေ့ခဲ့ရတဲ့ ရှေးဟောင်းဂဝံဆင်းတုတော်ဖြစ်ပါတယ်။ ကျွန်မတို့ ဒေသခံပြည်သူတွေဟာ ကိုးကွယ်ချင်တယ်၊ ပြုပြင်ချင်တဲ့အခါမှာ ဒါကိုသစ်တောမြေဖြစ်တဲ့အတွက်ကြောင့်မို့ ဒီနေရာဟောင်းမှာကိုးကွယ်လို့မရပါဘူး။ ဘုန်းကြီးကျောင်းအတွင်းကိုသာ ရွှေ့ပြောင်းပြီးတော့ ကိုးကွယ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုမျိုးပဲ သစ်တောကြိုးဝိုင်းအတွင်းမှာ ရှေးဟောင်းဘုရားတွေရှိနေပါတယ်။ ဒါဆိုလို့ရှိရင် ပျားလိမ္မော်စိုက်ခင်းပေးထားတဲ့ ၁၀ ဧကထဲမှာ သွားတဲ့လမ်းကိုပိတ်လိုက်တဲ့ပုံဖြစ်ပါတယ်။ ဒီလိုပိတ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ ပြည်သူတွေဟာ လက်မှတ်ထိုးပြီးအကူအညီတောင်းခဲ့တာဖြစ်ပါတယ်။ အဲဒီထဲမှာတော့ လိမ္မော်ခင်းတွေတွေ့ရပါတယ်။ အရင်တုန်းကတော့ ရော်ဘာခြံတွေဖြစ်ပါတယ်။ ဒါက ရေပေးဝေတဲ့ဒေသအတွက် သတ်မှတ်ထားတဲ့နေရာဖြစ်ပါတယ်။ ဒီဘန့်ဘွေးကုန်းဆည်ဆိုတာ ပျားလိမ္မော်ခင်းတွေနဲ့ထိစပ်နေပါတယ်။ ကျွန်မတို့မြို့နယ်ပြည်သူလူထုက တစ်မြို့နယ်လုံးအားထားရတဲ့ သောက်သုံးရေကန်ကြီးမှာ ဘေးနားကပ်လျက်မှာ လိမ္မော်တွေရှိတဲ့အတွက်ကြောင့်မို့လို့ ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေကြောင့်မို့လို့ ရေထုညစ်ညမ်းမှာကို စိုးရိမ်ပူပန်နေရပါတယ်။ ယုံကြည်တန်ဖိုးထားတဲ့ ရှေးဟောင်းအမွေအနှစ်တွေပျောက်ပျက်မှာကိုလည်း စိုးရိမ်ပူပန်နေတဲ့အချိန်မှာပဲ ဝန်ကြီးဌာန

နှစ်ခုကနေပြီးတော့မှ ဒီမြေနေရာတစ်ခုတည်းအတွက် အဖြေပြန်တဲ့အခါမှာ နှစ်မျိုးဖြစ်နေတဲ့အတွက် ကြောင့်မို့လို့ အမှန်တရားကိုသိရှိလိုတဲ့အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီမှာသတ်မှတ်ထားတဲ့ သစ်တောထဲမှာငှားထားတယ်ဆိုတဲ့မြေတစ်ဧကဟာ သစ်တောဦးစီးဌာနကပြောသလို ၅၀၀ ကျပ်ဖြစ်ပါသလား။ သာသနာရေးဝန်ကြီးကနေပြန်ပြီးတော့ အထွေထွေအုပ်ချုပ်ရေးရုံးမှာညှိနှိုင်းတဲ့ အခါမှာ ပိုင်ရှင်ပြောသလို တစ်ဧကကို သိန်း ၅၀ ဖြစ်ပါသလား။ နိုင်ငံတော်ရဲ့အခွန်အခကို ရရှိတာ ဘယ်လောက်ဖြစ်တယ်တာကို သိရှိလိုတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ ကျောက်တန်းမြို့နယ် သစ်တောဧရိယာအတွင်းရှိ ဦးမင်းဝိုင်အား ငှားရမ်းထားသော မြေ ၁၀ ဧက အတွက် တစ်ဧက ၅၀၀ ကျပ်ဖြစ်ပါသလား၊ တစ်ဧက သိန်း ၅၀၀ ကျပ်ဖြစ်ပါသလား၊ မည်သည်က အမှန်ဖြစ်ပါသလဲဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သတ်ပြီးတော့ ကျွန်တော် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖြေကြားသွားပါမယ်။

ခုနက ဒေါ်အေးမြမြမျိုး ထဲမှာပါတဲ့အတိုင်းပါပဲ ပြောကြပါတယ်။ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံ သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ဃ)အရ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ ဘန့်ဘွေးကုန်းရေလှောင်တမံကြိုးဝိုင်းသစ်တော ဧရိယာ ၅၅၅ ဧကကို ၂၃-၃-၁၉၉၉ ခုနှစ်ရက်စွဲပါ ကြော်ငြာစာအမှတ်(၆၆/၉၉)နဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ အဆိုပါကြိုးဝိုင်းအတွင်းမှာ လက်ရှိ ဧရိယာကတော့ ၅၅၂.၉၉ ဧကဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ Power Point မှာပါရှိတဲ့အတိုင်းပါပဲ မြေဧရိယာအားဖြင့် ၅၅၅ ဧကသာရှိသော်လည်းပဲ တပ်နဲ့အခြားပြည်သူ များဖယ်ပေးရတာရယ်၊ သာသနာနယ်မြေရယ်၊ နောက် ဦးမင်းဝိုင် ရော်ဘာ ၁၀ ဧက စိုက်ထားတာရယ်၊ ဆည်ရေဝပ်ဧရိယာရယ်၊ အခြားမြေက ၂၀၈ ဆိုတာက ကျန်တဲ့ဒီနေရာတွေမှာ သစ်တောဦးစီးဌာနက

နေပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ သစ်ပင်တွေစိုက်ထားဖို့အတွက် ရည်ရွယ်ထားတဲ့ စိုက်ပျိုးပြီးတာနဲ့ စိုက်ထားတဲ့အတွက်ထားရှိတဲ့မြေ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနကနေပြီးတော့ သစ်တောကြိုးဝိုင်းအတွင်းမှာ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးမင်းဝိုင်(မှတ်ပုံတင်အမှတ်-၁၀/မလမ(နိုင်)၀၁၆၇၂၁)ကို ပုဂ္ဂလိကနှစ်ရှည်ရော်ဘာစိုက်ခင်း ၁၀ ဧက စိုက်ပျိုးရန်အတွက် စာချုပ်အမှတ်-၂/၂၀၁၂-၁၃ သတ်မှတ်စည်းကမ်း ၁၇ ချက်နဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ၁၁-၆-၂၀၁၂ ကနေပြီးတော့ ၁၀-၆-၂၀၄၂ အထိ နှစ်ပေါင်း ၃၀ ခွင့်ပြုထားပါတယ်။ ငှားရမ်းခအနေနဲ့ စာချုပ်ချုပ်တဲ့နေ့ကစပြီးတော့ ခုနစ်နှစ်အထိကို တစ်နှစ်ကို တစ်ဧက ၅၀၀ ကျပ်နှုန်း၊ ခုနစ်နှစ်အထက်ပိုင်းမှာတော့ တစ်နှစ်လျှင်မြေငှားရမ်းခ တစ်ဧက ၁၀၀၀ နှုန်းနဲ့ ငှားရမ်းပေးထားပါတယ်။ ဒါကိုလည်းပဲ စာချုပ်မှာတွေ့မြင်နိုင်ပါတယ်။ ခုနကပြောသလို သိန်း ၅၀ ဆိုတာတော့ ကျွန်တော်တော့ ဘယ်ကနေသိန်းတာလဲ မသိပါဘူးခင်ဗျား။ ကျွန်တော်တို့စာချုပ်အတိုင်းကတော့ စာချုပ်မှာမြင်တဲ့အတိုင်းပါပဲ။ တစ်ဧကကို ကျွန်တော်တို့က ၅၀၀ ကျပ်နှုန်းနဲ့ပဲ ငှားထားပါတယ်။

ဒီမှာ ဦးမင်းဝိုင်ဟာ အဲဒီရော်ဘာ ၁၀ ဧကကို မူလတုန်းကသူက မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းကနေပြီးတော့၊ စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီကနေပြီးတော့ ငှားရမ်းခြင်းဖြစ်ပါတယ်။ အဲဒီတုန်းကတော့ ရွှေဖြူစီမံကိန်းအရ ၁၀ ဧကငှားထားပါတယ်။ အဲဒီ ၁၀ ဧကမှာ ငါးဧကကိုရော်ဘာစိုက်ပါတယ်။ ငါးဧကကို သီဟိုဠ်သရက်စိုက်ပါတယ်။ သို့သော် ၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် အဆိုပါစိုက်ခင်းတွေပျက်စီးသွားပြီးတော့ ၂၀၀၉ ခုနှစ်မှာ ပြန်လည်စိုက်ပါတယ်။ စိုက်ပြီးတော့ သစ်တောဦးစီးဌာနကို ကျွန်တော်ခုနကစာချုပ်မှာတင်ပြတဲ့အတိုင်းပဲ ၂၀၁၂ ခုနှစ်မှာဖြင့် ဦးမင်းဝိုင်ဟာ သူ့အမည်ဖြင့်ကျွန်တော်တို့ဆီကို မြန်မာ့စိုက်ပျိုးရေးနှစ်ရှည်လုပ်ငန်းကနေပြီးတော့၊ စိုက်ပျိုးမွေးမြူရေးကော်မတီကနေပြီးတော့ ဒီဝန်ကြီးဌာနကို လွှဲပြောင်းပြီးတဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနကနေပြီးတော့ ၃၀-၃-၂၀၁၂ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၁၂)အစည်းအဝေးဆုံးဖြတ်ချက်အရ တစ်ဧကလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ခုနကခွင့်ပြုထားခဲ့ပါ ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အင်းတော်ကြီးအိုင် ပတ်ဝန်းကျင်အတွင်း ရွှေတူးဖော်ထုတ်လုပ်နေမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးဆုံးကုန်းတွင်းရေချိုအိုင်ကြီးတစ်ခုဖြစ်ပြီးတော့ အရှေ့တောင်အာရှမှာ တတိယအကြီးဆုံးရေအိုင်ဖြစ်တဲ့ အင်းတော်ကြီးကန်ရဲ့ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီးတော့မှ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

Power Point အသုံးပြုချင်ပါတယ်ရှင်။ အင်းတော်ကြီးအိုင်ဟာ မိုးညှင်းမြို့နယ်ရဲ့ ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေအမြင့်မှာတည်ရှိပြီးတော့ မိုင်းတောင်ကြိုးဝိုင်း၊ နန့်ရင်းခကြိုးဝိုင်းအပါအဝင် ကြိုးဝိုင်းငါးခုဟာ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်တောင်ဘက်များမှ ဝန်းရံတည်ရှိပါတယ်။ အဆိုပါ သစ်တော၊ တောင်တန်းများက မြစ်ဖျားခံလာတဲ့ ချောင်းတွေဟာ အင်းတော်ကြီးကန်အတွင်းသို့စီးဝင်ကြပါတယ်။ မြောက်ဘက်မှာတစ်ခုတည်းရှိတဲ့ ရေထွက်ပေါက်ကတော့ အင်းတော်ချောင်းကနေတစ်ဆင့် မိုးခေါင်းချောင်းကိုစီးဝင်ပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းတာဖြစ်ပါတယ်။ ရေဝေရေလဲတွေများပြားတဲ့အလျောက် ချောင်းတွေမှာ တရားမဝင်ရွှေလုပ်ငန်းတွေကို စက်ယန္တရားတွေနဲ့တူးဖော်ထုတ်လုပ်ကြတဲ့နေရာမှာ မိုင်းတောင်ရွာဟာ အကြီးဆုံးပဲ ဖြစ်ပါတယ်။ အဲဒီရွာကနေဖြတ်သန်းစီးဆင်းလာတဲ့ ခေါင်းတုံးချောင်းတစ်လျှောက်မှာ ရေဆိုးစွန့်ပစ်မှုတွေကြောင့်မို့လို့ ဒေသခံတွေဟာ ဓာတုအဆိပ်သင့်မှုတွေ၊ ရေနေသတ္တဝါတွေရှားပါးလာတာတွေ၊ အင်းအတွင်းမှာနုန်းအနယ်ကျမှုတွေကို ပုံပါအတိုင်းမှာ ကျွန်မတို့တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဆောင်းခိုငှက်တွေခိုလှုံသားပေါက်ဖို့အတွက် နေရာတွေလည်း လျော့နည်းလာခြင်းတွေဟာ သဘာဝရဲ့ဂေဟစနစ်ကို ပျက်စီးလာစေတဲ့ ခြိမ်းခြောက်မှုများပဲ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်မှာ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှာ ဆောင်းခိုငှက်များပျံသန်းရန် အရေးကြီးရေဝပ်ဒေသအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ရန်ဆာရေဝပ်ဒေသအဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အောင်မြင်စွာဆွဲဆောင်နိုင်ဖို့အတွက် မူဝါဒတွေချမှတ်ဆောင်ရွက်နေတဲ့နေရာများမှာ အာဆီယံခရီးသွားလုပ်ငန်း၊ မဟာမဲခေါင်ခရီးသွားလုပ်

ငန်း၊ ဖွံ့ဖြိုးမှုမဟာဗျူဟာများနှင့် ချိတ်ဆက်ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် တိုင်းပြည်ရဲ့ နိုင်ငံခြားဝင်ငွေကိုရှာဖွေတဲ့နေရာမှာ မီးခိုးမထွက်တဲ့စက်ရုံတွေအဖြစ် သတ်မှတ်ခံရတဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်တဲ့ အင်းတော်ကြီးအိုင်ကို ရေရှည်ထိန်းသိမ်းနိုင်စေဖို့နဲ့ ဂေဟစနစ်ပျက်စီးစေသော တရားမဝင်ရွှေလုပ်ငန်းတူးဖော် ဆောင်ရွက်မှုတွေကို အရေးယူဆောင်ရွက်ထားခြင်းကို သိရှိချင်ပါတယ်ရှင်။ ပုံမှာပြထားတဲ့အတိုင်းပဲ စောစောကပုံလေးတစ်ချက် ပြန်ပြပေးပါ။ ဒါကတော့ မိုင်းနောင်ရွာကနေထွက်လာတဲ့ ခေါင်းတုံချောင်းကနေ အင်းတော်ကြီးထဲကို စီးဝင်တဲ့လမ်းကြောင်းပဲ ဖြစ်ပါတယ်ရှင်။ အဲဒီလမ်းကြောင်းမှ အင်းတော်ကြီးအိုင်ရဲ့ ကမ်းနားပတ်ဝန်းကျင်တွေမှာ နုန်းအနယ်ကျလာတာတွေဟာ အပြာရောင်အရင့်သည် အင်းရဲ့ရေအနက်ပိုင်းဖြစ်ပါတယ်။ ဒီဘက်က တဖြည်းဖြည်းအရောင်တွေ့လျော့လာတဲ့နေရာတွေဟာ ရွာတွေနဲ့တောက်လျှောက်ဆက်လာတဲ့ မြေနေရာတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီဆောင်းခိုငှက်တွေ သားတွေပေါက်ဖို့ရာရယ်၊ ငါးတွေရေနေသတ္တဝါတွေရဲ့ အသက်ရှင်သန်မှုတွေအတွက်ကို ဒီထက်ဆိုးရွားစွာ ခြိမ်းခြောက်လာတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တရားမဝင်ရွှေတူးဖော်ထုတ်လုပ်နေမှုတွေကို ဘယ်လိုမျိုးစီစဉ်ဆောင်ရွက်ထားသလဲဆိုတာ ပြည်သူများရဲ့ကိုယ်စား သိချင်တဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိကနေပြီးတော့ အင်းတော်ကြီးအိုင်ပတ်လည်ပတ်ဝန်းကျင်မှာ ရွှေတူးဖော်မှုများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ကချင်ပြည်နယ်အစိုးရနဲ့ပေါင်းစပ်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။

အင်းတော်ကြီးအိုင်ပတ်ဝန်းကျင်မှာတော့ ရွှေသတ္တုတူးဖော်ရေးကို တရားဝင်ခွင့်ပြုမိန့်က ယခုနှစ်ထိကို ထုတ်ပေးထားခြင်း လုံးဝမရှိသေးပါဘူး။ တရားမဝင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ဖယ်ရှားအရေးယူနိုင်ဖို့အတွက် သတ္တုတွင်းဦးစီးဌာနက ကွင်းဆင်းစစ်ဆေးမည့် စီမံချက်ရေးဆွဲပြီး

တော့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လုံခြုံရေးဆောင်ရွက်ပေးနိုင်မှုအပေါ် မူတည်ပြီးတော့ ဒေသဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ကလည်း အင်းတော်ကြီးအိုင် ပတ်ဝန်းကျင်အတွင်း ရွှေသတ္တုတူးဖော်ဖို့အတွက် တရားဝင်ခွင့်ပြုထားခြင်းမရှိကြောင်းနဲ့ ရွှေသတ္တုတူးဖော်ခြင်းရှိပါက သတင်းရရှိပါက လုံခြုံရေးအခြေအနေအရ ဘေးမဲ့တောဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ အဖွဲ့ဝင်များ၊ လိုအပ်ပါက နယ်မြေခံတပ်ရင်းတပ်ဖွဲ့အင်အားများပါတဲ့ ပူးပေါင်းအဖွဲ့များနဲ့ သွားရောက်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းတော်ကြီးဒေသအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ တရားမဝင် ရွှေတူးဖော်ခြင်း ငါးကြိမ်၊ ရွှေတူးဖော်ရာတွင် အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၂၆ မျိုးနဲ့ တရားခံခြောက်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီးတော့ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အင်းတော်ကြီးအိုင်ပတ်ဝန်းကျင်နဲ့ အခြားဒေသများမှာ တရားမဝင်ရွှေတူးဖော်နေမှုများကို သတင်းရယူအတည်ပြုပြီးတော့ နယ်မြေဒေသလုံခြုံရေးအခြေအနေပေါ် မူတည်ပြီးတော့ ပူးပေါင်းအဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ power Point မှာတင်ပြတဲ့အတိုင်း ကျွန်တော်တို့ ဖမ်းဆီးစစ်ဆေးခဲ့တဲ့ စစ်ဆေးအရေးယူခဲ့တဲ့ပုံတွေ ဖြစ်ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ အင်းတော်ကြီးအိုင်ဒေသပတ်ဝန်းကျင်မှာ တရားမဝင် ရွှေတူးဖော်မှုများကို ထိရောက်စွာတားဆီးကာကွယ်နိုင်ဖို့ ကွင်းဆင်းစစ်ဆေးမယ့် စီမံချက်များကိုရေးဆွဲပြီးတော့ နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လုံခြုံရေးအစီအမံကိုရယူပြီးတော့ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမှာဖြစ်သလို NGO အဖွဲ့အစည်းများနဲ့ ဒေသခံပြည်သူများကလည်းပဲ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဒါ့အပြင် ၂၀၁၇ ခုနှစ် မေလ ၁၂ ရက်နေ့မှာ နေပြည်တော်မှာရှိတဲ့ သစ်တောဦးစီးဌာနရုံးချုပ်ဌာနမှာ ပတ်ဝန်းကျင်ဒေသတွင် ရွှေတူးဖော်မှုများပြုလုပ်ခြင်းကြောင့် အင်းတော်ကြီးကန်အတွင်းဖြစ်ပေါ်လာမည့်ဆိုးကျိုးများလျှော့ချနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို သစ်တောဦးစီးဌာနနဲ့ Fauna and Flora International - Myanmar Programme တို့ပူးပေါင်းပြီး ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲကို ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဆက်စပ်ဌာနဆိုင်ရာများ၊ နော်ဝေ

နိုင်ငံသံရုံး၊ INGO များ၊ ပုဂ္ဂလိကအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၀ ဦးတက်ရောက်ကြပြီး တော့ ဆွေးနွေးအကြံပြုချက်(၁၄)ချက်ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အကြံပြုချက်များကို ကျွန်တော် Power Point မှာတင်ပြထားပါတယ်။ ဆွေးနွေးဖော်ထုတ်ချက်များဟာ အင်းတော်ကြီးကန်ပတ်လည် ပတ်ဝန်းကျင်မှာ တရားမဝင်ရွှေတူးဖော်မှုကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်းပြီး ကာကွယ်နိုင်ရေး အတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ခုနက တင်ပြလိုပါတယ်။ ဒေသခံများနှင့် NGO များအားလုံးစုပေါင်းပြီးတော့ ဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ ဒီခုနက တရားမဝင်ရွှေတူးဖော်မှုလုပ်ငန်းအား တားမြစ်နိုင်မှာ ဖြစ်ပါကြောင်းတင်ပြရင်နဲ့ ကျွန်တော်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီးဖြေကြားသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမဲ့ ကျွန်မ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးချင်ပါတယ်။ ဒီတရားမဝင် ရွှေတူးဖော်ထုတ်လုပ်နေတယ်ဆိုတာက နိုင်ငံတော်ကို အခွန်မဆောင်ဘူးဆိုတာလည်းမှန်ပါတယ်။ ဒါပေမဲ့ တူးဖော်ထုတ်လုပ်တာသည် ရိုးရိုးတူးဖော်ထုတ်လုပ်တာမဟုတ်ဘဲနဲ့ စက်ယန္တရားအစီးပေါင်း ၅၀ အထိရှိတယ်ဆိုတာ ကျွန်မတို့အတိအကျသိရှိထားပါတယ်။ အဲဒီလို သိရှိထားတော့ အဲဒီယန္တရား တွေကို ဘယ်လိုနည်းလမ်းမျိုးနဲ့ ခွင့်ပြုပေးထားသလဲဆိုတာကိုလည်း ကျွန်မက သိချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ ဒီယန္တရားတော်တော်များများသည် ကျွန်တော်တို့တွေ့ရှိချက်အရ တရားမဝင် လမ်းကြောင်းကနေ သွားတာဖြစ်ပါတယ်။ ဒီတရားဝင်လမ်းကြောင်းကနေပြီးတော့သွားတဲ့ စက်ယန္တရား ဆိုလို့ရှိရင် ကျွန်တော်စာရင်းအရဆိုရင် မရှိပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ အဲဒီမှာ ကျန်ခဲ့တဲ့ သုံးလလောက်တုန်းက တရားမဝင်ယန္တရားသုံးစီးကိုဖမ်းမိခဲ့ပါတယ်။ ဒါကတော့ ကျွန်တော် ဒီမှာက ဆက်စပ်မေးခွန်းဆိုတော့ ကျွန်တော် Power Point မှာ ပါမလာပါဘူး။ အဲဒီလို ကျွန်တော်တို့ ဖမ်းဆီးခဲ့တာရှိပါတယ်။ အထူးသဖြင့် တရားမဝင်လမ်းကြောင်းကနေပြီးတော့ ဝင်လာပြီးတော့ ဝင်လာတဲ့ယာဉ်ယန္တရားများဖြစ်ပါကြောင်း ကျွန်တော်ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဟိန်းမေတ္တာ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အား မည်သည့်အတွက်ကြောင့် သတ္တုတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့်ထုတ်ပေးသည်ကို သိလိုခြင်း၊ တူးဖော်ထုတ်လုပ်မှုအား အမြန်ရပ်ဆိုင်းပေးရန် တောင်းဆိုမှုကို မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်ပျက်စီးဆုံးရှုံးသွားသော ရေဝေရေလဲ သစ်တောများအား မည်ကဲ့သို့ပြန်လည်အစားထိုးဆောင်ရွက်ပေးမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းရင်း ကတော့ မိုင်းကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲနှင့် လူထုတွေ့ဆုံပွဲကို ၂၅-၂-၂၀၁၆ ရက်နေ့ မိုင်းကိုင်မြို့နယ်၊ ခမ်းနားကျေးရွာအုပ်စု၊ ဝမ်ယက်ကျေးရွာ တွင်ပြုလုပ်ရာ ကျေးရွာလူထု ၇၀၀ ခန့်တက်ရောက်ခဲ့ပါတယ်။ တွေ့ဆုံပွဲမှာ တက်ရောက်လာသူများမှ ၎င်းတို့ဒေသအတွင်း ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ကျောက်မီးသွေးတူးဖော်နေ ခြင်းအား ရပ်ဆိုင်းပေးပါရန် တင်ပြတောင်းဆိုခဲ့ကြပြီး ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြပါ တယ်။ ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှာ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ကို ၁၀-၁၂-၂၀၁၅ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်(၀၃၈/၂၀၁၅)ဖြင့် ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ ဝမ်ယက်/ခမ်းနားကျေးရွာအုပ်စု၊ ဝမ်လွေးဒေသအကျယ်အဝန်း ၄၉.၅၀ ဧကတွင် အသေးစားထုတ် လုပ်ခွင့်ရရှိပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တူးဖော်ဆောင်ရွက်ခဲ့ကြောင်း ဒေသခံများထံမှ သိရှိရပါတယ်ခင်ဗျား။ ကျောက်မီးသွေးတူးဖော်ခြင်းနှင့်ပတ်သက်ပြီး မိုင်းကိုင်မြို့နယ်ရှိ ကျေးရွာကိုး ရွာ၊ အိမ်ခြေ ၅၀၀ ခန့်ရှိ လယ်ယာမြေများ၏ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးရမည်ဖြစ်ပါသည်။ ၎င်းအပြင် မိုင်းကိုင်မြို့နယ်မှအစပြု၍ လဲချား၊ နမ့်ဆန်၊ ကျိုင်းတောင်၊ လင်းခေးမြို့များကို ဖြတ်သန်း၍ သံလွင်မြစ်အတွင်းသို့စီးဝင်သော တိန်းချောင်း၏မြစ်ဖျားခံရာဒေသလည်းဖြစ်ပါသဖြင့် အဆိုပါ တိန်းချောင်းတစ်လျှောက်ကိုလည်း ဆိုးကျိုးများဖြစ်ပေါ်စေမည်ဖြစ်ပါတယ်။ ရေဝေရေလဲဒေသ သစ်တောများ ပျက်စီးပြုန်းတီးခြင်း၊ စိုက်ပျိုးရေများခမ်းခြောက်စေခြင်း၊ လယ်ယာမြေများ ပျက်စီးစေ ခြင်း၊ နုန်းမြေများ ပို့ချခြင်းဖြင့် လယ်ယာချောင်းမြောင်းကောခြင်း၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှုရှိစေ ခြင်းတို့ကြောင့် ကျောက်မီးသွေးသတ္တုတူးဖော်ထုတ်လုပ်ခြင်းကို ဒေသခံပြည်သူများမှ အစဉ်ကန့်ကွက်

ခဲ့ပါကြောင်း ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေဖြင့် သတ္တုတူးဖော်ခွင့်လျှောက်ထားရာတွင် ဒေသခံပြည်သူများ၏သဘောထားအားရယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းအပေါ် ဒေသခံပြည်သူလူထုနှင့်သံဃာတော်များအပါအဝင် အပြင်းအထန်ကန့်ကွက်ခဲ့ပါကြောင်း လူထုတွေ့ဆုံပွဲတွင် တင်ပြတောင်းဆိုခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ ဝမ်ယတ်/ခမ်းနားကျေးရွာအုပ်စု၊ ဝမ်လွေးဒေသတွင် ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အား ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူများ၏ဆန္ဒသဘောထားရယူခြင်းမရှိဘဲ မည်သည့်အတွက်ကြောင့် သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ထုတ်ပေးသည်ကို သိရှိလိုပါကြောင်း၊ ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ဝမ်လွေးဒေသတွင် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်နေမှုကို ဒေသခံပြည်သူလူထုနှင့် သံဃာတော်တို့က အပြင်းအထန်ကန့်ကွက်ကြောင်းနှင့် တူးဖော်ထုတ်လုပ်နေမှုအား အမြန်ဆုံးရပ်ဆိုင်းပေးပါရန်တောင်းဆိုမှုကို သက်ဆိုင်ရာဝန်ကြီးဌာနက မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်နေခြင်းလုပ်ငန်းများကြောင့် လယ်ယာစိုက်ပျိုးရေးအတွက် အားထားရသော ရေထွက်ဦးချောင်းများ၊ ရေပေးမြောင်းများ ပျက်စီးခြင်းအား မည်ကဲ့သို့ပြန်လည်ပြုပြင်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ပျက်စီးဆုံးရှုံးသွားသော ရေဝေရေလဲသစ်တောများအား မည်ကဲ့သို့ပြန်လည်အစားထိုးဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မိုင်းကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်းရဲ့ ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အား မည်သည့်အတွက်ကြောင့် သတ္တုတူးဖော်ထုတ်လုပ်မှု ခွင့်ပြုမိန့်ထုတ်ပေးသည်ကိုသိရှိလိုခြင်း၊ တူးဖော်ထုတ်လုပ်မှုအား အမြန်ရပ်ဆိုင်းပေးရန် တောင်းဆိုမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် ပျက်စီးသွားသော ရေဝေရေလဲသစ်တောများအား မည်သို့ ပြန်လည်အစားထိုးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းများကို ကျွန်တော်ဖြေကြားသွားပါမယ်။

**မူကြမ်း**

ပထမမေးခွန်းနှင့်ပတ်သက်ပြီးတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပါပဲ။ ၄၅ ဧကကို မိုင်းကိုင်မြို့နယ်၊ ဝမ်ယတ်/ခမ်းနားကျေးရွာအုပ်စု၊ ဝမ်လွေးဒေသအတွင်းမှာ မြေဧက ၄၅.၅ ဧကစီရှိတဲ့ လုပ်ကွက်နှစ်ကွက်မှာ ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီကို ခဲသတ္တုစမ်းသပ်တိုင်းတာမှုဆောင်ရွက်ဖို့အတွက် ခွင့်ပြုမိန့်အမှတ်၊ ၀၃၂/၂၀၁၄ နဲ့ ၀၃၃/၂၀၁၄ တို့ကို ၂၄-၇-၂၀၁၄ ကနေပြီးတော့ ၂၃-၇-၂၀၁၅ အထိ တစ်နှစ်သက်တမ်းနှင့် ခွင့်ပြုခဲ့ပါတယ်။ ဒါကတော့ စမ်းသပ်တိုင်းတာမှု ဖြစ်ပါတယ်။ ဟိန်းမေတ္တာသတ္တုတူးဖော်ရေးကုမ္ပဏီဟာ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရနဲ့ နှစ်ခုပူးပေါင်းပြီးတော့ ဒီအဖြေကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ဟိန်းမေတ္တာသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ဟာ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်မှာ စမ်းသပ်တိုင်းတာမှုအတွက် လျှောက်ထားရာမှာ ခမ်းနားရွာ၊ ဝမ်တီးရွာ၊ ကုန်းလုံးရွာ(တောင်)၊ ကုန်းလုံးရွာ(မြောက်)၊ ပုံးယမ်းရွာ၊ ဟွေ့မွန်ရွာ(ဝမ်လွေး)၊ လုတ်မောင်းရွာ၊ ပါကော်ရွာ၊ ကုန်စုံရွာကနေပြီးတော့ ဒေသခံပြည်သူ ၁၅ ဦးရဲ့ ထောက်ခံချက်နဲ့ ဝမ်ယတ်/နန်းယန်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့ရဲ့ ကျောက်မီးသွေးတူးဖော်မှု မြေနေရာဟာ တောင်သူစိုက်ပျိုးမြေများ၊ စီမံကိန်းလုပ်ငန်းများ၊ သာသနာမြေများ၊ သုသာန်မြေများနဲ့ ကင်းလွတ်တဲ့နေရာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ အိမ်ထောင်စုများမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာဌာနများက အဆိုပါမြေနေရာဟာ သစ်တောကြိုးဝိုင်းမြေဧရိယာအတွင်း ပါဝင်ပေါက်ရောက်မှုမရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရာသီဥတုနှင့် ကောက်ပဲသီးနှံနှစ်ချုပ်အစီရင်ခံစာ စာရင်း-၂ အရ မြေလွတ်/မြေရိုင်း အမျိုးအစားဖြစ်ပြီး သစ်တောကြိုးဝိုင်းအတွင်း ကျရောက်မှုမရှိတဲ့အတွက် ကန့်ကွက်ရန်မရှိကြောင်း၊ မြေလွတ်/ မြေရိုင်းဖြစ်ပြီးတော့ နိုင်ငံတော်က အလိုရှိတဲ့အတိုင်း စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကန့်ကွက်ရန်မရှိကြောင်းနဲ့ ဝန်ကြီးဌာနရဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ပါက ကန့်ကွက်ရန်မရှိကြောင်းကို ရှမ်းပြည်နယ်အစိုးရကနေပြီးတော့ ထောက်ခံတင်ပြခဲ့လို့ စမ်းသပ်တိုင်းတာခွင့်ကို ထုတ်ပေးခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက်ဖြေကြားပါမယ်။ ဒုတိယမေးခွန်းကတော့ ယခင်အစိုးရလက်ထက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေးအပါအဝင် ကျေးရွာသား ၁၁၈ ဦးကနေပြီးတော့ လက်မှတ်များပူးတွဲပြီးတော့ ပြည်သူ့လွှတ်တော်ကို ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက်နေ့ ရက်စွဲနဲ့ ပြည့်အောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နဲ့ ဟိန်းမေတ္တာသတ္တု

တူးဖော်ရေးကုမ္ပဏီလီမိတက်တို့ဟာ မိုင်းကိုင်မြို့နယ်အတွင်းတွင် ကျောက်မီးသွေးတူးဖော်မှုကို ကန့်ကွက်ကြောင်း တင်ပြစာနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနရဲ့ သတ္တုတွင်းဦးစီးဌာနကဦးဆောင်ပြီး တော့ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာန၊ မြို့နယ်သစ်တောဦးစီးဌာနတို့ပါဝင်တဲ့အဖွဲ့ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှာ ကွင်းဆင်း ခဲ့ပါတယ်။

အဲဒီအစီရင်ခံစာတွေအရ တိုင်ကြားတဲ့ပုဂ္ဂိုလ်တွေဟာ လုပ်ကွက်အနီးမှာရှိတဲ့ ဒေသခံလူများ မဟုတ်ခြင်း၊ လုပ်ကွက်များဟာ မိုင်းကိုင်မြို့နဲ့ ၃ မိုင်၊ ၄ မိုင်ခန့်ကွာဝေးခြင်း၊ လုပ်ကွက်နဲ့နှစ်မိုင်ခန့်သာ ကွာဝေးတဲ့အတွက်ကြောင့်မို့လို့ ဝမ်ယက်ကျေးရွာရွာသားများက ထောက်ခံတင်ပြထားခြင်း၊ လုပ်ကွက် များမှာ လွန်တူးစမ်းသပ်တိုင်းတာခြင်းများဟာ သဘာဝပတ်ဝန်းကျင်များကို ထိခိုက်မှုမရှိခြင်း၊ သံလွင် မြစ်ကို စီးဝင်တဲ့နမ့်တိန်းချောင်းဟာ လုပ်ကွက်နဲ့ တစ်မိုင်ခွဲခန့်ကွာဝေးခြင်း၊ ကျိုင်းတောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံနဲ့ ၁၈၀ မိုင်ကွာဝေးခြင်းတို့ကြောင့် ရေအရင်းအမြစ်ပျောက်ဆုံးနိုင်မှု မရှိခြင်း၊ ထင်းရှူးတောနေရာမှာ ထင်းရှူးအနည်းငယ်သာပေါက်ပြီးတော့ အလေ့ကျပေါက်တဲ့ ခြုံနွယ် များသာပေါက်ရောက်ခြင်း၊ ဒေသခံလူငယ်များ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းအားဖြင့် မူးယစ်ဆေးဝါးများသုံးစွဲမှုကို လျော့ပါးနိုင်ခြင်းစတဲ့ နိုင်ငံတော်အကျိုးစီးပွားနဲ့ ဒေသခံအကျိုးစီးပွား များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဒါကတော့ ၂၀၁၅ ခုနှစ် ဩဂုတ်လ ပြီးခဲ့တဲ့တစ်နှစ်ခွဲက ဖြစ်ပါတယ်။ စစ်ဆေးရေးအဖွဲ့ရဲ့ ထောက်ခံတင်ပြချက်နဲ့အတူ ကုမ္ပဏီမှ လုပ်ထုံးလုပ်နည်းနဲ့အညီ ဘူမိဗေဒ အစီရင်ခံစာရေးဆွဲပြီးတော့ ထုတ်လုပ်မှုကူးပြောင်းဆောင်ရွက်မှုကို တင်ပြခဲ့ပါတယ်။ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနဲ့ သတ်မှတ်လုပ်ထုံးလုပ်နည်းများနဲ့အညီ ကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာကျင်းပတဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ EC ရဲ့ (၄၈/၂၀၁၅)အရ ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန်ကို သဘောတူခွင့်ပြုခဲ့ပါတယ်။ ဒါ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလဖြစ်ပါတယ်။ ဓာတ်သတ္တု အသေးစားထုတ်လုပ်ခွင့်အရ သူ့ကို ၁၀-၁၂-၂၀၁၅ ကနေပြီးတော့ ၉-၁၂-၂၀၂၀ အထိ ငါးနှစ် သက်တမ်းကိုခွင့်ပြုပြီးတော့ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနဲ့ ကုမ္ပဏီတို့ဟာ လုပ်ငန်းသဘောတူ စာချုပ်ကို ချုပ်ဆိုလုပ်ကိုင်ခဲ့ပါတယ်။

ဒီကုမ္ပဏီဟာ ဌာနကိုဖြင့် ခာတ်သတ္တုကို ၂၇၃၀၀၀ နဲ့ အမှတ်(၁) သတ္တုတွင်းဌာနတို့ ခွဲဝေမှု အချိုး ကျပ် ၂၈၈၈၁၀၀ ကို ပေးသွင်းခဲ့ပါတယ်။ ဒီလုပ်ကွက်နှင့်ပတ်သက်ပြီးတော့ Environmental Management Plan (EMP)ကို ရေးဆွဲခဲ့ပြီးတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနသို့ ပေးပို့ပြီးတော့ ဦးစီးဌာနကနေပြီးတော့ လိုက်နာမှုသက်သေခံထုတ်ပေးရန်အတွက် စိစစ်နေ ဆဲဖြစ်ပါတယ်။

ဒီမှာပဲ ခုနကသံဃာတော်များကနေပြီးတော့ ဒေသခံများနဲ့ သံဃာတော်များက အပြင်းအထန် ကန့်ကွက်နေမှုနဲ့ ထုတ်လုပ်မှုများကို အမြန်ဆုံးရပ်ဆိုင်းပေးရန်ကို ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ။ စစ်ဆေးရန်အတွက် ကျွန်တော်တို့ကနေပြီးတော့ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းက ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်သူ ဦးဆောင်ပြီးတော့ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ခာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မိုင်းကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး မှူး၊ မြို့နယ်ဆရာဝန်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူးပါတဲ့ ကွင်းဆင်းအဖွဲ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်မှာပဲ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဝမ်ယက်/ယန်းနန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ယန်းနန်းကျေးရွာဆယ်အိမ်မှူး၊ လွိုင်ရှို့ကျေးရွာ ဆယ်အိမ်မှူးများနဲ့ ကိုးလုံးကျေးရွာ ဆယ်အိမ်မှူး၊ ခမ်းနားကျေးရွာဆယ်အိမ်မှူးနဲ့ ကျေးရွာသူ/ ကျေးရွာသား ၄၀ ဦးကို တွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုဆွေးနွေးတဲ့အခါမှာ လုပ်ကွက်အတွင်းမှာရှိတဲ့ ရေထွက်မှာရှိတဲ့ရေဟာ ကျောက်မီးသွေးတူးတဲ့နေရာကို ဖြတ်သန်းစီးဆင်းတဲ့အတွက်ကြောင့်မို့လို့ လယ်ယာမြေများကို ထိခိုက်မည်ကိုစိုးရိမ်ခြင်း၊ မိုင်းကိုင်မြို့ လွယ်ရှို့ကျေးရွာရဲ့တောင်ရွာမှာရှိတဲ့ အိမ်များကို တိုးချဲ့ရာမှာ ကျောက်မီးသွေးတူးဖော်တဲ့လုပ်ငန်းနဲ့ မလွတ်ကင်းမှာကို စိုးရိမ်တဲ့အတွက် ကြောင့်မို့လို့ ဒီလိုကျွန်တော်တို့ ကန့်ကွက်လက်မှတ်ရေးထိုးရပါကြောင်း ဆွေးနွေးပြောကြားလိုပါ တယ်။ သို့သော်လည်းပဲ ၁၁-၄-၂၀၁၇ ရက်နေ့မှာ ကုမ္ပဏီကနေပြီးတော့ ကျောက်မီးသွေးတူးဖော်မှုကို ဒေသခံများကနေ ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ အဲဒီပြတဲ့အတွက်ကြောင့်မို့လို့ ၂၄-၄-၂၀၁၇ ရက်နေ့ မှာပဲ ဒီကုမ္ပဏီကို ကျောက်မီးသွေးထုတ်လုပ်မှုကို ယာယီရပ်ဆိုင်းထားကြောင်း ရပ်ဆိုင်းရန် ကျွန်တော်တို့ ညွှန်ကြားခဲ့ပြီးတော့ တစ်စပ်တည်းမှာပဲ အဲဒီနေ့မှာပဲ အမှတ်(၁)သတ္တုတွင်းဦးစီးဌာနကို အမြန်ဆုံးစစ်ဆေးရန် ညွှန်ကြားခဲ့ပါတယ်။ ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်

သင့်/မသင့်ကို ရှမ်းပြည်နယ်အစိုးရရဲ့ သဘောထားရယူပြီးတော့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒုတိယမေးခွန်းကို ကျွန်တော်ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းကတော့ တွေ့ရှိချက်အရ ရေစိမ့်ထွက်ပေါက် တစ်ခုရှိပြီးတော့ နွေရာသီမှာ ရေစီးဆင်းမှုနည်းပါးပြီး မိုးရာသီမှာသာ ရေစီးမှုရှိကြောင်း၊ ရေစီးရန်တစ်လျှောက်မှာလည်းပဲ တစ်မိုင်အကွာမှာ လူနေထိုင်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ အနည်စစ်ကန်များပြုလုပ်ပြီးတော့ ရေစီးဆင်းရာလမ်းကြောင်းကို လွှဲပြောင်းပေးခြင်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်ရန် ဆောင်ရွက်ပေးနိုင်ခြင်း အကြံပြုချက်တို့ကို ကုမ္ပဏီအား လိုက်နာဆောင်ရွက်ပြီးတော့ ကတိကဝတ်ရယူသွားမှာဖြစ်ပါတယ်။ လုပ်ကွက်အတွင်း ထင်းရှူးပင်အချို့ပေါက်ရောက်နေပါတယ်။ တူးတဲ့နေရာမှာ မလွတ်ကင်းတဲ့ထင်းရှူးပင်များကို သက်ဆိုင်ရာသစ်တောဦးစီးဌာနရဲ့လုပ်ထုံးလုပ်နည်းနဲ့အတိုင်း ကြိုတင်ခွင့်ပြုချက်ရယူပြီးမှ ခုတ်လှဲပြီးတဲ့သစ်ပင်များအတွက် အစားထိုးစိုက်ပျိုးရန် လုပ်ကွက်အတွင်းပျိုးထောင်ပြီးဖြစ်တဲ့ ပျိုးပင် ၅၀၀၀ ကျော်ကိုလည်း လွတ်ကင်းတဲ့နေရာမှာ နှစ်ဆတိုးပြန်လည်စိုက်ပျိုးခြင်းဖြင့် ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျွန်တော်တင်ပြပြီးတဲ့အတိုင်းပါပဲ။ ရှမ်းပြည်နယ်အစိုးရနဲ့ညှိနှိုင်းပြီးတော့ ဒီကိစ္စကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ အခုလို ဝန်ကြီးအနေနဲ့ ရှင်းလင်းဖြေကြားပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဆက်စပ်မေးခွန်းအနေနဲ့ မေးခွင့်ပြုပါခင်ဗျား။ ၂၅-၂-၂၀၁၇ ရက်နေ့မှာ မိုင်းကိုင်မြို့ ပြည်သူလူထုများနှင့်တွေ့ဆုံပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ ပြည်သူလူထု ၅၈၀ ဦးမှ လက်မှတ်ရေးထိုးကာ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းပေးနိုင်ရေး ဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုလာခဲ့ပါတယ်။ တက်ရောက်လာကြတဲ့ပြည်သူများ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းအတွက် သဘောတူထောက်ခံခြင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ လက်မှတ်ရေးထိုးပေးခဲ့ကြခြင်းမရှိခဲ့ကြောင်းလည်း တင်ပြပြောဆိုခဲ့ကြပါတယ်။ ၁၁-၄-၂၀၁၇ ရက်နေ့မှာ ပြည်သူလူထု ၄၀၀၀ ကျော်က ကျောက်မီးသွေးတူးဖော်ရေးကို ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ပါတယ်။ ပုံကိုတော့ ကျွန်တော် ပြထားခွင့်မရတဲ့အတွက် ကျွန်တော်မပြနိုင်တော့ပါဘူး။ အကယ်၍ အမှန်တကယ်လူထုသဘောထားကို ရယူခဲ့မယ်ဆိုလို့ရှိရင် ပြည်သူလူထုအနေနဲ့ ကန့်ကွက်စရာအကြောင်းရှိမှာမဟုတ်ဘူးလို့ ပြောကြားလိုပါတယ်။ အဲဒီအတွက်ကြောင့် ပြည်သူလူထုသဘောမတူသော ကျေးရွာ

အိမ်ခြေများနှင့် လယ်ယာ၊ ချောင်းမြောင်း ရေစီးရေလာ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသော ဒီကျောက်မီးသွေးတူးဖော်ခြင်းကို ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ဆက်လက် စုံစမ်းစစ်ဆေးဆောင်ရွက် သွားမည်ကို ပြည်သူများသိရှိနိုင်ရန်နှင့် ဖြေကြားပေးပါရန် တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ မနက်ကကျွန်တော်ဖြေကြားတဲ့အထဲမှာ ပါလို့ပြီးပါပြီ။ ဒီကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို ယာယီ ပိတ်သိမ်းဖို့အတွက် ညွှန်ကြားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စအတွက်က ကျွန်တော် ခုနက ကျွန်တော်တို့ဆီလည်း ၂၄ ရက် ၄ လမှာ သွားပြီးတော့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာ ကိုလည်းပဲ ကျွန်တော်တို့ရရှိပြီးဖြစ်ပါတယ်။ ဒါကိုကျွန်တော်သုံးသပ်နေပါတယ်။ ကျွန်တော်တို့ဆီကို အစီရင်ခံစာက မေလ ၁၆ ရက်နေ့မှာ ရရှိပြီးဖြစ်ပါတယ်။ ဒါကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီးတော့ သဘောထားရယူပြီးတော့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ခုနက ပြည်သူအများရဲ့ဆန္ဒအတိုင်းပဲ ကျွန်တော်တို့ ဒါကို ယာယီပိတ်ထား ကြောင်း ထပ်မံတင်ပြပါတယ်။

**နိုင်ငံတော်၏ဝင်ငွေအဖြစ် အားထားနေရသော မြေအောက်သယံဇာတများထုတ်ယူရရှိမှုအခြေအနေ၊ နိုင်ငံတော်မှ နှစ်စဉ်ရရှိနေသော ဝင်ငွေအခြေအနေများနှင့်ပတ်သက်၍ ရရှိရာခိုင်နှုန်းနှင့် ထုတ်လုပ် တန်ဖိုးပေါင်းမှာ နိုင်ငံ့ GDP အပေါ် နှစ်အလိုက်ရာခိုင်နှုန်းမည်မျှစီရရှိကြောင်း၊ ကြွေးကျန်အခြေအန၊ အပြည့်အဝကောက်ခံရရှိရေးဆောင်ရွက်ထားမှုအခြေအနေ၊ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု များကို ဖမ်းဆီးဖော်ထုတ်နိုင်မှု၊ ဖမ်းဆီးရရှိသော ခန့်မှန်းတန်ဖိုးနှင့် ဆောင်ရွက်ထားမှုအခြေအနေ များကို ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါ တယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်အကြောင်းအရာကတော့ နိုင်ငံပိုင်မြေအောက်သယံဇာတထုတ်ယူ နေမှုအခြေအနေနဲ့ နိုင်ငံတော်ကရရှိတဲ့ ဝင်ငွေများအခြေအနေကိုသိရှိလိုတဲ့အတွက် မေးမြန်းတဲ့

မေးခွန်းဖြစ်ပါတယ်။ EITI ရဲ့ ၂-၁-၂၀၁၆ ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ Myanmar Extractive Industries Transparency Initiative (MEITI) ရဲ့အစီရင်ခံစာအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မြန်မာနိုင်ငံရဲ့ သဘာဝတွင်းထွက်သယံဇာတ ထုတ်ယူမှုအရ ရတဲ့ဝင်ငွေဟာ ကျပ်ဘီလီယံ ၃၀၁၁.၂၈၃ ရရှိကြောင်း ရေနံနှင့် ဘာဝဓာတ်ငွေ့လုပ်ငန်းက ၈၅ ရာခိုင်နှုန်း၊ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းလုပ်ငန်းက ၁၃ ရာခိုင်နှုန်းနှင့် အခြားသယံဇာတတွေက ၂ ရာခိုင်နှုန်းရရှိကြောင်း သိရပါတယ်။ ကျောက်မျက်ရတနာများအနေနဲ့ ၂၃၆၁၁၇၂ ကာရက်နှင့် ကျောက်စိမ်းကတော့ ၆၂၄၅ တန်ထုတ်လုပ်ရရှိကြောင်း သိရပါတယ်။ တွင်းထွက်သယံဇာတကရတဲ့ဝင်ငွေဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တစ်နိုင်ငံလုံးဝင်ငွေရဲ့ ၂၃.၆ ရာခိုင်နှုန်းရရှိကြောင်း သိရပါတယ်။ နိုင်ငံကရရှိတဲ့ တွင်းထွက်သယံဇာတ ဝင်ငွေအနေအထားနှင့် ထုတ်လုပ်မှုအနေအထားများကို သိရှိလိုတဲ့အတွက် ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သုံးနှစ်ရဲ့အခြေအနေနှိုင်းယှဉ်ချက်ကို ရှင်းလင်းချပြနိုင်ရေး ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာတွေကတော့ (၁) သက်ဆိုင်ရာနှစ်အလိုက် သဘာဝတွင်းထွက် သယံဇာတထုတ်လုပ်မှုများနှင့်ပတ်သက်လို့ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်း၊ အခြားတွင်းထွက်သယံဇာတပစ္စည်းများ ထုတ်လုပ်တဲ့ပမာဏ နိုင်ငံတော်ကရရှိတဲ့ ဝင်ငွေအခြေအနေ၊ တစ်မျိုးချင်းဝင်ငွေအပေါ်ရရှိရာခိုင်နှုန်း၊ တွင်းထွက်ပစ္စည်းအားလုံးရဲ့နှစ်အလိုက် ရရှိဝင်ငွေဟာ နိုင်ငံ့ဝင်ငွေအားလုံးရဲ့ ရရှိရာခိုင်နှုန်းနဲ့ ထုတ်လုပ်တန်ဖိုးပေါင်းဟာ နိုင်ငံ့ GDP အပေါ်နှစ်အလိုက် ရာခိုင်နှုန်းမည်မျှစီရရှိကြောင်း၊ (၂)၃၁-၃-၂၀၁၇ ရက်နေ့မှာ ကောက်ခံရရှိဖို့ ကြွေးကျန်များကျန်ရှိမယ်ဆိုရင် ဘဏ္ဍာရေးနှစ်အလိုက် ရရန်ကျန်ရှိတဲ့ ကြွေးကျန်အခြေအနေနဲ့ အပြည့်အဝကောက်ခံ ရရှိရေးဆောင်ရွက်ထားမှုအခြေအနေ များနဲ့၊ (၃) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ တွင်းထွက်ကျောက်မျက်ရတနာများ၊ ကျောက်စိမ်းများ နှင့် ရွှေကဲ့သို့တန်ဖိုးရှိတဲ့ တွင်းထွက်ပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများကို ဖမ်းဆီးဖော်ထုတ်နိုင်မှု၊ ဖမ်းဆီးရရှိတဲ့ခန့်မှန်းတန်ဖိုးနဲ့ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ နိုင်ငံတော်ရဲ့ ဝင်ငွေအဖြစ်အားထားရတဲ့ မြေအောက်သယံဇာတများ ထုတ်ယူရရှိမှုအခြေအနေနဲ့ နိုင်ငံတော်က နှစ်စဉ်ရရှိတဲ့ ငွေအခြေအနေများနဲ့ပတ်သက်ပြီး ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်သုံးနှစ်ရဲ့ အခြေအနေနှိုင်းယှဉ်ချက်ကို ချပြနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့်ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားသွားပါမယ်။ Power Point တင်ပြခွင့်ပြုပါ။ ကျွန်တော်အခုတင်ပြမယ့် အကြောင်းအရာတွေမှာတော့ ကိန်းဂဏန်းဇယားတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကိန်းဂဏန်းဇယားများကို သေချာစွာကြည့်ရှုစေလိုပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တွင်းထွက်၊ စက်မှုကုန်ကြမ်း၊ သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက် ထုတ်လုပ်မှုပမာဏနှင့် နိုင်ငံတော်ကရရှိတဲ့ဝင်ငွေကို ကျွန်တော် အောက်ပါအတိုင်းတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြထားတဲ့ Power Point အရဆိုရင် ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ မှာ ရွှေနှင့်အပ အခြားသတ္တုနှင့် မက်ထရစ်တန်အားဖြင့်ဆိုလို့ရှိရင်တော့ ၂၀၁၆-၂၀၁၇ မှာတော့ တိုးတက်ပြီးတော့ ရရှိတာတွေ့ရပါမယ်။ ရွှေစင်အနေနဲ့ကတော့ ခုနက ၄၀၀၀၀ ကျော်ပဲရရှိတဲ့အတွက်ကြောင့်မို့လို့ လျော့နည်းစွာ တွေ့ရပါမယ်။ စက်မှုတွင်းထွက်ကုန်ကြမ်းအနေနဲ့ကတော့ သိန်းပေါင်း ၇၀ ကျော်ရရှိတာကြောင့်မို့လို့ သူကတော့ တိုးတက်တာတွေ့ရပါတယ်။ ကျောက်မျက်ကတော့ ကာရက်ထောင်ပေါင်းနဲ့ပြောမယ်ဆိုလို့ရှိရင်ကတော့ ၁၀၀၀၀ ကျော်ပဲရရှိကြောင်းကို လျော့ပါးသွားတာ တွေ့ရပါမယ်။ ကျောက်စိမ်းကတော့ ကီလိုနဲ့တွက်တဲ့အခါမှာ ၃၀၀၀၀ ကျော်ပဲရရှိတဲ့အတွက်ကြောင့်မို့လို့ ၃၄၆၅၄.၉၉၃ ပဲရှိတဲ့အတွက်ကြောင့် လျော့ပါးသွားတာတွေ့ရပါတယ်။ နောက် Power Point တင်ပြခွင့်ပြုပါ။ တစ်ခါ အမျိုးအစားထပ်ပြီးတော့ ခွဲမယ်ဆိုရင် ဓာတ်သတ္တုမှာ ဝင်ငွေအားဖြင့် ဒါပထမဟာကတော့ ထုတ်လုပ်မှုဖြစ်ပါတယ်။ နောက် ဝင်ငွေ ကျပ်သန်းပေါင်းအားဖြင့် ၂၀၁၆-၂၀၁၇ မှာဆိုရင် ဓာတ်သတ္တုအနေဖြင့် ၄၀၀၀၀၀ ကျော်ရရှိတဲ့အတွက်ကြောင့်မို့လို့ တိုးပွားလာကြောင်းကို တွေ့ရပြီးတော့ ကျောက်စိမ်း၊ ကျောက်မျက်မှာကတော့ ၂၈၀၀၀၀ ကျော်ပဲရရှိတဲ့အတွက်ကြောင့်မို့လို့

လျော့ပါးတာတွေ့ရပါတယ်။ ဒီနေရာမှာ ဘာကြောင့်ကျောက်စိမ်းအနေနဲ့လျော့သွားသလဲဆိုလို့ရှိရင် အဓိကဖြစ်တဲ့ တရုတ်ပြည်မကြီးရဲ့ ဝယ်လက်အားက အကြောင်းအမျိုးမျိုးကြောင့် လျော့ပါးသွားခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကို ဆက်လက်တင်ပြပေး ပါမယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းအနေနဲ့ ကမ်းလွန်သဘာဝ ဓာတ်ငွေ့စီမံကိန်းများဖြစ်တဲ့ ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိက စီမံကိန်းလေးခုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရရှိတဲ့ဟာတွေကို ကျွန်တော်တို့ Power Point မှာ တင်ပြထားတာကိုတွေ့ပါ လိမ့်မယ်။ ၂၀၁၄-၂၀၁၅ မှာ တော်တော်များများရပြီးတော့ ၂၀၁၆-၂၀၁၇ မှာကတော့ လျော့ပါးသွားပါတယ်။ ဒါကတော့ ကမ္ဘာမှာရှိတဲ့ ရေနံဈေးနှုန်း ကျတဲ့အတွက် ကြောင့်မို့လို့ အကုန်လုံးဒီမှာ ရေနံနဲ့ပတ်သက်လို့ သဘာဝဓာတ်ငွေ့နဲ့ပတ်သက်လို့ အကုန်လုံး ဈေးတွေ ကျတဲ့အတွက်ကြောင့်မို့လို့ လျော့နည်းသွားကြောင်း သိရပါတယ်။

နောက်တစ်ခါ ပြည်တွင်းအခွန်ကနေပြီးတော့ တင်ပြတာကို ကျွန်တော် ဆက်လက်ပြီးတော့ Power Point မှာ တင်ပြပေးပါမယ်။ Power Point မှာ ကြည့်မယ်ဆိုလို့ရှိရင် ဝင်ငွေခွန်မှာကြည့်တဲ့ အခါမှာ (၁) ရေနံရှာဖွေတူးဖော်ထုတ်လုပ်မှုရောင်းချခြင်းနှင့်ပတ်သက်လို့ကတော့ ကျပ်သန်းပေါင်း အားဖြင့် ၃၆၀၀၀ ကျော်ရရှိတဲ့အတွက်ကြောင့်မို့လို့ တိုးပွားလာတယ်လို့ မှတ်ချက်ပြုရပါမယ်။ သဘာဝ ဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းမှာကတော့ ၁၅၀၀၀၀ ပဲရရှိတဲ့အတွက်ကြောင့် မို့လို့ ယခင်နှင့်စာလို့ရှိရင် လျော့ပါးသွားပါတယ်။ ဒီအတိုင်းပဲ သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ရောင်းချခြင်းနှင့်ပတ်သက်ပြီးတော့ ကြည့်ရင်ကတော့ ၆၀၀၀ ကျော်ပဲရရှိတဲ့အတွက်ကြောင့်မို့လို့ လျော့ပါးသွားကြောင်းကို တွေ့ရပါတယ်။ ကျောက်မျက်ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း လုပ်ငန်းနှင့်ပတ်သက်လို့ကတော့ ၃၀၀၀၀ ကျော်ပဲရရှိတဲ့အတွက်ကြောင့်မို့လို့ ဒါလည်းပဲလျော့ပါးသွား ပါတယ်။ ခုနက ကျွန်တော်တင်ပြလိုပါတယ်။ ခုနက ဒီတရုတ်ပြည်ရဲ့ ဈေးကွက်နှင့် အများကြီး ဆိုင်ပါတယ်။ သစ်တောနှင့်သစ်တောထွက် ပစ္စည်းများထုတ်လုပ်မှုရောင်းချခြင်းကလည်းပဲ သန်းပေါင်း အားဖြင့် ၂၀၀၀၀ ကျော်ပဲရပါတယ်။ ဒါကလည်းပဲ ၂၀၁၆-၂၀၁၇ မှာ ကျွန်တော်တို့ သစ်ထုတ်လုပ်မှုကို တစ်နှစ်ကိုပိတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ထုတ်လုပ်မှုမရှိတဲ့အတွက်ကြောင့်မို့လို့၊ ရောင်းချမှုလည်း နည်းတဲ့အတွက်ကြောင့်မို့လို့ ခုနက ရရှိတဲ့ငွေကလည်းပဲ နည်းပါးသွားခြင်းဖြစ်ပါတယ်။ ရေအား

လျှပ်စစ်ထုတ်လုပ်မှုရောင်းချခြင်းကတော့ ကျွန်တော်တို့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သူကလည်းပဲ ၂၄၀၀၀ ကျော်ရတဲ့အတွက်ကြောင့်မို့လို့ လျော့ပါးသွားတယ်ဖြစ်ပါကြောင်းကို တင်ပြအပ်ပါတယ်။

နောက်တစ်ခါ ကုန်သွယ်ခွန်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဆက်လက်တင်ပြပါမယ်။ ကုန်သွယ်ခွန်နဲ့ပတ်သက်ပြီးတော့လည်း ခုနကပြောတဲ့ ခေါင်းစဉ်ခြောက်ခုမှာ ကြည့်မယ်ဆိုလို့ရှိရင် ပထမခေါင်းစဉ် ရေနံရှာဖွေတူးဖော်ထုတ်လုပ်မှုမှာလည်းပဲ ကျွန်တော်တို့အားလုံး ကျပ်သန်းပေါင်း အားဖြင့် ၄၀၀၀ ကျော်ပဲရရှိတဲ့အတွက် လျော့နည်းသွားပါတယ်။ သဘာဝဓာတ်ငွေ့တူးဖော်ရောင်းချမှု ဟာလည်းပဲ ကျွန်တော်တို့ ကျပ်သန်းပေါင်းအားဖြင့် တစ်သိန်းကျော်ပဲရတဲ့အတွက်ကြောင့်မို့လို့ လျော့ပါးသွားပါတယ်။ သတ္တုရှာဖွေထုတ်လုပ်ရောင်းချမှုဟာလည်းပဲ ကျပ်သန်းပေါင်းအားဖြင့် ၃၈၅ သန်းပဲရတဲ့ အတွက်ကြောင့်မို့လို့ လျော့နည်းသွားပါတယ်။ ကျောက်မျက်ရှာဖွေထုတ်လုပ်ရောင်းချခြင်း ဟာလည်းပဲ ကျပ်သန်းပေါင်းအားဖြင့် ၆၉၀၀ ပဲရလို့ လျော့နည်းသွားပါတယ်။ သစ်တောနှင့် သစ်တော ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းမှာလည်း ခုနက တင်ပြသလိုပါပဲ။ သစ်များကို တစ်နှစ်ပိတ်တဲ့ ဟာပါပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ သစ်ထုတ်တာကို တစ်နှစ်ပိတ်တဲ့အတွက်ကြောင့်မို့လို့ ၂၂၀၀၀ ကျော်ပဲရရှိပါတယ်။ ဒါလည်းလျော့ပါးသွားပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုကတော့ ခုနက ၁၂၀၀၀ ကျော်ပဲရတဲ့အတွက်ကြောင့် သူကလည်းပဲ လျော့ပါးသွားကြောင်း ကျွန်တော့် အနေနဲ့တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကုန်သွယ်ခွန်အနေနဲ့ ကျွန်တော်ဆက်လက်ပြီးတင်ပြပါ့မယ်။ ကုန်သွယ်ခွန် မှာတော့ အထူးကုန်စည်မှာတော့ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ မှာကတော့မရဘဲနဲ့ ရေနံရှာဖွေတူးဖော် ထုတ်လုပ်မှုလုပ်ငန်းကတော့ ၅၉၀၀ ဆိုတော့ သူကတော့ တိုးတက်လာတယ်လို့လည်းပြောလို့ရပါ တယ်။ သဘာဝဓာတ်ငွေ့တူးဖော်ရောင်းချရေးလုပ်ငန်းကနေပြီးတော့ ကျပ်သန်းပေါင်း တစ်သိန်းကျော် ရတဲ့အတွက်ကြောင့် တိုးတက်လာတယ်လို့ပြောလို့ရပါတယ်။ ကျောက်မျက်ရှာဖွေထုတ်လုပ်ရောင်းချ မှုတွေကတော့ သူကတော့ နည်းနည်းတိုးတက်လာတာတွေ့ရပါတယ်။ ဒီမှာ တစ်နေရာမှာ အထူးကုန်စည်ခွန်ကို ၂၀၁၆-၂၀၁၇ မှာသတ်မှတ်ထားတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ မှာ မပါခြင်းဖြစ်ပါတယ်။ သစ်တောနှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းက တော့ သန်းပေါင်း ၅၀၀၀၀ ကျော်ရရှိပါတယ်။ အားလုံး ကျပ်သန်းပေါင်း ၃၈၉၄၃၇.၅၅၈ ဟာ အထူး ကုန်စည်ခွန်ကနေပြီးတော့ ရရှိနိုင်မှုဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ တွင်းထွက်ပစ္စည်းများရဲ့ နှစ်စဉ်အလိုက်ဝင်ငွေဟာ နိုင်ငံ့ဝင်ငွေရဲ့ GDP ၌ ဘယ်လောက်ရရှိပါသလဲ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားသွားပါမယ်။ ဒါနဲ့ ပတ်သက်လို့ ဇယားမှာတွေ့တဲ့အတိုင်းပါပဲ။ ဒီ Power Point မှာတင်ပြတဲ့အတိုင်း ၂၀၁၄-၂၀၁၅ အမှန်ရဲ့ပါဝင်မှုအချိုးရဲ့ ၁.၂ ၂၀၁၅-၂၀၁၆ ရှေးပြေးအမှန်မှာတော့ ၁.၁ နဲ့ ၂၀၁၆-၂၀၁၇ နှစ်ကုန် မှာတော့ ၀.၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်။ တစ်ခါ GDP ရဲ့ ပါဝင်မှုအချိုး ကလည်းပဲ ၂၀၁၄-၂၀၁၅ မှာ ဒါကတော့ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍရဲ့ဟာဖြစ်ပါတယ်။ ၁.၂ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ မှာကတော့ ၁.၁၊ ၂၀၁၆-၂၀၁၇ မှာကတော့ နှစ်ကုန်ခန့်မှန်းခြေကတော့ ၀.၉ ဖြစ်ပါ တယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ဖြေကြားချက်အရကတော့ GDP နဲ့ စွမ်းအင် ကဏ္ဍရဲ့ အသားတင်ထုတ်လုပ်မှုနှစ်အလိုက်ကတော့ ကျွန်တော် Power Point မှာ ဆက်လက်တင်ပြ ထားပါတယ်။ ၂၀၁၄-၂၀၁၅ အမှန်မှာကတော့ ၆.၁၊ ၂၀၁၅-၂၀၁၆ မှာကတော့ ရှေးပြေးအမှန်မှာက တော့ ၅.၁၊ နှစ်ကုန်ခန့်မှန်းခြေကတော့ ၃.၈ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ GDP နဲ့ လျှပ်စစ်ဓာတ်အား ကဏ္ဍရဲ့အသားတင်ထုတ်လုပ်မှုတန်ဖိုးနှစ်အလိုက်ကိုတော့ ကျွန်တော်ဆက်လက်တင်ပြပါမယ်။ Power Point မှာ တင်ပြတဲ့အတိုင်း ၂၀၁၄-၂၀၁၅ မှာကတော့ ၁.၄၊ ၂၀၁၅-၂၀၁၆ မှာကတော့ ၁.၄၊ ၂၀၁၆-၂၀၁၇ မှာ ၁.၅ ရှိပြီးတော့ ပါဝင်မှုတိုးတက်လာကြောင်းတွေ့ရပါတယ်။

ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားသွားပါမယ်။ ဒုတိယမေးခွန်းမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သတ္တုတွင်းဦးစီးဌာနဟာ ခွင့်ပြုရတဲ့လုပ်ကွက်များရဲ့ပုံသေငွေားရမ်းခနှုန်းကို ကောက်ခံလျက်ရှိရာမှာ ခုနက ကိုယ်စားလှယ်တော်ကြီးမေးတဲ့အတိုင်းပါပဲ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကျွန်တော်တို့အားလုံး အကြီးစားခွင့်ပြုမိန့်ပေါင်း ၁၅၀ အနက်မှာ ကုမ္ပဏီလေးခုကနေ ပြီးတော့ ပုံသေငှားရမ်းခအကြွေးကျန်ကတော့ ကျပ်သန်းပေါင်း ၅၆၀.၃၂၇ နဲ့ ဓာတ်သတ္တုကနေ ခွင့်ပြုထားတဲ့ ၉၁၅ ခုကနေပြီးတော့ ကုမ္ပဏီခြောက်ခုက အကြွေးကျန်ကတော့ ၅.၉၃၆ သန်းပေါင်း ကျန်ကြောင်းကို တင်ပြလိုပါတယ်။ ဒီကုမ္ပဏီများရဲ့ပုံသေငှားရမ်းခကို ဆက်သွယ်ချိတ်ဆက် အကြောင်းကြားခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများကို ကုမ္ပဏီများက ပုံသေငှားရမ်းခများပေးသွင်းရန် အတွက် ညှိနှိုင်းအကြောင်းကြားခြင်း၊ ကျန်ရှိတဲ့ကုမ္ပဏီများကို အစည်းအဝေးခေါ်ပြီးတော့ ပုံသေ ငှားရမ်းခပေးသွင်းစေခြင်းအားဖြင့် ကျွန်တော်တို့ဆွေးနွေးခြင်းအားဖြင့် ကျန်ရှိတဲ့အကြွေးများကိုတော့ ဆက်လက်ကောက်ခံလျက်ရှိပါကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်ခင်ဗျား။

နောက်တစ်ခါ အကြွေးကျန်နဲ့ပတ်သက်ပြီးတော့ အမှတ်(၁)သတ္တုတွင်းအနေဖြင့် အကြွေးကျန်ကတော့ မရှိပါဘူး။ ပြည်ပရောင်းဝယ်လိုအားမရှိတဲ့အတွက်ကြောင့်မို့လို့လည်းကောင်း၊ နိုင်ငံတကာသတ္တုပေါက်ဈေးကလည်း ကျဆင်းတာကြောင့်မို့လို့ သတ္တုလုပ်ငန်းရှင်များဟာ ရောင်းလိုခြင်းမရှိပါဘူး။ ရောင်းချခြင်းလည်းမရှိတဲ့အတွက်ကြောင့်မို့လို့ ဓာတ်သတ္တုခွန်နှင့် ထုတ်လုပ်မှုခွန်ခွဲဝေအချိုးများကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနကို ပေးသွင်းမှုလည်း မရှိသေးပါကြောင်းနှင့် အဲဒီလိုကျန်ခဲ့တဲ့ ကုမ္ပဏီများကို ကျွန်တော်တို့က သတိပေးအကြောင်းကြားစာများပေးပို့ခြင်း၊ စီမံခန့်ခွဲရေး EC များကျင်းပပြီးတော့ ပေးသွင်းရက်များကိုလည်း ကျွန်တော်တို့ ဌာနအစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၂)ကတော့ ကျွန်တော်တို့ Power Point မှာတင်ပြတဲ့အတိုင်း ရွှေစင်အားဖြင့် အကြွေးကျန်တာ ကျပ်သန်းပေါင်း ၁၄၅၂၁.၂၄ လေးကျန်ရှိကြောင်းကိုလည်း ကျွန်တော်တို့ တွေ့ရပါမယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်းပဲ တင်ပြပြီးတော့ စာရင်းပယ်ဖျက်ပေးခြင်း တာဝန်ရှိတဲ့ကြွေးကျန်များကို ကောက်ခံခြင်းနဲ့ ကုမ္ပဏီများကို တရားစွဲဆိုခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်မျက်နှင့်ပတ်သက်ပြီးတော့ ကြွေးကျန်မရှိပါဘူး။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကို ကျွန်တော်ဆက်လက်တင်ပြပါ့မယ်။ သူ့မှာကတော့ စက်မှုလုပ်ငန်းများကို သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရောင်းချတဲ့နေရာမှာ ချည်မျှင်နဲ့အထည်စက်ရုံ (ပလိပ်)နဲ့ စက္ကူစက်ရုံ(ပလိပ်)နဲ့ ဖိနပ်စက်ရုံ(ဖော့ကန်)တို့ကနေပြီးတော့ အကြွေးကတော့ ၃၁-၃-၂၀၁၇ ထိကတော့ ၅၁၂.၃၂၁ သန်း ကျန်ရှိပါတယ်။ အဲဒီကြွေးကျန်များ အပြည့်အဝကောက်ခံနိုင်ရေးအတွက်လည်းပဲ လစဉ်ကိုယ်စားလှယ်များကိုစေလွှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကတော့ ၃၁-၃-၂၀၁၇ အတွက်ကို အကြွေးကျန်ကိုတော့ Power Point မှာဇယားမှာအတိုင်းတင်ပြထားပါတယ်။ အကြွေးကျန်အားဖြင့် ကျပ်သန်းပေါင်းအားဖြင့် ရေနံရှာဖွေမှုက ၈.၈၁ ၊ သတ္တုရှာဖွေရောင်းချမှုက ၄.၆၄၈၊ ကျောက်မျက်ရှာဖွေမှုက ၁.၉၀၅၊ သစ်တောနှင့်သစ်တောထွက်ပစ္စည်းများရောင်းချမှုက ၀.၂၂ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

တတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားပါမယ်။ ဒီတရားမဝင်သယ်ဆောင်မှုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒီ ၂၀၁၆-၂၀၁၇ မှာ တွင်းထွက်ကျောက်မျက်ရတနာတွေ၊ ကျောက်စိမ်းနှင့်ရွှေလို တန်ဖိုးရှိတဲ့တွင်းထွက်ပစ္စည်းများ တရားမဝင်သယ်ဆောင်မှုများကို ဖမ်းဆီးဖော်ထုတ်မှု အားလုံးပေါင်းဆိုလို့ရှိရင် ကျွန်တော်တို့ ဖမ်းဆီးမရရှိတဲ့သတ္တုပေါင်းဟာ ၂၀.၉၄၅ တန်ဖြစ်ပါတယ်။ နှစ်အလိုက် ဖမ်းဆီးရရှိမှုဟာ Power Point မှာတင်ပြထားတဲ့အတိုင်းပါပဲ။ ဒီအားလုံး

ဆိုလို့ရှိရင် ရရှိတဲ့ဟာတွေ ခန့်မှန်းမယ်ဆိုရင် အဆင့်နိမ့်တဲ့သတ္တုဆိုလို့ရှိရင်တော့ ၄၁.၃၄၄၊ ခဲမဖြူ အဖြိုက်နက်ရောရာ အဆင့်နိမ့်ကတော့ ၁၁၇.၅၇၄၊ ခဲမဖြူ အဖြိုက်နက်ရှိတဲ့ရောရာအဆင့်နိမ့်ကတော့ ၆၄.၈၁၃ အားလုံးစုစုပေါင်း ၂၃၃.၉၁၁ သန်း တန်ဖိုးအားဖြင့် ရရှိထားတာကို တွေ့ရပါတယ်။ ကျောက်မျက်အားဖြင့်လည်း အားလုံးဖမ်းမိတဲ့ကျောက်မျက်နဲ့ပတ်သက်လို့ အမှုပေါင်းက ၆၈ မှု ဖြစ်ပါတယ်။ အားလုံး ကျပ်တန်ဖိုးအားဖြင့် ၃.၄ ဘီလီယံရှိကြောင်းကို တင်ပြအပ်ပါတယ်။

ဒီမှာလည်းပဲ ဖမ်းတဲ့နေရာမှာ ဒီအခြား ကျောက်စိမ်းအတုံးအပြင် အတုံးလိုက်နဲ့ အပွင့်တွေ လည်းပါပါတယ်။ နောက်တစ်ခုက ၂၀၁၆-၂၀၁၇ မှာ ကျောက်စိမ်း၊ ကျောက်မျက်တွေနဲ့ပတ်သက် ပြီးတော့ တရားစွဲဆိုတယ်။ အမှုဆိုင်တယ်။ နိုင်ငံတော်က သိမ်းတယ်။ လယ်ဂျာစာရင်းသွင်းပြီးတော့ ကျောက်မျက်ရတနာပြပွဲတွေမှာ နိုင်ငံခြားငွေနဲ့ မြန်မာငွေကို ကျွန်တော်တို့ရရှိအောင်ဆိုပြီးတော့ တင်ပြရောင်းချလျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ဖမ်းဆီးရရှိမှုကို ကျွန်တော် ဆက်လက်တင်ပြပေးပါမယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ဖမ်းဆီးရရှိမှုများကတော့ အမှု စုစုပေါင်း ရေနံ ၁၆ မှုပေါ့၊ ကျောက်စိမ်းက ၁၁၂၊ ခနောက်စိမ်း ၃၊ ယူရေနီယမ် ၁၊ ရွှေ ၁၊ ရေနံစိမ်း ၁၆ အားလုံး ရှိပြီးတော့ ဒီကျပ်တန်းဖိုးများကိုတော့ ဒီမှာကျွန်တော်တို့ တင်ပြထားခြင်းဖြစ်ပါတယ်။ အချို့လည်းပဲ တန်ဖိုးဖြတ်ဆဲဖြစ်ပါတယ်။ အဲဒီနည်းတူ ကျွန်တော်တို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကနေ ပြီးတော့ ဘင်္ဂလားဒေ့ရှ်ကို ထွက်ခွာသွားမည့်ခရီးသည်ကနေပြီးတော့ ရွှေလို့ယူဆရတဲ့ အဝါရောင် အတုံး ၁၃ တုံး၊ ၆၀ ကျပ်သား ကျွန်တော်တို့ခန့်မှန်းချေ သိန်းပေါင်းအားဖြင့် သိန်း ၅၁၀ ခန့် တွေ့ရပါတယ်။ ရန်ကုန်လေဆိပ်ကနေပြီးတော့ ကျွန်တော်တို့ ဖမ်းပြီးတော့ မြန်မာနိုင်ငံဗဟိုဘဏ်ကို လွှဲပြောင်းထားကြောင်း သိရှိရပါတယ်။ အဲဒီတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အလိုက် ကျောက်စိမ်း ဖမ်းဆီးမှုကိုလည်း ကျွန်တော်နည်းနည်းအသေးစိတ်တင်ပြချင်ပါတယ်။ အထူးသဖြင့် မြို့နယ်ရုံးတွေမှာ ကျွန်တော်တို့ တွေ့ရပါတယ်။ မြစ်ကြီးနားမြို့နယ်ရုံးမှာ ခုနစ်မှုရှိပါတယ်။ မူဆယ်မှာ ခြောက်မှုရှိပါတယ်။ မန္တလေးမှာ ၁၀ မှုရှိပါတယ်။ တာချီလိတ်မှာတစ်မှုရှိပါတယ်။ မူဆယ်(OSS)မှာတော့ တစ်မှုရှိပါတယ်။ ရေပူအမြဲတမ်းစခန်းမှာ ရှစ်မှုရှိပါတယ်။ ခန့်မှန်းတန်ဖိုးများကိုလည်း ကျွန်တော် ဒီမှာ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ နိုင်ငံတော်ရဲ့ဝင်ငွေအဖြစ် အားထားရတဲ့ မြေအောက်သယံဇာတများထုတ်ယူ မှုများအခြေ အနေနှင့် နိုင်ငံတော်ကနှစ်စဉ်ရရှိတဲ့ ဝင်ငွေအခြေအနေနှင့်ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-

၂၀၁၆၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သုံးနှစ်ရဲ့အခြေအနေများကို ကျွန်တော့်အနေနဲ့ စာရင်းဇယား များနှင့် တင်ပြရှင်းလင်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့မေးခွန်းမေးတဲ့အခါမှာ ကျွန်တော်အမြဲပြောပါတယ်။ နည်းဥပဒေမှာ ပါတဲ့အတိုင်း အကြောင်းကိစ္စတစ်ရပ်ကို ရှင်းလင်းတိကျစွာရေးရမယ်။ အခု ဒီမှာက မေးထားတာက မြေအောက်သယံဇာတများဆိုတော့ ရှိသမျှဘာမှမကျန်တော့ပါဘူး။ တကယ်မေးချင်ရင် ခဲတင်ငွေ့ဆို ခဲတင်ငွေ့မေးလိုက်၊ ရေနံဆိုရေနံမေးလိုက်၊ ကျောက်စိမ်းဆိုကျောက်စိမ်းမေးလိုက်၊ ပတ္တမြားဆို ပတ္တမြား မေးလိုက်။ အဲဒီအပေါ်မှာမှ နောက်ဆက်တွဲမေးခွန်းတွေက လာဦးမှာ။ အဲဒီမြေအောက် သယံဇာတများ အားလုံးမှာမှ ထုတ်ယူရရှိမှု၊ ပြီးတော့ဝင်ငွေ၊ ပြီးတော့နိုင်ငံရဲ့ GDP၊ ပြီးတော့ကြွေးကျန်၊ ပြီးတော့ တရားမဝင်သယ်ဆောင်တာ၊ ပြီးရင်ဖမ်းဆီးတာ၊ ပြီးတော့အစိုးရကဘာလုပ်တာလဲ၊ ဆောင်ရွက်ထား ရှိမှု။ အဲဒီလိုမေးတဲ့အခါကျတော့ ကိုယ်လည်းကိစ္စတစ်ခုချင်းကို ပိုင်ပိုင်နိုင်နိုင်၊ ရေရေရာရာမမေးရဘူး။ သတ်မှတ်ချိန်က တကယ်တော့ မေးခွန်းကနည်းဥပဒေမှာ သုံးမိနစ်ပဲ။ ကျွန်တော်က ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်နဲ့ သြော်ပြည့်ပြည့်စုံစုံ လေးမေးမြန်းကြပါစေ၊ ဆွေးနွေးကြပါစေဆိုပြီးတော့မှ ငါးမိနစ်ပေး ထားတယ်။ အဲဒီတော့ အဲဒီငါးမိနစ်မှာ အခုနလို ရှိသမျှသောင်းပြောင်းထွေလာ မေးလိုက်တဲ့အခါ ကျတော့ ဝန်ကြီးဌာနကလည်း Run through နဲ့တပ်သုတ်ရိုက်ဖြေပြီးတော့ ကျွန်တော့်မှာဒီဟာကို သုံးချိန်ပေးရတယ်။ ဒါပွင့်ပွင့်လင်းလင်း ပြောတာ။ သုံးကြိမ်ပေးပြီးရင်တော့ မပေးတော့ဘူး။ အဲဒီမေးခွန်းရှင်နဲ့ ဝန်ကြီးဌာနနဲ့တစ်နေရာမှာ တွေ့ပြီးတော့ရှင်းတော့ပဲပြောတော့မယ်။ ဘာလို့လဲဆို တော့ ကျန်တဲ့ကိုယ်စားလှယ်တွေ အားနာဖို့ကောင်းတယ်။ ကျွန်တော်အမြဲပြောတယ်။ ဒီနည်းဥပဒေ တော့ လိုက်နာကြပါ။ အဲဒီမေးခွန်းက အကြောင်းကိစ္စရပ်တစ်ခုလား၊ နှစ်ခုလား။ ကိုယ့်ဟာကိုယ်တောင် မသိကြတော့ ဘူးလားမသိဘူး။ အဲဒီတော့ ဒါတွေတော့ ကျွန်တော်တို့က ဒီမိုကရေစီသမားတွေဆိုရင် စည်းကမ်းကို ပိုပြီးလိုက်နာရမယ်။ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေကို ပိုလေးစားရမယ်။ အဲဒါတော့ ဂရုစိုက်ကြပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးစတုတ္ထနေ့တွင် တင်သွင်းခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များရှိပါက ၂၆-၅-၂၀၁၇ ရက် (သောကြာနေ့)ညနေ ၀၄း၀၀ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းသူကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယခု ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြု ချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ပြည်သူ့ငွေစာရင်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်သန်း(ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ငွေစာရင်းရဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထအစည်းအဝေးကာအတွင်း ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ဖွဲ့စည်းဆောင်ရွက်မှုများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများပါရှိတဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်တဲ့ ၂၅-၅-၂၀၁၇ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၅-၅-၂၀၁၇ ရက်နေ့မှ ၂၆-၅-၂၀၁၇ ရက်နေ့အထိ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါသော်လည်း အမည်စာရင်းတင်သွင်းသူမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေး ၁-၂-၂၀၁၆ ရက်နေ့မှ စတုတ္ထပုံမှန်အစည်းအဝေး ၁၇-၃-၂၀၁၇ ရက်နေ့ထိ ဖွဲ့စည်းဆောင်ရွက်မှုအစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းပြီးပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သော ၁၉-၅-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေး လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၅-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည် စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်က အမည်စာရင်းတင်သွင်း လာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည် ပြုခြင်း၊ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များ သဘောတူသင့်သည့်အချက်(၄)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ သထုံ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေ ကြမ်းကော်မတီအဖွဲ့ဝင်လည်း ဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာ့ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များရှင်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၃-၂-၂၀၁၇ ရက်နေ့မှာ စတင်တင်သွင်းပြီး ၇-၃-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်တဲ့ ၁၉-၅-၂၀၁၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၃-၅-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီးတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဦးမျိုးနိုင် ချမ်းအေးသာစံမဲဆန္ဒနယ်က ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ဦးမျိုးနိုင် ချမ်းအေးသာစံမဲဆန္ဒနယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်ရေးသုံးသပ်ကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့အတူ ၂၅-၅-၂၀၁၇ ရက်(ကြာသပတေးနေ့)မှာ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီညှိနှိုင်း

အစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တဲ့ အဆိုပြုပြင်ဆင်ချက်များအနက်မှ အချက် (၄)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ အဲဒီအချက်တွေနဲ့ ပတ်သတ်လို့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူညီခဲ့တဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်(၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက်(၄)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့အချက်(၄)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် အချက်(၄)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီကပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၈ ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် (၈) ချက်ရှိပါတယ်။ ဒီပြင်ဆင်ရန် တင်ပြချက်ဇယားကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ

ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်အချက် (၈) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက် (၈) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်ပြင်ဆင်ချက် (၈)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၈)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်တို့က ပြင်ဆင်ချက်(၁)ချက်အား ဆွေးနွေးမှာဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။ ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်အား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)ကိုပြင်ဆင်ရန် အဆိုတင်သွင်းခဲ့သော် လည်း ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်သည် သင့်တော်ကောင်းမွန်ပါသဖြင့် ကျွန်တော်၏ပြင်ဆင်ချက်အဆိုအား ပြန်လည်ရုပ်သိမ်းပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒီဟာနဲ့ပတ်သတ်ပြီးတော့ ကျွန်မတို့ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဦးမျိုးနိုင် ချမ်းအေးသာစံမဲဆန္ဒနယ်ကလည်း ကျွန်မတို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံကြောင်း ပြောကြားသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ အတည်ပြုထားတဲ့အတိုင်း လွှတ်တော်ကဆက်လက်အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့အတိုင်း ယခုဥပဒေကြမ်းရဲ့ ပုဒ်မ၂ ပုဒ်မခွဲ(ဆ) မူလဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်းကို လက်ခံပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကို လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)နဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြခဲ့ပြီး ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်က ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့ပါတယ်။ အခုလွှတ်တော်ထဲမှာ ပြန်ပြီးတော့ ဒီပြင်ဆင်ချက်အဆိုကို မပြင်တော့ဘဲနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းသဘောတူကြောင်း ဦးမျိုးနိုင်က ဆွေးနွေးသွားတာ အားလုံးကြားသိပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း လက်ခံပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း သဘောတူပါတယ်။

ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောမတူသူရှိပါသလားခင်ဗျား။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲအမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကြေညာပါတယ်။ (ဩဘာသံများ)

**တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ် များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသောရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာရာသီဥတု ဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင် ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြားဒေသ များတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၉-၅-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသောရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာရာသီဥတု ဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၇ ဦးရှိပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များကို ကျွန်တော် ဒီနေရာမှာတစ်ဆက်တည်းပြောချင်ပါတယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ အဆိုကိုဆွေးနွေးခြင်း စည်းကမ်းချက်များနှင့်အညီ အပြုသဘောဆောင်ပြီးဆွေးနွေးပါ။ ထိပါးပုတ်ခတ်ခြင်း၊ မဖွယ်မရာသုံးနှုန်းခြင်းတွေသုံးစွဲပြီးတော့ ပြောဆိုဆွေးနွေးခြင်းမပြုဖို့ ကြိုတင်အသိပေးထားပါတယ်။ ပထမဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးမင်းသိုင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ယနေ့ ဆွေးနွေးတင်ပြမှာကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သစ်တောနှင့်ပတ်သက်ပြီး သစ်တောပြုန်းတီးမှုတွေဟာ ရှေးယခင်ရှိခဲ့တဲ့ကိန်းဂဏန်းနဲ့စာရင် မြန်မာနိုင်ငံဟာ ၁၂ ရာခိုင်နှုန်း လောက်ပဲကျန်ပါတော့တယ်။ အဲဒီတော့ လက်ရှိအခြေအနေကနေ သစ်တောတွေ ရေရှည်တည်တံ့ပြီးတော့ လူသားမျိုးဆက်တွေနှင့် နောင်လာနောက်သားမျိုးဆက်တွေအတွက် သစ်နှင့် အခြားတောထွက်ပစ္စည်းတွေ၊ သစ်တောထွက်သယံဇာတတွေ အဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သစ်တောတည်တံ့ခိုင်မြဲဖို့ အရေးကြီးနေပါပြီ။ သစ်တောတွေပျက်စီးမယ်ဆိုရင် မြစ်၊ ချောင်း၊ အင်းအိုင်တွေ တိမ်ကောလာမယ်၊ သဘာဝပတ်ဝန်းကျင်တွေပျက်စီးလာမယ်၊ ရာသီဥတုမမျှမတဖြစ် လာမယ်၊ မိုးခေါင်မယ်၊ ရေရှားမယ်။ ထို့အပြင် မိုးသည်းထန်ခြင်းလည်းဖြစ်တတ်ပါတယ်။ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းမကြာခဏဖြစ်ခြင်းနှင့် ရေခဲများလျင်မြန်စွာအရည်ပျော်ခြင်းစတဲ့ သဘာဝဘေးအန္တရာယ်တွေကို ကြုံတွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင်ကနေပြီးတော့မှ ၂၀၁၅-၂၀၁၆ မှာ မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသော ရာသီဥတုနဲ့ရင်ဆိုင်ခဲ့ရ၍ နိုင်ငံတကာရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ အနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီးတော့ နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ပေးပါရန်ဆိုပြီးတော့ အချက်တစ်ချက်ပါပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်ဆိုပြီး အဆိုရှင်ကနေ Highlight ထိုးပြလိုက်တာဟာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်ဟာ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ စတင်ဝင်ရောက်တဲ့ ဝင်ပေါက်၊ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ထွက်ပေါက်လည်းဖြစ်ပါတယ်။ ဒါ့အပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်ဟာ အရှေ့တောင်အာရှ အာဆီယံနိုင်ငံများရဲ့မျက်စိကျထားတဲ့ မြို့တွေဖြစ်တဲ့ အပြင် ကမ္ဘာကလည်းပဲမျက်စိကျထားတဲ့ မြို့တော်ကြီးများလည်းဖြစ်ပါတယ်။ ယခု နေပြည်တော်မှာ ဆိုရင်တော့ ပြန်လည်ထူထောင်ပြီးတော့မှ သစ်တောတွေကို၊ ဥယျာဉ်တွေကို ပြန်လည်ပြုပြင်နေတဲ့ အတွက်ကြောင့် လာမယ့် ၅ နှစ်အတွင်းမှာဆိုရင် နေပြည်တော်ဟာ Green Land, Green City ဥယျာဉ်မြို့တော်ဖြစ်လာမှာ တွေ့မြင်ရပါတယ်။

သို့သော် ဝမ်းနည်းစရာကောင်းတာက ရန်ကုန်မြို့နှင့် မန္တလေးမြို့ပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ လောက်က အရှေ့တောင်အာရှရဲ့အလှဆုံးမြို့၊ ဥယျာဉ်မြို့တော်လို့ခေါ်တဲ့ ရန်ကုန်မြို့ဟာ အခု လူဦးရေ ခုနစ်သန်းလောက်နေဖို့အတွက်ကို မြို့၊ ရွာတွေတိုးချဲ့ပြီးတော့မှ တိုက်တာအိမ်ခြေတွေကြောင့် ရန်ကုန်မြို့ဟာ ပူပြင်းခြောက်သွေ့တဲ့ မြို့ကြီးဖြစ်နေပါပြီ။ မန္တလေးမြို့ဟာ ပူပြင်းခြောက်သွေ့တဲ့မြို့ကြီး ဖြစ်နေပါပြီ။ ရန်ကုန်မြို့ကို ရေပေးဝေတဲ့ ဖူးကြီးတို့၊ ငမိုးရိပ်တို့၊ ဂျိုးဖြူရေလှောင်ကန်တွေဟာ သစ်တောတွေပြုန်းတီးလာတဲ့အတွက်ကြောင့် ရေအရင်းအမြစ်ရှားပါးပြီးတော့မှ ခုနတုန်းက လူဦးရေခုနစ်သန်းလောက်ကို ရေပေးဝေမှု မလုံမလောက်ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ သစ်တောတွေကိုပြန်လည်ထူထောင်ဖို့ အရေးကြီးတယ်ဆိုတဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ ဒါ့အပြင် မန္တလေးမြို့ဟာဆိုရင်လည်းပဲ ရှေးယခင်က စာဆိုရှိခဲ့ဖူးပါတယ်။ အသက်ကလေးရယ်တဲ့ရှည်စေလို မန်းတောင်ရိပ်ခို။ သို့သော်လည်းပဲ မန္တလေးတောင်၊ မန္တလေးပတ်ဝန်းကျင်၊ ရန်ကင်းတောင်ပတ်ဝန်းကျင် ကြည့်မယ်ဆိုရင်၊ ကျုံးပတ်ဝန်းကျင်ကြည့်မယ်ဆိုရင် ဒါဟာ ပူပြင်းခြောက်သွေ့တဲ့ဒေသကြီးဖြစ်နေပါပြီ။ ပြင်ဦးလွင်ကိုကြည့်မယ်ဆိုရင် ရှေးယခင် အင်္ဂလိပ်လက်ထက်က နွေရာသီမှာ အစိုးရရုံးစိုက်တဲ့မြို့ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ တို့ပြင်ဦးလွင်မြို့ဟာလည်းပဲ လှပစိမ်းစိုတဲ့မြို့ဖြစ်ရမယ့်အစား ဘေးပတ်ဝန်းကျင်ကသစ်တောတွေ ပြုန်းတီးတဲ့အတွက်ကြောင့် ရုက္ခဗေဒဥယျာဉ်အနားသာလျှင်၊ ပိတ်ချင်းမြောင်ရေတံခွန်အနားသာလျှင် စိမ်းစိုတာပဲရှိပါတော့တယ်။ ဒီပိတ်ချင်းမြောင်ဆိုရင်လည်းပဲ ရေနည်းတဲ့ရေတံခွန်ဖြစ်လာပြီးတော့ နောင်နှစ်ပေါင်း ၃၀ လောက်ဆိုရင် ရေတံခွန်တောင်မှ ရေရှိပါ့မလားလို့ စိုးရိမ်ဖွယ်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီနေရာမှာ သစ်တောတွေပြုပြင်ထိန်းသိမ်းဖို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီးတော့ ၂၀၁၇-၂၀၁၈ ခုနှစ်ကစပြီးတော့ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ (၁၀)နှစ် စီမံကိန်းပြုလုပ်ဖို့ သစ်တောဝန်ကြီးဌာနကို အကြံပေးထားပါတယ်။ ဒါကြောင့်မို့လို့ သစ်တောဌာနကလည်းပဲ ပြန်လည်ထူထောင်ရေးစီမံကိန်းတွေ၊ သစ်တောပြုစုထိန်းသိမ်းခြင်းတွေ၊ ဒေသခံပြည်သူအစုအဖွဲ့စိုက်ခင်းတွေ စီမံချက်ချပြီးတော့ လုပ်ဆောင်နေပါတယ်။ ကွက်လပ်ဖြည့် စိုက်ခင်းတွေ၊ လုပ်ငန်းတွေ၊ စိုက်ခင်းဟောင်းတွေကို ပြန်ပြီးတော့အားဖြည့်ခြင်းတွေ၊ မိုးရာသီမှာ လူထုအားနဲ့ ပျိုးပင်တွေဖြန့်ဝေပြီးတော့ စိုက်ပျိုးခြင်းတွေစတဲ့လုပ်ငန်းတွေကို သစ်တောဌာနက Phrase(1)၊ Phrase(2)တို့ဖြင့် ပုံစံတွေချပြီးတော့ စီမံကိန်းတွေချနေပါတယ်။ သို့သော် ကျွန်တော်တို့ပြန်ကြည့်ရမှာက သစ်တောဌာနတစ်ခုတည်းမလုံလောက်ဘဲနဲ့ ပြည်သူတစ်ရပ်လုံးကပါ တာဝန်သိသိ ဝိုင်းဝန်းကူညီပြီးတော့ ဆောင်ရွက်ဖို့

လိုအပ်ကြောင်း ပြောကြားရင်းနဲ့ ဆရာဦးအောင်ခင်ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တိုက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ အဆိုရှင် ဒေါက်တာအောင်ခင်တင်သွင်းထားတဲ့အဆိုအပေါ်မှာ ကျွန်တော့်အနေနဲ့ ဝေဖန် သုံးသပ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော် လေ့လာကြည့်တဲ့အခါမှာ အချက်သုံးချက် တွေ့ရပါတယ်။ ဒီလိုအချက်သုံးချက်ကို အဆိုရှင်တင်သွင်းတဲ့နေရာမှာ နိုင်ငံတော်နှင့်နိုင်ငံတော် ရေရှည်အကျိုးစီးပွားအတွက် အကျိုးပြုဖို့တင်သွင်းသွားတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ပထမ ဆုံးအချက်အနေနဲ့ ကျွန်တော်တွေ့တာက တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှု များခြင်းကြောင့် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသောရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံဟာ အဆင့်(၂)မှာရှိနေတယ်လို့ ဒါကို သူကညွှန်းပြသွားတာပါ။ ဘာဖြစ်လို့လဲဆိုတော့ တောတောင်ထူထပ်တဲ့ဒေသတွေမှာ သစ်တောတွေပြုန်းတီးသွားလို့ ဂေဟစနစ်တွေပျက်စီးသွားတယ်။ ရာသီဥတုတွေဖောက်ပြန်တယ်။ ဒီလိုဖောက်ပြန်တဲ့နေရာမှာ Point out လုပ်သွားတာက ပြီးခဲ့တဲ့ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်မှာ ဆိုးဆိုးဝါးဝါးကို ရေကြီးရေလျှံမှုတွေဖြစ်တယ်၊ စိုက်ပျိုးရေးတွေပျက်စီးတယ်။ ဆုံးရှုံးပျက်စီးမှုတွေအများကြီးဖြစ်သွားတယ်။ ဒီလိုပျက်စီးဆုံးရှုံးမှုတွေဖြစ်တာဟာ တောတောင်တွေ ပြုန်းတီးလို့ဖြစ်တယ်လို့ သတိပေးဆော်ဩသွားတဲ့သဘောပဲဖြစ်ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ ဘယ်လိုကုစားကြမလဲ။

ဒုတိယအချက်အနေနဲ့ နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် ဘယ်လိုတိုးမြှင့်ဆောင်ရွက်ကြမှာလဲ။ ဒီနေရာမှာ ရှိပြီးသားသစ်တောတွေကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်မှာလား သို့မဟုတ် နောက်ထပ် ဒီသစ်တောတွေကို ပြန်လည်ပြုစုပြီးတော့ စိုက်ပျိုးမှာလား။ ဒါကို သူကရည်မျှော်ပြီးတော့ ရေးထားခြင်းဖြစ်တယ်လို့ ကျွန်တော်ထင်မှတ်ပါတယ်။ အဲဒီတော့ သစ်တောတွေကို နောက်ထပ် မခုတ်လှဲပါနဲ့။ ပြည်တွင်းသုံးအဖြစ် တရားဝင်ခွင့်ပြုမယ်ဆိုလို့ရှိရင် လည်း အတိအကျကြပ်မတ်ဆောင်ရွက်ဖို့ အရေးကြီးတယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ ဒုတိယ

အချက်အနေနဲ့ကတော့ တရားမဝင်သစ်ခိုးမှုတွေ၊ ရောင်းဝယ်မှုတွေ၊ အဂတိလိုက်စားမှုတွေကို ထိရောက်စွာအရေးယူအပြစ်ပေးပါလို့ ဒီလို စောင့်ရှောက်မှုထိန်းသိမ်းတဲ့နေရာမှာ ဒါတွေလည်း အရေးကြီးတယ်လို့ ထောက်ပြသွားတာလည်းဖြစ်နိုင်ပါတယ်။ သစ်တောစိုက်ခင်းတွေကို အားသွန် ခွန်စိုက် အမြန်ဆုံးပြန်လည်စိုက်ပျိုးသင့်ပါတယ်လို့လည်း ဆိုလိုရင်းဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူ တို့ရဲ့ပူးပေါင်းပါဝင်မှု၊ အသိအမှတ်ပြုမှု အင်မတန်အရေးကြီးပါတယ်။ ဒီလိုသစ်တောတွေပြုန်းတီးသွား လို့ ဂေဟစနစ်တွေပျက်သွားလို့ ရာသီဥတုတွေဆိုးဝါးတယ်။ ဒါတွေကို ကျွန်တော်တို့ ပြန်လည်ပြုပြင် ဖို့အတွက်ဆိုရင် သစ်တောတွေပြန်လည်စိုက်ရမယ်။ အဲဒီလိုစိုက်ဖို့အရေးကြီးတယ်ဆိုတာလည်း ဒါ ထောက်ပြသွားတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီတော့ ပြည်သူတို့ရဲ့ပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြုပြီး တစ်ပိုင်တစ်နိုင် အမှန်အကန်စိုက်ပျိုးလိုသူတွေကို မျိုး၊ အရင်းအနှီး၊ ငွေကြေး၊ နည်းပညာတွေကူညီပေးဖို့လည်း လိုအပ်ပါတယ်။

သစ်တောစိုက်ခင်းတွေအတွက် ပြန်လည်စိုက်ပျိုးဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ နှစ်ရှည် ပါမစ်တွေပေးခဲ့ပါတယ်။ အဲဒီလိုပေးခဲ့တဲ့နေရာတွေမှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ကွင်းဆင်းစစ်ဆေး ပြီးတော့ ပေးထားတဲ့စိုက်ဧက စိုက်ပျိုးပြီးဧက၊ အောင်မြင်မှုအခြေအနေ၊ ကျန်ရှိတဲ့မြေဧကတွေ ကိုလည်းစစ်ဆေးပြီးတော့ အကယ်၍ ဒီမြေတွေကျန်နေမယ်ဆိုလို့ရှိရင် အခြားစိုက်ပျိုးချင်တဲ့ပုဂ္ဂိုလ် များကို ပြန်လည်ပြီးတော့ တရားဥပဒေနှင့်အညီ ချထားပေးဖို့လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်တယ်။ ဒါဟာ ဘာလို့လဲဆိုတော့ နိုင်ငံနှင့်အဝန်းသစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက် လျက်ဆိုတဲ့အခြေအနေနဲ့ခြုံရေးထားလို့ ဒီလို ကျွန်တော်တို့ ရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီလို သစ်တောတွေကို ပြန်လည်ပြုစုထိန်းသိမ်းစောင့်ရှောက်မယ်ဆိုလို့ရှိရင် နှစ်ပေါင်း သုံး၊ လေးဆယ် ကြာမှာပဲ။ ဒီသစ်တောတွေက ခုနက ဦးမင်းသိုင်းပြောသွားသလို ၁၂ ရာခိုင်နှုန်းလောက်ပဲကျန်တော့ တယ်ဆိုတော့ ဒါတွေကို ကျွန်တော်တို့ မူလအတိုင်းပြန်ဖြစ်အောင်ကြိုးစားရမယ်။ ဒီနေရာမှာ ပြည်သူ တွေရဲ့ အသိပညာနဲ့ပူးပေါင်းပါဝင်မှုတွေ ကျွန်တော်တို့ သိပ်လိုအပ်တယ်။ ဒီလိုသစ်တောတွေ ပြုန်းသွားလို့ ဒီသစ်တောတွေ ငါတို့ပြည်သူတွေအနေနဲ့ တို့ပါ ပါဝင်ပြီးတော့ တို့ဆောင်ရွက်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်မျိုးရအောင် လုပ်ပေးဖို့တွေလိုအပ်ပါတယ်။ အဲဒီလိုလုပ်ဖို့အတွက် နှစ်ပေါင်း သုံး၊ လေးဆယ်ကြာနိုင်ဖို့ရှိတဲ့အတွက် လတ်တလော နေပြည်တော်ရယ်၊ ရန်ကုန်ရယ်၊ မန္တလေးရယ်၊ ပြင်ဦးလွင်ရယ် ဒီမြို့ပြဒေသကြီးတွေမှာ ကျွန်တော်တို့ ပြည်သူတွေရဲ့မျက်စိအောက်မှာရှိနေတဲ့ ဒေသတွေကို Green Land အနေနဲ့ ဒီအစိမ်းရောင်စီမံကိန်းတွေလုပ်ဖို့ အဆိုရှင်ကနေပြီးတော့

တိုက်တွန်းတာပါ။ ဟိုးဝေးလံတဲ့ဒေသတွေမှာလုပ်ဖို့ ခက်ခဲတယ်ဆိုလို့ရှိရင် ဒီနီးတဲ့ဒေသတွေမှာ ဒါကို အရင်ဆုံးလုပ်ပါ။ ဒီလိုလုပ်ငန်းတွေအောင်မြင်လာမယ်ဆိုလို့ရှိရင် ဒုတိယအဆင့်အနေနဲ့ ကျန်တဲ့ဒေသတွေကိုလည်း နှစ်အလိုက်စီမံကိန်းများတိုးချဲ့ဆောင်ရွက်ပေးပါလို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းနှိုးဆော်တဲ့ဟာဖြစ်တဲ့အတွက် ဒေါက်တာအောင်ခင်ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ဝေဖန်သုံးသပ်ရင်း၊ လေးလေးနက်နက်ထောက်ခံကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကြွရောက်တဲ့သူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးနဲ့ သက်ဆိုင်နေပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ သစ်တောပြုန်းတီးခြင်း တတိယအမြင့်ဆုံးနေရာမှာရှိနေသလို အရှေ့တောင်အာရှဒေသများအနက် သစ်တောပြုန်းတီးမှုအများဆုံးနိုင်ငံဖြစ်နေခြင်းဟာ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် ဥပဒေထိန်းကျောင်းမှုတို့မှာ အလွန်အားနည်းနေတာ ပြသနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅ အရ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ ပုဒ်မ ၃၈၄ မှာလည်း နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်လို့ ပြဋ္ဌာန်းပေမဲ့ လက်တွေ့မှာ လိုက်နာမှုအားနည်းနေတာကို တွေ့ရပါတယ်။ ယခုနှစ် ယခုလ ၂၈ ရက်နေ့ အထိ တရားမဝင်သစ်များ ဖမ်းမိနေခြင်း၊ လွတ်မြောက်နေခြင်းများကို သတင်းစာ၊ မီဒီယာများမှာ ဓာတ်ပုံနှင့်တကွ ဖော်ပြမှုများဟာ သာဓကဖြစ်ပါတယ်။

တရားမဝင်သစ်ထုတ်လုပ်ခြင်းဟာ သစ်တောပြုန်းတီးမှုရဲ့ အကြောင်းတရားဖြစ်တဲ့အတွက် တရားမဝင်သစ်ထုတ်လုပ်သူများအတွက် ထွက်ပေါက်မရှိရန် တရားဥပဒေစိုးမိုးရေးအပြင် ထိန်းကွပ်ဆောင်ရွက်မှုဟာလည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဟာ ၁၉၉၇ မှာ ၆ဝ ရာခိုင်နှုန်းကနေ တဖြည်းဖြည်းကျဆင်းလာရာမှာ ၂၀၁၅ ခုနှစ်မှာ ၄၃ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပါတယ်။ ရိုးရာရွှေ့ပြောင်းတောင်ယာစနစ်ဟာ အသက်ရှင်ရေး၊ ဘဝရပ်တည်ရေးအတွက်သာ

လုပ်ဆောင်နေရပြီး စီးပွားဖြစ်လုပ်ဆောင်နိုင်ခြင်းမျိုးမရှိတဲ့စနစ်ဖြစ်တဲ့အပြင် သစ်တောပြုန်းတီးမှုမှာလည်း အရေးကြီးတဲ့ကဏ္ဍမှာ ပါဝင်တဲ့အတွက် ရွှေ့ပြောင်းတောင်ယာလျှော့ချပပျောက်ရေးနှင့် ဒီတောင်သူတွေ၊ ရွှေ့ပြောင်းတောင်ယာလုပ်တဲ့သူတွေရဲ့ ပင်ပန်းဆင်းရဲခြင်းများစွာနဲ့ အချိန်ပိုကုန်ပြီး ဆင်းရဲတဲ့ဘဝကနေ ရုန်းမထွက်နိုင်တဲ့စနစ်အတွက် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းချုပ်တဲ့ဥပဒေ ပြဋ္ဌာန်းဖို့ လိုလာပါတယ်။ ရွှေ့ပြောင်းတောင်ယာစိုက်သူများကို အတင်းဖိနှိပ်မှုမပြုဘဲ ၎င်းတို့မိသားစု နေထိုင်စရာမြေ၊ စိုက်ပျိုးစရာမြေများရရှိရန်၊ အလုပ်အကိုင်များရရှိရန် အစိုးရက စီမံကိန်းချပေးရမှာ ဖြစ်ပါတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် ကမ္ဘာမှာ နိုင်ငံနဲ့တစ်ဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးတက်ဖို့ ကျွန်မတို့ ကိုရီးယားနိုင်ငံကိုလည်း အတုယူရမှာဖြစ်ပါတယ်။ သူက ကမ္ဘာက အသိအမှတ် ပြုပါတယ်။ ဒီထိန်းသိမ်းစောင့်ရှောက်ရာမှာ အတုယူစရာဖြစ်ပါတယ်လို့ ပါပါတယ်။ ဒါကြောင့်မို့လို့ အဲဒီကိုရီးယားနိုင်ငံမှာ သမ္မတပတ်ချုံဟီးလက်ထက်မှာ ဒီရွှေ့ပြောင်းတောင်ယာစနစ်ကို (၉)နှစ် စီမံကိန်းချပြီးတော့မှ အောင်မြင်တဲ့အတွက် ယခုဆိုရင် ရွှေ့ပြောင်းတောင်ယာဆိုတာ မြင်ချင်ရင် တောင်မှ အပြင်မှာမပြင်ရဘဲ TV မှာသာ မြင်ရတာ တွေ့ရပါတယ်။

သူတို့ရဲ့ခိုင်မာတဲ့စီမံကိန်း၊ ဥပဒေ၊ မှန်ကန်တဲ့ဦးဆောင်မှုနဲ့ သစ်တောဝန်ထမ်းများရဲ့ ကျွမ်းကျင်မှု၊ ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု၊ အောင်မြင်မှုကို မြန်မာနိုင်ငံက အတုယူရမှာဖြစ်ပါတယ်။ ဒါမှ ဒေသအလိုက် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ပြီး Green Land စီမံကိန်းအသီးသီးအတွက် အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ရေဝေရေလဲသစ်တောဒေသဟာ သစ်တော၊ ရေ၊ သယံဇာတနှင့် အတူ ဆက်နွယ်နေပြီး မြစ်ချောင်းများရဲ့ အသက်သွေးကြောလည်း ဖြစ်ပါတယ်။ ရေဝေရေလဲသစ်တော များပြုန်းတီးခြင်းကုစားနိုင်ဖို့ Green Land စီမံကိန်းမှာ ရေဝေရေလဲစိုက်ပျိုးခင်းများ စိုက်ပျိုးခြင်း ကဏ္ဍများလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ မြို့ပြမြေယာများတိုးချဲ့လာခြင်းနဲ့ လူဦးရေတိုးပွား လာခြင်းကလည်း သစ်တောများကို စိုက်ခင်းအဖြစ် ခုတ်ထွင်ပြောင်းလဲစေခြင်း၊ ပိုးသတ်ဆေးသုံးစွဲ စေခြင်း၊ တိုးတက်လာခြင်းကြောင့် ရေထုနဲ့ မြေထုအရည်အသွေးပျက်စီးမှုကို စီမံကိန်းဆွဲရာမှာ ထည့်သွင်းစဉ်းစားဖို့လိုကြောင်း အကြံပြုပါတယ်။ နောင်အနာဂတ်မျိုးဆက်များအတွက် သဘာဝ အရင်းအမြစ်များ လုံလုံလောက်လောက်ချန်ထားနိုင်ဖို့ ဒီ Green Land စီမံကိန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရန် ထောက်ခံဆွေးလိုက်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ဖြစ်ပါတယ်။ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်ခင် တင်သွင်းတဲ့ Green Land များ အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းအဆိုကို ခြုံငုံလေ့လာကြည့်တော့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင် အစရှိတဲ့ဒေသများနှင့် အခြားသောဒေသများဆိုပြီး နေရာဒေသအလိုက် နှစ်မျိုးပိုင်းခြားထားတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုမှာပါရှိတဲ့ အခြားဒေသများတွင် လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန်ဆိုတဲ့အပိုင်းကို ဖောင်းပေးဆွေးနွေး အကြံ ပြုသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုမှာ မြန်မာပြည်ရဲ့သစ်တောတွေ ဆိုးဆိုးရွားရွားပြုန်းတီးသွား တာကိုလည်း အလေးပေးဖော်ပြထားပြီး ကျွန်တော်တို့နိုင်ငံရဲ့တောပြုန်းတီးမှုဟာ ကမ္ဘာမှာ တတိယ၊ အရှေ့တောင်အာရှမှာအများဆုံးလို့ ဆိုထားပါတယ်။ တကယ်လည်းမှန်ပါတယ်။ သာဓကအနေနဲ့ ကျွန်တော်တို့မြို့နယ်ထဲက အလွန်လှပတင့်တယ်တဲ့ ကမ္ဘာကျော် ရင်းခဲကြိုးဝိုင်းကြီးကို ပြရမှာပဲဖြစ်ပါ တယ်။ ဒီကြိုးဝိုင်းသစ်တောကြီးကို ၁၉၁၉ ခုနှစ်လောက်မှာ စတင်သတ်မှတ်ဖွဲ့စည်းခဲ့တာပါ။ တစ်မိုင် ပတ်လည်ရှိတဲ့ အကွက်ပေါင်း ၁၁၂ ကွက်၊ အကျယ်အဝန်းဧရိယာ ၆၇၁၂၇ ဧကရှိပါတယ်။ အင်္ဂလိပ် ခေတ်တုန်းက ဘုရင်ခံအနားယူအမဲလိုက်တဲ့ တောကြီးဖြစ်ပြီး သစ်တောဝန်ထမ်းတွေကလည်း ဒီတော ကိုဝီရိယကြီးစွာနဲ့ ဂရုတစိုက်စောင့်ရှောက်လာကြတာ နှစ်ပေါင်းမြောက်မြားစွာပါပဲ။ ဒီလိုနဲ့ ခေတ်တွေ၊ စနစ်တွေတစ်ခုပြီးတစ်ခုပြောင်းလာလိုက်တာ လမ်းစဉ်ပါတီခေတ်၊ ပြည်သူ့ကောင်စီခေတ် တတိယ သက်တမ်းလောက်ကစလို့ ပုဂ္ဂလိကတရားမဝင်သစ်စက်တွေ ဒီကြိုးဝိုင်းထဲမှာ ဥပဒေမဲ့ပေါ်ပေါက်လာ တာကို သက်ဆိုင်ရာတွေကလည်း အကြောင်းကြောင်းကြောင့် ထိထိရောက်ရောက်အရေးမယူခဲ့လေ တော့ အတင့်ရဲသည်ထက်ရဲလာကြပြီး ဖြည်းဖြည်းချင်းကနေ မြန်မြန်ဆန်ဆန်ကြီး တရားဝင်တစ်မျိုး၊ ခိုးခုတ်၊ ခိုးလှဲ၊ ခိုးခွဲတစ်မျိုးနဲ့ ယခုဆိုရင် သစ်ပင်ဆိုတာ ဟုတ်တိပတ်တိ မကျန်တော့ဘူးလို့ ပြောရမှာ။ ဒါ အထင်ရှားဆုံး သက်သေသာဓကပါပဲ။

ဒီကြိုးဝိုင်းကြီးထဲမှာပဲ ပျဉ်းကတိုးစိုက်ခင်းတစ်ခုလည်း တည်ထောင်ထားပါသေးတယ်။ ၂၀၀၅ ခုနှစ်ကနှစ်ကစပြီး ၂၀၁၂ အထိ စိုက်လာလိုက်တာ စာရင်းအရ ဧက ၂၀၉၀ ရှိပါတယ်။ အဲဒီမူလ ၂၀၉၀ ဟာ အခုဆိုရင် ၁၀၉၀ လောက်ပဲကျန်ပါတော့တယ်။ သို့သော် မျက်မြင်အရတော့ ဒီထက်မက

ပျက်စီးနေပြီလို့ ထင်ပါတယ်။ ဝန်ထမ်းတွေရဲ့ စာရင်းအရ ၅၀ ရာခိုင်နှုန်းပဲ အောင်မြင်တယ်လို့ တွက်ချက်ပေမဲ့ ကိုယ်တွေ့မျက်မြင်မှာ တော့ ဒီ့ထက်နည်းပါတယ်။ စိုက်ခင်းဆိုတာမျိုးက ပြည်သူ့ငွေနဲ့ ငွေလုံးငွေရင်းသုံးရတာပါ။ ၂၀၀၅-၂၀၀၆ ကနေ ၂၀၁၂-၂၀၁၃ အထိ ကျပ်သိန်း ၂၂၀၀ ပတ်လည် သုံးပြီးပါပြီ။ ၂၀၁၃-၂၀၁၄ ကနေ ယနေ့အထိ စာရင်းမှာမပါသေး ပါဘူး။ အဲဒီတွေပါထည့်တွက်ရင် ကျပ်သိန်း ၃၀၀၀ အထက်မှာပဲရှိမှာပါ။ ဒီလို စီမံကိန်းရည်မှန်းချက် တိုင်းမဖြစ်လာတော့ ပြည်သူတွေရဲ့ ငွေတစ်စိတ်တစ်ပိုင်း ဆုံးရှုံးတာပါပဲ။ ဒါဖြစ်ရင် ဘာကြောင့်ဒီလို ဖြစ်ကုန်တာလဲ။ ဒီမေးခွန်းရဲ့အဖြေက အဆိုရင်ရဲ့အဆိုမှာပဲ ပါပြီးသားပါ။ (၁) သစ်တောဆိုင်ရာ စီမံခန့်ခွဲမှုအလွဲများကြောင့်၊ (၂) အဂတိ လိုက်စားမှုများနှင့် (၃) သစ်တောအမြဲပြုနေထိုင်သည့် လူဦးရေတိုးပွားလာမှုကြောင့်လို့ ကောက်ချက် ချထားပါတယ်။ ဟုတ်ပါတယ်။ ဒီသုံးချက်စလုံးက အခုဖြစ်ပေါ်နေတဲ့ ပြဿနာတွေဖြစ်ပြီးတော့မှ အဲဒီအထဲက ပြဿနာတွေအကြောင်းပါပဲ။ အဲဒီအထဲကမှ နံပါတ်(၃) သစ်တောအမြဲပြုနေထိုင်သည့် လူဦးရေတိုးပွားလာမှုကြောင့်ဆိုတာကို ကျွန်တော် အကျဉ်းချုပ်ဆွေးနွေးတင်ပြပါ့မယ်။ သစ်တော အမြဲ ပြုနေထိုင်တဲ့ လူဦးရေတိုးပွားမှုဆိုတဲ့ ကိစ္စကတော့ ယနေ့ သစ်တောဧရိယာ၊ ကြိုးဝိုင်းဧရိယာ၊ စိုက်ခင်း ဧရိယာတွေမှာ အဖြစ်အများဆုံးပါပဲ။ ကျွန်တော်တို့မြို့နယ်မှာ ကျေးလက်လူဦးရေဟာ အနှစ် ၂၀၊ ၂၅ လောက်အတွင်းမှာ ထုတ်လုပ်မှုအားကောင်းကောင်းနဲ့ ပွားများလာပါတယ်။ မြို့နယ်ရဲ့ပထဝီ အနေအထားအရ စိုက်ပျိုးမြေ၊ မြေလွတ်၊ မြေလပ်လုံလုံလောက်လောက်မရှိပါဘူး။ ဒီလူတွေဟာ အခြားအသက်မွေးဝမ်းကျောင်းမှာလည်း မကျွမ်းကျင်တော့ မြေကြီးနဲ့ပဲ လုပ်ကိုင်စားသောက် ဝမ်းကျောင်းကြသူတွေဖြစ်ပါတယ်။ လွတ်မြေ၊ လပ်မြေမတွေ့လို့ ဒီအတိုင်းထိုင်နေမယ်ဆိုလည်း စားဝတ်နေရေးကရှိတော့ ချောင်တဲ့အပေါက်ကို ရှာရင်း၊ တိုးရင်းနဲ့ ကြိုးဝိုင်းမြေ၊ စိုက်ခင်းမြေတွေထဲ ရောက်ကုန်ကြတာပါပဲ။ သူတို့တစ်တွေဟာ သစ်တောဥပဒေ၊ စိုက်ခင်းဥပဒေတွေကို မသိနားမလည် နိုင်ကြပါဘူး။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဒီအပင်ဒီတောတွေကို ဘယ်သူက စခုတ်လို့ခုတ်မှန်း လည်း အစရှာမရ တစ်လက်ကနေနှစ်လက်၊ နှစ်လက်ကနေသုံးလက်ပြောင်းပြီး ဒီလိုနဲ့ နှစ်အတော် ကြာမှာ ဘာမှမဖြစ်ခဲ့တော့ ဒါသည် အပြစ်မရှိလို့ပဲ သူတို့ရိုးရိုးသားသား သိမှတ်ထားကြတာပါ။ ဒီလိုနဲ့ နှစ်ပေါင်းမြောက်များစွာ လွှတ်ထားခဲ့ပြီးမှ သက်ဆိုင်ရာက အခုလို သစ်တောကြိုးဝိုင်းတွေ၊ စိုက်ခင်းတွေ နဲ့ပတ်သက်ပြီး စနစ်တကျဖြစ်အောင် စီမံလုပ်ဆောင်လိုက်တော့ ရောဂါရင့်မှ ဆေးခါးကြီး ဖွတ်တိုက်ရ သလိုဖြစ်ပြီး အန်ရအခက်၊ ထွေးရအခက်နဲ့ ဘုမသိဘမသိ ကျေးလက်ဒေသခံတွေ ရုံးရောက်၊

ဂတ်ရောက် သစ်တောဥပဒေ ပုဒ်မ ၄၃ တို့၊ ပြည်သူပိုင် ၆၁ တို့နဲ့ တရားစွဲခံကြရ ထောင်ကြရဖြစ်ကုန် တော့တာပဲ။ ဒါတွေဟာ မြေပြင်မှာ အမှန်တကယ်ဖြစ်ပျက် ရှုပ်ထွေးနေတာတွေပါ။ တကယ်တမ်း ဆန်းစစ်လိုက်ရင် ဒီစိုက်ခင်းတွေ စလုပ်ကတည်းက ဟိုရှေးခေတ်ရေလဲသစ်တောကြီးကို ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသလို ကြပ်ကြပ်မတ်မတ် နိုင်နိုင်နင်းနင်းလုပ်ခဲ့ရင် အခုလိုပြဿနာမျိုးပေါ်မှာ မဟုတ်ပါဘူး။ သစ်တောတွေ အခုလို မယုံနိုင်လောက်အောင် ပြုန်းတီးသွားတော့ တစ်ဖက်မှာလည်း သစ်တောတွေ အမြန်ပြန်စိုက်ဖို့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုက်တွန်း သလို နှစ်အလိုက်စီမံကိန်းတွေ တိုးချဲ့လုပ်ကိုင်သွားဖို့ကလည်း မလုပ်မဖြစ်လုပ်ရမှာပါ။ ဒါကြောင့် ကျွန်တော် တင်ပြလိုတာကတော့ သစ်တောတွေ နှစ်အလိုက် စနစ်တကျစီမံကိန်းတွေနဲ့ တိုးချဲ့ထူထောင် မယ်ဆိုရင်လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ဒေသခံများကိုရော မြေပြင်မှာ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေကိုပါ သဟဇာတဖြစ်အောင် ထောင့်စေ့စေ့စဉ်းစား သုံးသပ်ပြီး ကာလံဒေသံနှင့်ကိုက်ညီတဲ့ မူဝါဒများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးပါလျှင် ပိုသင့်တော်မယ်လို့ ယူဆမိပါကြောင်း တင်ပြရင်း ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာအောင်ခင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါ့မယ်။ အစည်းအဝေးကို နေ့လယ် ၁ နာရီမှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးဖြစ်ပါတယ်။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် တင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုမှာ FAO ရဲ့ သစ်တောသယံဇာတအခြေအနေဆန်းစစ်ချက် FRA ၂၀၁၅ ခုနှစ်စာရင်းအရ နိုင်ငံဧရိယာ၏ ၄၂.၉၂ ရာခိုင်နှုန်းရှိပြီး ရွက်အုပ်ပိတ်တော (Closed Forest) ၂၀.၅၆ ရာခိုင်နှုန်းနှင့် ရွက်အုပ်ဖွင့်တော (Open Forest) ၂၀.၃၆ ရာခိုင်နှုန်းရှိခြင်း နှစ်စဉ်ပျမ်းမျှသစ်တောပြုန်းတီးမှုသည် နိုင်ငံဧရိယာ၏ ၁.၇ ရာခိုင်နှုန်း သို့မဟုတ် ၁၃၄၈၆၂၀ ဧကရှိနေခြင်း တောနိမ့်၊ တောပျက်များအနေဖြင့် ၃၇၂၅၀၀၀၀ ဧကရှိပြီး နိုင်ငံ့ဧက၏ ၂၂.၂၉ ရာခိုင်နှုန်းရှိနေခြင်းတို့ တွေ့ရှိရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကြောင့် သစ်တောသယံဇာတများ လျော့နည်းကျဆင်းလာရာ ၂၀၁၅ ခုနှစ် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေအနက် သစ်တောပြုန်းတီးမှု တတိယအများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ သစ်တောစိုက်ခင်းထူထောင်ခြင်းအပါအဝင် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေး၊ နိုင်ငံတကာကတိကဝတ်များအား ဖြည့်ဆည်းနိုင်ခြင်းတို့ ရရှိနိုင်ရန် ဒီအထက်ပါအဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အပိုင်းလေးပိုင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမအပိုင်းအနေနဲ့ ပြည်ထောင်စုအစိုးရကိုတိုက်တွန်းခြင်းအားဖြင့် (က) သစ်တောများ ပျက်စီးပြုန်းတီးသွားသောနေရာများနှင့် သစ်တောအတန်းအစားကျဆင်းသွားတဲ့နေရာတွေမှာ သင့်တော်တဲ့ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းစနစ်များ ဆောင်ရွက်ပေးခြင်းဖြင့် မူလတည်ရှိနေခဲ့တဲ့ သဘာဝသစ်တောများကို ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝတဲ့ ဂေဟစနစ်ပြန်လည်ရရှိစေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရန်၊ (ခ) နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် ရေရှည်တည်တံ့တဲ့ သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူပြုစေရန်တို့အတွက် မျှော်မှန်းပါတယ်။

ဒုတိယရလဒ်ပိုင်းအနေနဲ့ကတော့ Green Land စီမံကိန်းကို စနစ်တကျအကောင်အထည်ဖော်ခြင်းအားဖြင့် (၁) သစ်တောစိုက်ခင်းမူဝါဒချမှတ်ပြဋ္ဌာန်းနိုင်ခြင်း၊ (၂) သစ်တောနယ်မြေများ

အတွင်းရှိ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းဖြစ်ပေါ်နေတဲ့နေရာများအား ဖော်ထုတ်ပြီးတော့ ပျက်စီးမှုအဆင့်အပေါ်မူတည်ပြီးတော့ သင့်တော်တဲ့သစ်တော စိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ (၃) သစ်တောစီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများပေါ်ထွက်လာစေရေးဆောင်ရွက်နိုင်ခြင်း၊ (၄) သစ်တောဦးစီးဌာနအပါအဝင် အကျိုးဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကို လျော့ကျစေခြင်းနှင့် လက်ရှိသစ်တောဖုံးလွှမ်းမှုအခြေအနေကို ထိန်းသိမ်းနိုင်ခြင်း၊ (၅) တရားမဝင်သစ်ခိုးယူမှုပပျောက်ရန် ဆက်စပ်တဲ့ဌာနများအားလုံးနဲ့ ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်တိုက်ဖျက်ဆောင်ရွက်ပေးနိုင်ခြင်း၊ (၆) ကျေးလက်ပြည်သူတို့ရဲ့ သစ်တောထွက်ပစ္စည်းအခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ (၇) လူတို့ရဲ့ပယောဂကြောင့် ဓာတုပစ္စည်းအဆိပ်သင့်တဲ့မြေနေရာတွေ၊ ရွှေ၊ ဓာတ်သတ္တုတူးဖော်ခြင်းမှ စွန့်ပစ်မြေနေရာများမှာ အပင်များစိုက်ပျိုးခြင်းအားဖြင့် မူလအခြေအနေသို့ တဖြည်းဖြည်းပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခြင်း၊ (၈) သစ်တောများကြောင့် သစ်စေ့များကို သင့်တော်သောနည်းစနစ်ဖြင့် စနစ်တကျစုဆောင်းအသုံးပြုနိုင်ခြင်း၊ (၉) ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ (၁၀) ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းမှ လျော့ပါးသက်သာစေရန် အထောက်အကူပြုနိုင်ခြင်းစတဲ့ ကောင်းမြတ်တဲ့ရလဒ်တွေရှိပါတယ်။

တတိယအပိုင်းအနေနဲ့က ကြီးကြပ်မှုပေါ့လေ။ Green Land စီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ မျှော်မှန်းရလဒ်တွေကို သတ်မှတ်တဲ့အချိန်မှာ ဆောင်ရွက်မှုရှိ/မရှိ စိစစ်ရန် စီမံကိန်းကာလအတွင်း ကြီးကြပ်စိစစ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီးတော့ ကြီးကြပ်စစ်ဆေးခြင်းနှင့် စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း (က) စီမံကိန်းကာလအလယ်မှာ အကဲဖြတ်မယ်။ (ခ) စီမံကိန်းကာလအဆုံးမှာ အကဲဖြတ်မယ်။ (ဂ) စီမံကိန်းဆုံးပြီးတော့မှ အကဲဖြတ်ခြင်းတို့ ဆောင်ရွက်ပါမယ်။

စတုတ္ထအနေနဲ့ အကြံပြုလိုတာကတော့ အခြားဒေသတွေမှာ နှစ်အလိုက်စီမံကိန်းများတိုးချဲ့ဆောင်ရွက်ရန်ဖော်ပြထားပါတယ်။ ယခုနှစ် နွေကာလမှာ တစ်ခါတစ်ရံ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်ရှိနေတဲ့ ကျွန်တော်တို့ ချောက်၊ ရေနံချောင်း စတဲ့ အပူပိုင်းဒေသတွေကိုလည်း ဦးစားပေးဆောင်ရွက်ပေးစေလိုပါတယ်။ စီမံကိန်းဆောင်ရွက်ရာမှာ အထူးဂရုစိုက်ရမှာကတော့ ပြည်သူ့ဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုရေး၊ သစ်ပင်စိုက်သူကတစ်ဖွဲ့၊ သစ်ပင်ခုတ်သူကတစ်ဖွဲ့မဖြစ်စေရေး ပြည်သူများစိတ်ဝင်စားမှုရှိလာပြီး ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။

အချို့နိုင်ငံတွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံ့ဧကရဲ့ မည်မျှရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းဒေသ ဖြစ်ရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းကြတယ်လို့ သိရှိရပါတယ်။ ဥပမာ - ဘူတန်နိုင်ငံမှာ သစ်တောဖုံးလွှမ်းမှု က ၆၀ ရာခိုင်နှုန်းသတ်မှတ်ထားသော်လည်း ပြည်သူနဲ့ အစိုးရပူးပေါင်းဆောင်ရွက်မှုကြောင့် အခုဆိုရင် ၆၀ ရာခိုင်နှုန်းကျော်နေပြီဆိုတာ သိရပါတယ်။ သို့ပါ၍ ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ် တင်သွင်းတဲ့ တောတောင်ထူထပ်တဲ့ဒေသတွေမှာ သစ်တောပြုန်းတီးမှုအတွက် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များမှာ မြန်မာနိုင်ငံမှာ ပြင်းထန်တဲ့ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ ပြင်ဦးလွင်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စတဲ့ မြို့များတွင် Green Land စီမံကိန်းတွေကို စနစ်တကျအကောင်အထည် ဖော်ရန်နှင့် အခြားဒေသများတွင် နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြင်ဦးလွင်မဲဆန္ဒနယ်က ဒေါက်တာအောင်ခင် ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ အပိုင်းသုံးပိုင်း ကို တွေ့ရှိရပါတယ်။ သစ်တောပြုန်းတီးမှုအပိုင်းနှင့် သဘာဝဘေးအန္တရာယ်အပိုင်း၊ ပြုစုပျိုးထောင်မှု အပိုင်းနှင့် တာဝန်ရှိဌာနဆိုင်ရာများရဲ့အပိုင်းဆိုပြီးမှ တွေ့ရပါတယ်။ သဘာဝဘေးအန္တရာယ်များ ဆိုင်ရာအပိုင်းကိုတော့ နှစ်စဉ်ကြုံတွေ့နေကြဖြစ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးဖို့ မလိုအပ်တော့ဘူး လို့ ထင်ပါတယ်။ သစ်တောပြုန်းတီးမှုအပိုင်းမှာလည်းပဲ အမျိုးမျိုးရှိတဲ့အထဲက အဆိုရှင်တင်ပြသွားတဲ့ ဒေသလိုအပ်ချက်တွေဖြစ်တဲ့ ထင်း၊ မီးသွေး၊ ထုံးဖိုလုပ်ငန်းတွေနဲ့ ရွှေ့ပြောင်းတောင်ယာကိစ္စတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဘာကြောင့်မို့လို့ ဒီလုပ်ငန်းတွေကို လုပ်ကိုင်နေကြရတာလဲ ဆိုတာကို ဆန်းစစ်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စတွေကို လေ့လာကြည့်တဲ့အခါမှာ အခြေခံကျတဲ့ ကျေးလက်နေပြည်သူ တွေရဲ့ စားဝတ်နေရေးမပြေလည်မှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့အခြေခံဝန်ဆောင်မှု စရိတ်တွေအတွက် မရ ရရာရှာဖွေလုပ်ကိုင်နေကြရတယ်ဆိုတာ တွေ့နေရပါတယ်။ နိုင်ငံနှင့်အဝန်း မြင်တွေ့နေရတဲ့ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မှုဟာလည်း မိမိတို့ဝမ်းစာလုံလောက်ဖို့နဲ့ မိသားစုဘဝ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကိုပပျောက်ဖို့ဆိုတာ အသာထားဦး လျှော့ချနိုင်ဖို့ကို အရင်ဦးဆုံးစဉ်းစားရပါလိမ့်မယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမြဲတမ်း

လယ်ယာတွေဖော်ထုတ်ပေးပြီး မျိုးစေ့ကအစ လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ပံ့ပိုးပေးဖို့ လိုလာလိမ့်မယ်။ အဲဒီလို ဒေသလိုအပ်ချက်တွေကို ပံ့ပိုးနိုင်မှုမလုပ်နိုင်သေးဘူးဆိုရင်တော့ တောင်ယာမခုတ်ပါနဲ့၊ ထင်း၊ မီးသွေးမလုပ်ပါနဲ့လို့ တားလို့ရမှာမဟုတ်ပါဘူး။ ဒါ့အပြင် တင်ပြလိုတာတစ်ခုက ပြည်သူတွေအနေနဲ့ ပြည်သူတွေရဲ့ဘဝလိုအပ်ချက်တွေကို ကူညီပံ့ပိုးပေးတာနှင့်အမျှ တိုင်းပြည်ရဲ့ဘဏ္ဍာဖြစ်တဲ့ သစ်တောသယံဇာတတွေကို ထိန်းသိမ်းပြီးသား၊ ပြုစုပျိုးထောင်ပြီးသား၊ ကာကွယ်ရာရောက်ပြီးသား ဖြစ်တယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။ တောင်ယာတစ်ကွက်ခုတ်လိုက်တယ်ဆိုတာနဲ့ ကျွန်းနဲ့ အဖိုးတန်သစ်တွေ အများကြီးဆုံးရှုံးရတာပဲဖြစ်ပါတယ်။ ဒါတွေဟာ နိုင်ငံရဲ့ဘဏ္ဍာတွေပဲဖြစ်ပါတယ်။ ရလာတဲ့အကျိုးအမြတ် သီးနှံကြတော့ သစ်တစ်ပင်ရဲ့တန်ဖိုးတောင်မှ မရရှာပါဘူး။ မိုးလေဝသ အမှန်တကယ်ကောင်းမှ ဝမ်းစာစပါးအနည်းငယ်လောက်သာရတာဖြစ်ပါတယ်။ ဒါဟာ ဆုံးရှုံးမှုနဲ့ အကျိုးခံစားမှု ဘယ်လိုမှကိုမနှိုင်းယှဉ်အပ်တဲ့အဆင့်ပဲဖြစ်ပါတယ်။ ဒါဟာ လုပ်သင့်တဲ့ကိစ္စလည်း လုံးဝမဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ချွန်းဖိုးမပေးနိုင်လို့ ဆင်တစ်ကောင်လုံးဆုံးရှုံးရတဲ့အဖြစ် သဘောမျိုးကြုံနေရပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်း(Flora Culture)၊ သစ်တောကာကွယ်ခြင်း(Protection) အပိုင်းမှာ အတော်အားနည်းတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ၁၉၉၀ ခုနှစ်အထိ အကောင်းဆုံးထိန်းသိမ်းနိုင်ခဲ့တာကိုတွေ့ရပြီး အဲဒီနောက်မှာတော့ စီမံအုပ်ချုပ်မှုတွေ ပျက်ပြားသွားတာ တွေ့ရပြီး လွဲမှားတဲ့အသုံးချမှု(Miss Utilization) ကိုသာ တွေ့နေရပါတယ်။ ပြီးခဲ့တဲ့ အစိုးရအဆက်ဆက်မှာ စီမံချက်အမျိုးမျိုးချပြီး ပြုစုပျိုးထောင်မှုအပိုင်းကို ကြိုးစားခဲ့ကြပါသေးတယ်။ သို့သော်လည်း အရာမထင်ခဲ့ပါဘူး။ ဥပမာတင်ပြရမယ်ဆိုလို့ရှိရင် မကွေးတိုင်းဒေသကြီးမှာ လေးခရိုင် အပါအဝင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးထဲက အသင့်တော်ဆုံးနေရာတွေကို ရွေးချယ်ပြီး ကိုးခရိုင်ဒေသစိမ်းလန်းစိုပြည်ရေးဆိုပြီးတော့မှ ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းမှာ ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်ခဲ့ရာက ယခုအချိန်မှာ ၁၇ ခရိုင်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း နိုင်ငံတော်မှ ပံ့ပိုးမှုအားနည်းခြင်း၊ ဝန်ထမ်းအင်အားမပြည့်စုံခြင်းတွေကြောင့် မျှော်မှန်းသလောက်မအောင်မြင်ခဲ့တာကို တွေ့နေရပါတယ်။ အဲဒီနေရာမှာ နှစ်စဉ်စီမံကိန်းတွေအထပ်ထပ်ချ စိုက်ပျိုးဧကစာရင်းတွေသာဖောင်းပွနေပြီးတော့မှ ငွေကုန်သလောက် မအောင်မြင်ဘဲ ဖွတ်မရ ဓားမဆုံး ဖြစ်နေတာကို တွေ့ရပါတယ်။ အချို့သစ်တောအရာရှိတွေက ပြောကြပါတယ်။ နှစ်စဉ်ချတဲ့စီမံကိန်းဧကတွေကို ပေါင်းကြည့်မယ်ဆိုလို့ရှိရင် လက်ရှိမြို့နယ်

ရဲ့ဧကထက်ကျော်နေလောက်ပြီလို့ အဲဒီလိုပြောနေကြတာ အသံတွေကြားရပါတယ်။ ဒါတွေကို နားထောင်ကြည့်မယ်ဆိုရင် ဘယ်လောက်အထိ စာရင်းဇယားတွေဖောင်းပွနေတယ်ဆိုတာ သိသာလှပါ တယ်။ ယခုလက်ရှိအနေနဲ့ အကောင်အထည်ဖော်နေတဲ့ တစ်အိမ်ထောင် ကျွန်းသုံးပင်နဲ့ သစ်မာအပင် ၂၀ နှုန်းစီမံချက်ဟာလည်းပဲ ဘယ်နားမှာ ဧကဖော်ရမှန်းမသိ On Paper သာဖြစ်နေတယ်လို့ အသံတွေကြားနေရပါတယ်။ ဒီနေရာမှာ အကြံပြုလိုတာတစ်ခုကတော့ စိုက်ပျိုးတော့မယ်ဆိုလို့ရှိရင် စိုက်ပျိုးရမယ့်သစ်ပင်ကို အစိုးရအနေနဲ့သတ်မှတ်မပေးဘဲ ပြည်သူတွေစိုက်ပျိုးချင်တဲ့ သစ်မျိုးတွေကို စစ်တမ်းကောက်ယူပြီး ဖြည့်ဆည်းပေးမယ်ဆိုပါက သင့်တော်ပါတယ်ဆိုတဲ့အကြောင်း တင်ပြလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ဆွေးနွေးလိုတာကတော့ ဌာနဆိုင်ရာဝန်ထမ်းအပိုင်းပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် အဲဒီစီမံချက်တွေကို အကောင်အထည်ဖော်ရတဲ့ဝန်ထမ်းတွေရဲ့ လိုအပ်ချက်၊ ဝန်ထမ်းအင်အား၊ စိတ်စေတနာနှင့် လုပ်ငန်းအပေါ်မှာ နားလည်ကျွမ်းကျင်မှုဟာ အင်မတန်အရေးကြီးလို့ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းအင်အားကိုကြည့်မယ်ဆိုလို့ရှိရင် (က) မြို့နယ်အဆင့်မှာ ဦးစီးအရာရှိတစ်ဦး၊ တောအုပ်ကြီးလေးဦး၊ တောအုပ် ၁၀ ဦးနှင့် တောခေါင်း ၂၁ ဦး၊ ရုံးပိုင်းဆိုင်ရာဝန်ထမ်းအပါအဝင် စုစုပေါင်း ၄၆ ဦးနှင့် (ခ) မြို့နယ်အဆင့်မှာ ၂၂ ဦးပဲရှိပါတယ်။ အဲဒီဝန်ထမ်းဦးရေဟာ အင်မတန်မှ ကျယ်ဝန်းများပြားတဲ့ ကြိုးဝိုင်းတောတွေ၊ ကြိုးပြင်ကာကွယ်တော တွေကို နိုင်နင်းအောင်ထိန်းသိမ်းနိုင်ဖို့ဆိုတာ မလွယ်သလို အခြားလုပ်ငန်းတွေဖြစ်သော သစ်တော စိုက်ခင်းလုပ်ငန်းတွေ၊ ဒေသဖြန့်ဖြူးရေးပျိုးဥယျာဉ်လုပ်ငန်းတွေ စတဲ့ လုပ်ငန်းတွေကို နိုင်နင်းအောင် ဆောင်ရွက်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့်မို့လို့ ဝန်ထမ်းတိုးချဲ့ခန့်ထားပေးဖို့ အကြံပြုတင်ပြလို ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ Green Land စီမံကိန်းဆောင်ရွက်မယ်ဆိုရင် နိုင်ငံ အဝန်းသစ်တောဆုံးရှုံးမှုကို တိုးမြှင့်ဆောင်ရွက်မယ်ဆိုရင် ပထမဦးဆုံးအနေနဲ့ သစ်တောသယံဇာတ စာရင်းကောက်ယူမှုလုပ်ငန်းတွေကို ပထမဦးဆုံးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါမှသာ လက်ရှိ သစ်တောတွေရဲ့အခြေအနေ၊ ယခင်က ဆောင်ရွက်ခဲ့တဲ့ သစ်တောစိုက်ခင်းတွေရဲ့ အောင်မြင်မှု၊ မအောင်မြင်မှုတွေကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီလိုစာရင်းကောက်ယူပြီးတဲ့အခါမှ စီမံကိန်းမျိုးကို အကောင်အထည်ဖော်သင့်တယ်ဆိုတဲ့အကြောင်း အကြံပြုတင်ပြလိုပါတယ်။ ခေတ်အဆက်ဆက် ဝန်ထမ်းတွေ တစ်ဆက်နဲ့တစ်ဆက် အရွှေ့အပြောင်းတွေမှာ လွှဲပြောင်းလက်ခံလုပ်တဲ့အခါမှာ

စာရင်းဇယားအရှိတိုင်းလက်ခံပြီး ကွင်းဆင်းစစ်ဆေးတာမျိုးမရှိခဲ့ပါဘူး။ ဝန်ထမ်းတစ်ဆက်နဲ့တစ်ဆက် စာရင်းသာရှိပြီး မြေပြင်မှာ ဘာမှမရှိတဲ့စိုက်ခင်းတွေကို အမှားပေါ်အမှားဖုံးပြီး ယခုလက်ရှိအချိန်အထိ အဲဒီအတိုင်းပဲဖြစ်နေတာကို တွေ့ရပါတယ်။ ယခင်အစိုးရလက်ထက်မှာ စိုက်ခင်းတွေကို ပြန်လည် စစ်ဆေးဖို့လုပ်တော့ လက်ရှိတာဝန်ယူနေတဲ့ဝန်ထမ်းတွေအပေါ် တာဝန်ကျမှာဖြစ်တဲ့အတွက် မစစ်ဆေးတော့ဘဲ အမှားကြီးအတိုင်း ဆက်လက်ဆောင်ရွက်နေတာ ယနေ့အထိပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့အချိန်အထိ ဖြစ်ပေါ်နေတဲ့ဟာတွေကို သုံးသပ်ပြီးတော့မှ စီမံကိန်းအကောင် အထည်ဖော်တဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်ဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံ ဆွေးနွေးမည့်အကြောင်းအရာကတော့ Green Land စီမံကိန်းအမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရေးတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအပါ အဝင် နိုင်ငံတော်တော်များများမှာ သစ်တောပြုန်းတီးလို့ ရာသီဥတုဖောက်ပြန်တာတွေ၊ အပူချိန်လွန် ကဲတာတွေ တော်တော်လေးခံစားနေရကြောင်း တွေ့မြင်ကြားသိနေရပါတယ်။ ကျွန်တော့်အနေနဲ့ လွန်ခဲ့ တဲ့ ၂၈-၂- ၂၀၁၇ ရက်နေ့မှာ ရာသီဥတုဖောက်ပြန်မှုတွေအမြန်ဆုံး ကာကွယ်နိုင်ဖို့၊ အပူဒဏ် တွေ ကာဗွန်ဓာတ်တွေ အမြန်ဆုံးလျော့နည်းကျဆင်းလာစေဖို့ ရည်ရွယ်ပြီးတော့ ကြီးမြန်တဲ့အပင်ဖြစ်တဲ့ ဝါး စိုက်ပျိုးရေးအဆိုကို တင်သွင်းခဲ့လို့ လွှတ်တော်ကအတည်ပြုပြီးဖြစ်ပါတယ်။ ဒါကလည်းပဲ Green Gold လို့ခေါ်တဲ့ အစိမ်းရောင်ရွှေဝါးနဲ့ Green Land အစိမ်းရောင်မြေတွေကို အမြန်ဆုံး ဖြစ်လာစေဖို့ ရည်ရွယ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၅ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုဧရိယာဟာ စတုရန်းမိုင် ပေါင်း ၁၆၁၂၂၈ ရှိပြီးတော့ ထူထပ်တဲ့သစ်တောက ၄၃.၄၁ ရာခိုင်နှုန်း၊ ရွက်အုပ်ပွင့်သစ်တောက ၇.၅ ရာခိုင်နှုန်း၊ တောင်ယာရှိတဲ့သစ်တောက ၂၂.၈၂ ရာခိုင်နှုန်း၊ မြေပြင်ဧရိယာရှိတဲ့ သစ်တောက ၁.၉၇ ရာခိုင်နှုန်းနဲ့ အခြားအသုံးချသစ်တောမြေက ၂၄.၄ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ သစ်တော ဧရိယာကို ဧကအနေနဲ့ တင်ပြရမည်ဆိုရင် ဧကသန်းပေါင်း ၁၀၀၁၆၇.၁၈၆ ဟက်တာအနက် ဟက်တာအနေနဲ့ကတော့ ဟက်တာသန်းပေါင်း ၆၇.၆၈၇ ရှိတာတွေ့ရပါတယ်။ ၂၀၀၂ ခုနှစ် လေ့လာ

ဆန်းစစ်ချက်အရ သစ်တောဧရိယာဟက်တာသန်းပေါင်း ၈.၆၂၉ ကျန်ရှိပြီးတော့ ၂၀၁၃ ခုနှစ်မှာ ဟက်တာသန်းပေါင်း ၁၆.၃၄၉ သန်းကျန်ရှိကြောင်းသိရတဲ့အတွက် ၁၉၈၉ ခုနှစ်ကနေ ၂၀၁၃ ခုနှစ် အထိကာလအတွင်းမှာ သစ်တောဧရိယာ ဟက်တာသန်းပေါင်း ၅၁.၃၃၈ ပျောက်ဆုံးသွားလို့ ရာခိုင်နှုန်းအားဖြင့် ၇၆ ရာခိုင်နှုန်းလောက်ရှိကြောင်း သိရပါတယ်။ FAO ရဲ့ဆန်းစစ်အစီရင်ခံစာအရ ၁၉၉၀ ခုနှစ်မှာ သစ်တောဧရိယာဟာ မြန်မာနိုင်ငံရဲ့ ၅၈ ရာခိုင်နှုန်းရှိပြီးတော့ ၂၀၀၀ ပြည့်နှစ်မှာ ၅၁.၅ ရာခိုင်နှုန်း၊ ၂၀၁၀ မှာ ၄၃ ရာခိုင်နှုန်းသာ ကျန်ရှိကြောင်း သိရပါတယ်။ နိုင်ငံရဲ့သစ်တောအခြေအနေ သုတေသနပြုချက်တွေအရ သစ်တောဧရိယာအတွင်းမှာ ရော်ဘာ၊ ဆီအုန်းနဲ့ အခြားခွင့်ပြုလို့ ဆောင်ရွက်တဲ့ဧရိယာတွေပါ/မပါတော့မသိပါဘူး။ ဒါတွေဟာလည်းပဲ သစ်တောပြုန်းတီးမှုတွေမှာ တစ်စိတ်တစ်ပိုင်းပါဝင်နေပါတယ်။ အဆိုရှင်အနေနဲ့ သစ်တောပြန်လည် စိမ်းလန်း စိုပြည်လာစေဖို့ အတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ပြင်ဦးလွင်ဒေသတွေကို အဓိကထားတင်ပြတာတွေ့ရပါ တယ်။

လွန်ခဲ့တဲ့ ၁၉၈၀ ခုနှစ်လောက်က မေမြို့ကိုရောက်ခဲ့တုန်းက ဘုရားသောက်တော် ရေတောင် အေးခဲသွားလောက်အောင် အေးတဲ့ဒေသက လက်ရှိမှာအပူဒဏ်တွေခံနေရတယ်လို့ ဒေသတစ်ခု ဖြစ်နေတာကိုလည်း ကြားရပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်ဟာလည်း ၁၉၉၃ ခုနှစ်လောက်က အထိကို သစ်တောတွေ၊ သစ်ပင်ကြီးတွေဖုံးလွှမ်းတဲ့နေရာဒေသဖြစ်ခဲ့ပေမဲ့ လက်ရှိမှာတော့ တောပြုန်း ပြီးတော့ သစ်ပင်ကြီးတွေ ရှားပါးလာတဲ့အနေအထားဖြစ်နေတာ ကြာပါပြီ။ ၂၀၁၀ ခုနှစ်လောက်က ရှမ်းပြည်နယ်၊ လင်းခေးမှာတာဝန်ကျတဲ့ အချိန်က မိုးနဲမှာ ကျွန်းသစ်လုံးတွေကို Size စုံစုပုံပြီးတော့ သယ်ဆောင်တာတွေ့ရပေမဲ့ အစားထိုးပြန်စိုက်ပျိုးတာတွေ မရှိခဲ့လို့လည်းပဲ ရာသီဥတုဖောက်ပြန်မှုနဲ့ အပူဒဏ်တွေခံနေကြရတာ ဒါတွေကလည်း ဆက်စပ်ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ သစ်တောပြုန်းတီး လာတာနှင့်အမျှ သစ်တောကိုမှီခိုအသက်ရှင်ရပ်တည်နေကြရတဲ့ ဇီဝသက်ရှိ၊ သက်မဲ့မျိုးစုံဟာလည်း ပျောက်ဆုံးလျော့နည်းလာတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ Green Land ဆိုတဲ့ စီမံချက်ဟာ မလုပ်မဖြစ်ဆောင်ရွက်သင့်တဲ့စီမံချက်ဖြစ်တယ်လို့ တင်ပြချင်ပါတယ်။ ၃-၁၂-၁၉၉၂ ရက်စွဲနှင့် ထုတ်ပြန်ခဲ့တဲ့ သစ်တောဥပဒေအခန်း(၄) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)အရလည်း ရေမြေဇီဝမျိုးစုံနဲ့ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းစဉ်ဆက်မပြတ်ထုတ်လုပ်ရေး၊ သစ်တော ဖုံးလွှမ်းတဲ့ နယ်မြေများ ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်းပြီးတော့ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းလို့ သစ်တော မြေယာစီမံခန့်ခွဲဖို့ ဖော်ပြထားတဲ့အတွက် ဒီအဆိုနှင့်လည်းကိုက်ညီတာ တွေ့ရပါတယ်။ ကျွန်တော်

တင်သွင်းခဲ့တဲ့ ဝါးစိုက်ပျိုးရေးအဆိုမှာ ပြောခဲ့ဖူးသလို ၂၀၀၂ ခုနှစ်ကနေ ၂၀၁၄ အထိ ၁၂ နှစ်ကာလအတွင်းမှာ သစ်တောပြုန်းတီးမှုအနေနဲ့ ရာခိုင်နှုန်းအားဖြင့် မွန်ပြည်နယ်က ၅၂ ရာခိုင်နှုန်းနဲ့အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီးက ၄၂ ရာခိုင်နှုန်းနဲ့ ဒုတိယအများဆုံး၊ ရှမ်းပြည်နယ်က ၁၆ ရာခိုင်နှုန်းနဲ့ တတိယအများဆုံးပျက်စီးပြီးတော့ ဧရိယာပမာဏအရ ရှမ်းပြည်နယ်က ၆၃၂၆၀၆ ဟက်တာနဲ့ ပထမအများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးက ၂၇၉၈၆၁ ဟက်တာနဲ့ ဒုတိယအများဆုံး၊ ကချင်ပြည်နယ်က ၂၀၀၉၇၄ ဟက်တာနဲ့တတိယအများဆုံး ပျက်စီးမှုဖြစ်ပေါ်ကြောင်း သုတေသနဆန်းစစ်ချက်များအရ သိရတဲ့အတွက်ကြောင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်တို့သာမကဘဲနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သုတေသနပြုလုပ်ပြီးစစ်တမ်းကောက်ယူရရှိမှုအပေါ် အခြေတည်ပြီးတော့ ဦးစားပေးအလိုက် စနစ်တကျစီမံချက်ချဆောင်ရွက်သင့်ပါကြောင်းနှင့် ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း ဇူလိုင်လထဲမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သစ်ပင်စိုက်ပွဲတော်တွေမှာကျင်းပခဲ့တဲ့ တစ်နှစ်တစ်နှစ် စိုက်ပျိုးတဲ့အပင်ပေါင်းက မြို့နယ်တစ်ခုမှာ သိန်းဂဏန်းလောက်ရှိတဲ့အတွက် ဒါတွေကိုအောင်မြင်အောင်ဆောင်ရွက်ခဲ့မယ်ဆိုရင် ဒီသစ်တောသစ်ပင်စိုက်ပျိုးရေးနဲ့ Green Land စီမံကိန်းဟာ အောင်မြင်နိုင်ကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုဖြစ်ပါတယ်။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်ရဲ့အဆိုကို အပိုင်းနှစ်ပိုင်းခွဲဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာ နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆိုတဲ့အချက်ကိုထောက်ခံပါတယ်။ ရန်ကုန်-နေပြည်တော်အဝေးပြေးလမ်းမကြီးဘေးဝဲယာတို့မှာ သစ်ပင်သစ်တောများမရှိသလောက်ရှားပါးနေတာတွေ့ရပြီး နောင်နှစ်အနည်းငယ်ကြာရင် ဒီဒေသ တွေဟာ သဲကန္တာရတွေအဆင့်ထိ ရောက်လာနိုင်ပါတယ်။ ဒါကြောင့် Green Land စီမံကိန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ ယခု မေလ ၂၃ ရက်နေ့တုန်းက ပြည်ထောင်စုလွှတ်တော်မှာ မြန်မာနိုင်ငံအနေနဲ့ အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ASEAN Forest Corporation Organization-AFCO) အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ဖို့အတွက် အာရှဒေသ သစ်တောပူးပေါင်း

ဆောင်ရွက်မှုအဖွဲ့အစည်း တည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် (AFCO Agreement)မှာ လက်မှတ်ရေးထိုးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ရယူနိုင်ရန် ဆွေးနွေးခဲ့ပြီး ဖြစ်လို့ မကြာခင်အကောင်အထည်ဖော်တော့မယ်လို့လည်း ယုံကြည်ပါတယ်။

အဆိုရဲ့နောက်တစ်ချက်မှာ အခြားဒေသများတွင်လည်း သစ်တောစိုက်ခင်းများကို နှစ်အလိုက် စီမံကိန်းများတိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားပါတယ်။ ဒီအချက်ကို ကျွန်မအနေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်မှာကောင်းမွန်ပါတယ်။ သစ်တောစိုက်ခင်းတစ်ခုအောင်မြင်စွာ တည်ထောင်နိုင်မယ်ဆိုရင် နိုင်ငံတော်အတွက်လည်း ဝင်ငွေရှာပေးနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်စီမံကိန်းကိုမဆို စီမံကိန်းများပြုလုပ်တော့မယ်ဆိုရင် မြေပြင်အခြေအနေကိုအတတ်နိုင်ဆုံး ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်စေလိုပါတယ်။ ကွင်းဆင်းစစ်ဆေးခြင်းများမပြုနိုင်ဘဲ စီမံကိန်းများပြုလုပ်နေမယ်ဆိုရင် အလွဲကြီးလွဲနိုင်ပါတယ်။ စီမံကိန်းအနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်တော့မယ်ဆိုရင် တောညံ့တွေကိုခုတ်လှဲမီးရှို့အပြောင်းရှင်းပြီးမှ သစ်ပင်စိုက်ကြရပါတယ်။ တောညံ့ဆိုတာ ကျွန်း၊ ပျဉ်းကတိုးစတဲ့ အဖိုးတန်သစ်များမရှိတော့တဲ့ သစ်တောကိုဆိုလိုပါတယ်။ တောညံ့မှာတန်ဖိုးရှိတဲ့သစ်တွေမရှိတော့ပေမဲ့ အခြားသစ်မာအချို့နှင့် ဝါးများ၊ ချုံနွယ်များ သဘာဝအတိုင်းပေါက်ရောက်နေကြပါတယ်။ သစ်၊ ဝါးများနဲ့ချုံနွယ်များသာရှိတော့တဲ့ တောညံ့ဟာတန်ဖိုးမရှိတော့ဘူးလို့ ထင်ရပေမဲ့ ဂေဟစနစ်အရတော့ တန်ဖိုးရှိပါတယ်။ ဂေဟစနစ်ပျက်စီးသွားမယ်ဆိုရင် လူများအတွက်ရော၊ တိရိစ္ဆာန်များအတွက်ပါ များစွာဆုံးရှုံးနိုင်ပါတယ်။ တောကိုအပြောင်ရှင်းမယ်ဆိုရင် ထိုတောထဲမှာကျက်စားနေတဲ့ တိရစ္ဆာန်များ အခက်အခဲဖြစ်နိုင်သလို မိုးရေကိုလည်း ထိန်းထားနိုင်ခြင်းမရှိလို့ ရေကြီးခြင်း၊ ရေလျှံခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်းနှင့် မိုးဒဏ်၊ လေဒဏ်တွေ မကြာခဏဖြစ်လာကြရပါတယ်။ သစ်ပင်များက ရေကိုမစုပ်ယူထားနိုင်သဖြင့် မြစ်ချောင်းများမှ ရေများမှာလည်း အလျင်အမြန်ခမ်းခြောက်သွားကြလို့ ရေရှားခြင်း၊ အပူလှိုင်းရိုက်ခတ်ခြင်းစတဲ့ ပြဿနာကိုလည်း ရင်ဆိုင်ကြရပါတယ်။ ဒီလိုပြဿနာတွေ ဖြစ်လာပြီဆိုရင် နိုင်ငံတော်မှ လက်ပိုက်ကြည့်နေလို့မရတဲ့အခြေအနေဖြစ်လာပြန်တော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး အမြန်ဆုံးအရောက်ပြေးကြရပြန်ပါတယ်။ ဒီတော့ အရင်းစစ်တော့ အမြစ်မြေကဆိုသလို တောညံ့ဆိုပြီးခုတ်လှဲပြီးမှ သစ်တောပြန်လည် ထူထောင်ကြမှာလားဆိုတာလေးကို ကျွန်မအနေနဲ့ မေးချင်ပါတယ်။

မြေပြင်အခြေအနေကို ကွင်းဆင်းကြည့်ပြီးမှ လိုအပ်တဲ့နေရာတွေကို ပြန်လည်စိုက်ပျိုးဖို့ မဖြစ်နိုင်ဘူးလားလို့လည်း သိချင်ပါတယ်။ စိုက်ခင်းတစ်ခုတည်ထောင်မယ်ဆိုရင် မြေပြင်အခြေအနေကို လေ့လာဆန်းစစ်ပြီး မိမိစိုက်ပျိုးမယ့်သစ်ရဲ့အခြေအနေနဲ့ မြေပြင်ရဲ့အခြေအနေကိုက်ညီမှုရှိ/မရှိကိုလည်း ရွေးချယ်သင့်ပါတယ်။ မြေပြင်အခြေအနေကို မလေ့လာဘဲနဲ့ မြေပုံကိုကြည့်ပြီး စိုက်ခင်းတည်ထောင်လိုက်မယ်ဆိုရင် ညွှန်ကြားချက်များနဲ့စီမံကိန်းကို မြေပုံပေါ်မှာ အကောင်အထည်ဖော်ကြမယ်ဆိုရင် မှားပါမယ်။ ကျွန်မဒီလိုဆွေးနွေးရတာက မကြာသေးမီအချိန်ကာလက ကျွန်မရဲ့မဲဆန္ဒနယ်မြေမှာ တောညို ၂၀၅ ဧကကို သစ်တောစိုက်ခင်းဖွင့်ခြင်းနှင့်ပတ်သက်လို့ မေးမြန်းဆွေးနွေးရခြင်းပဲဖြစ်ပါတယ်။ သစ်တောစိုက်ခင်းတစ်ခုဖွင့်တော့မယ်ဆိုရင် တောခုတ်ခ၊ စိုက်ခ၊ အပင်ပေါက်များပြုစုပျိုးထောင်ခများလည်း များစွာကုန်ကျတာကိုလည်း သိရပါတယ်။ ကျွန်းစိုက်ခင်းတစ်ဧကရဲ့ကုန်ကျစရိတ်ဟာ ခြောက်သိန်းကျော်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ၂၀၅ ဧကဆိုရင် ဘယ်လောက်ကုန်ကျတယ်ဆိုတာကို တွက်ချက်လို့ရပါတယ်။ ဒါကျွန်မမဲဆန္ဒနယ်မြို့တစ်မြို့ပဲရှိပါသေးတယ်။ နောက်ပြီး စိုက်တဲ့အပင်ဟာ ဘယ်လောက်ရှင်မယ်မှန်းမသိရသေးခင် ရှိပြီးသားတောကို ခုတ်လှဲမီးရှို့လိုက်တာဟာ အင်မတန်နှမြောစရာကောင်းတယ်လို့ ကျွန်မမြင်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်အနေနဲ့ဆွေးနွေးရမယ်ဆိုရင် တောညို ၂၀၅ ဧကကိုလည်း စိုက်ခင်းဖွင့်ပြီးသွားပါပြီ။ နောက်ထပ်လည်း စိုက်ခင်းဖွင့်ဖို့စီမံကိန်းတွေ ရှိသေးတယ်လို့လည်းသိရပါတယ်။

နောက်ထပ်စိုက်ခင်းများဖွင့်မယ်ဆိုပါက မြေပြင်အခြေအနေကို သိရှိရန်ကွင်းဆင်းကြည့်ရှုစေချင်ပါတယ်။ ဒါမှမဟုတ် ပြည်သူများကို ကိုယ်ပိုင်စိုက်ခင်းများ၊ တစ်နိုင်တစ်ပိုင်စိုက်ခင်းများ၊ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများကို ဆောင်ရွက်ပေးမည်ဆိုရင်လည်း အောင်မြင်မည်လို့ မြင်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ဆွေးနွေးရမည်ဆိုလျှင် ကျွန်မရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ မင်းတုန်းမြို့မှာ ထပ်မစိုက်ဘဲ ရှိတဲ့သစ်ပင်များကို ထိန်းသိမ်းနိုင်မည်ဆိုရင်ဖြင့် အခြေအနေကောင်းပါသေးကြောင်းနဲ့ နှစ်အလိုက်စီမံကိန်းများ ပြုလုပ်မည်ဆိုပါကလည်း အခြေအနေမှန်ကို ကွင်းဆင်းစစ်ဆေးပြီးမှ စိုက်ခင်းဖွင့်သင့်ပါကြောင်း တင်ပြရင်း ဒေါက်တာအောင်ခင်ရဲ့ အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများတိုးချဲ့ဆောင်ရွက်ပေးပါရန်ဆိုတဲ့အချက်ကို ဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေပြည်သာ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာ အောင်ခင် ပြင်ဦးလွင်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုနှင့်ပတ်သက်၍ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်လာတဲ့ ပြင်းထန်သောရာသီဥတုဒဏ်မှ ကာကွယ်ရန် Green Land သစ်တောစိုက်ခင်းများကို စီမံကိန်းချဆောင်ရွက်ရေးအဆိုကို ထောက်ခံဖြည့်စွက်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ၏သစ်တောပြုန်းတီးမှုနှုန်းဟာ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်းမှာ ၀.၅ ရာခိုင်နှုန်းရှိနေခဲ့ရာမှ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၁.၇၃ ရာခိုင်နှုန်းအထိ တိုးမြင့်လာ၍ သစ်တောပြုန်းတီးမှုမှာ နှစ်စဉ် ၅၄၆၀၀၀ ဟတ်တာပြုန်းတီးနေကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သစ်တောဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ဝန်ခံ ပြောကြားထားတာကို တွေ့ရှိရပါတယ်။ ဒီလိုသာ ဆက်ပြုန်းတီးသွားမယ်ဆိုရင် ရာစုနှစ်ဝက်လောက် အတွင်းမှာပဲ မြန်မာ့မြေတော်တော်များများဟာ လွင်တီးခေါင်ပြင်ကန္တာရဖြစ်သွားနိုင်တယ်ဆိုတာကို ကျွန်တော်တို့ သတိပြုဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ခံစားနေရမှုသည် သဘာဝသယံဇာတပြုန်းတီးမှုနှင့်ဆက်စပ်နေကြောင်း ပညာရှင်အများစုက ထောက်ပြဝေဖန်ထားသလို မြန်မာ့မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကလည်း ထောက်ခံထားပါတယ်။

သစ်တောများသည် ရေကြီးရေလျှံမှုများကို ထိန်းသိမ်းပေးသည်သာမက ကမ္ဘာကြီးပူနွေးလာမှု ဖန်လုံအိမ်အာနိသင်ကိုဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကိုလည်း ရှူရှိုက်ထိန်းသိမ်း ပေးကြပါတယ်။ ယနေ့ကမ္ဘာကြီးသည် သစ်တောပြုန်းတီးမှုကြောင့် ပိုမိုပူနွေးလာပြီး ကမ္ဘာ့အပူချိန် သည် ၂၀၁၆ ခုနှစ်တွင် ၁၄.၈၄ ဒီဂရီစင်တီဂရိတ်အထိ ပိုမိုပူနွေးလာပြီးတော့ ကမ္ဘာ့အပူချိန်ဟာ စက်မှုခေတ်မတိုင်ခင်တုန်းက တည်ရှိခဲ့တဲ့ အပူဆုံးစံချိန် ၁၃.၈ ဒီဂရီကိုချိုးပြီးတော့ ၁.၀၄ ဒီဂရီ စင်တီဂရိတ်ပိုများလာတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ အပူဒဏ်၊ မုန်တိုင်းဒဏ်၊ ရေကြီးဒဏ် စတဲ့ ရာသီဥတုပြင်းထန်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာတဲ့ ဒဏ်များကို နှစ်စဉ်ခံစားနေရတာကို အားလုံးအသိဖြစ်ပါတယ်။ ရာသီဥတုပြင်းထန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ် လာသော သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာတစ်ဝန်း ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၃၃၅ ခုအထိရှိခဲ့ပါတယ်။ ဒီအနေအထားဟာဆိုလို့ရှိရင် ၁၉၈၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့

သဘာဝအန္တရာယ်များရဲ့ နှစ်ဆနီးပါးမြင့်တက်လာတာကို သုတေသီများက လေ့လာတွေ့ရှိမှတ်တမ်းတင်ထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၁၅-၂၀၁၆ ဩဂုတ်လအတွင်းမှာ မိုးစပါးစိုက်ဧက ၁၅ သန်းကျော်ရှိသည့်အနက် မိုးစပါး ၃၄၆၈၆၁ ဧကနှင့် အခြားသီးနှံ ၆၉၂၇၄ ဧက စုစုပေါင်းဧက ၄၁၆၁၃၅ ဧက ရေကြီးနစ်မြုပ်ခဲ့တယ်ဆိုတာကို ၁၆-၈-၂၀၁၆ ရက်နေ့ထုတ် The Daily Eleven သတင်းစာမှာ မှတ်တမ်းတင်ပြုစုထားတာကို တွေ့ရှိရပါတယ်။ ရေဝေရေလဲသစ်တောများပြုန်းတီးမှုသည် ရေချိုများ လျော့ပါးခမ်းခြောက်လာခြင်း၊ မုန်းတိုင်များတိုက်ခတ်လာသည့်အခါ တားဆီးအခုအခံမရှိတော့သဖြင့် အသေအပျောက်ဆုံးရှုံးမှုများခြင်းတို့နဲ့ပတ်သက်ပြီးတော့ ဒီရေတောရှိတဲ့နေရာနဲ့ မရှိတဲ့နေရာကိုနှိုင်းယှဉ်ပြီးတော့ သုတေသနပညာရှင်များက မရှိတဲ့နေရာမှာ ဆုံးရှုံးမှုပိုမိုများပြားတယ်ဆိုတာကို ကျွန်တော်တို့ မှတ်တမ်းပြုစုထားပါတယ်။ ဒါကြောင့်မြန်မာနိုင်ငံသည် နိုင်ငံတကာ သဘာဝဘေးအန္တရာယ်ညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် အဆင့်(၂) နေရာတွင်ရှိနေသဖြင့် အခြား ၁၈၅ နိုင်ငံထက် သစ်တောပြုန်းတီးမှုမဖြစ်ရအောင် ပိုမိုအလေးထားကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်နှင့်အညီ အမျိုးသားသစ်တောစီမံကိန်း(National Forestry Master Plan-NFMP) ကိုရေးဆွဲပြီးတော့ ၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ် ၃၀ စီမံကိန်းကို ချမှတ်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ မြန်မာ့သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးမှာ Green Land သစ်တောပြုစုပျိုးထောင်ရေးကိုသာမကဘဲနဲ့ တရားမဝင်သူဌေးဖြစ်သစ်ခိုးထုတ်နေတဲ့ ကိစ္စတွေနဲ့ လည်းပတ်သက်ပြီးတော့လည်း ဒီဝီသမလောဘသမားများကို ထိထိရောက်ရောက်နှိမ်နင်းဖို့ အရေးကြီးတယ်ဆိုတဲ့အကြောင်းကို တင်ပြဆွေးနွေးအပ်ပါတယ်။ သစ်ကြီးဝါးကြီးများပေါက်ရောက်သော တောနက်ကြီးများဟာ အလွန်အေးမြပြီးတော့ ရာသီမရွေးမြူနှင်းများကျပြီးတော့ မြစ်၊ ချောင်းများရဲ့စတင်မွေးဖွားရာအရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြစ်၊ ချောင်းများရဲ့အသက်အန္တရာယ်ကိုလည်းပဲ သစ်တောပြုန်းတီးမှုတွေက ခြိမ်းခြောက်နေတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အခုသစ်များကို မကြာခဏဖမ်းဆီးမိနေတာကို သတင်းစာတွေမှာ တွေ့ရပါတယ်။ ဒီသစ်တွေဖမ်းဆီးတာကိုတွေ့ရရုံနဲ့ ကျွန်တော်တို့ တောပြုန်းမှုကိုမကာကွယ်နိုင်ပါဘူး။ ဒီတောပြုန်းစေတဲ့ သစ်ခိုးဂိုဏ်းတွေကို ကျွန်တော်တို့ အပြတ်ရှင်းနိုင်မှသာလျှင် ကျွန်တော်တို့က ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာ ဆိုလို့ရှိရင် သစ်ခိုးဂိုဏ်းများဟာ Chain Saw များနှင့် သစ်ပင်များကိုအမြောက်အမြား ရက်ပိုင်းအတွင်းမှာ လှဲပြီးတဲ့အခါကျတော့ တောနက်ကြီးထဲမှာရှိတဲ့ သစ်ကြီးဝါးကြီးတွေကို အပြောင်ရှင်းဆောင်ရွက်နေကြပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုနေရာတွေဟာ ဆိုလို့ရှိရင်လည်း အင်မတန်သွားလာဖို့ အရပ်မျက်နှာတောင်မှ မတွေ့နိုင်ဘဲနဲ့ ဝေးလံခက်ခဲပါတယ်။

ဒါကြောင့် ဒီလိုနေရာတွေမှာဆိုလို့ရှိရင်လည်းပဲ ထိုးနက် ဝင်ရောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ဒီသစ်ခိုးဂိုဏ်းတွေကို တားဆီးဖို့ အဲဒီသစ်ခိုးတဲ့လူတွေရဲ့ နောက်က ကြိုးဆွဲနေတဲ့သူတွေကို နှိမ်နင်းဖို့ အတွက် စီမံချက်တွေချမှတ်ဆောင်ရွက်သင့်ပါတယ်။ ထို့အတူပဲ ဒီသစ်ခိုးကားတွေထွက်တဲ့ ထွက်ပေါက်တွေကိုလည်း ပိတ်ဆို့တားဆီးထားဖို့ရာလည်း အရေးကြီးပါတယ်လို့ တင်ပြရင်းနဲ့ ကျွန်တော့် ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းလွင်(မတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေး လာရောက်ကြသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဦးလွင်မဲဆန္ဒနယ် ဒေါက်တာအောင်ခင်တင်သွင်းသော တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးရာသီဥတုနှင့်ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာရာသီဥတုဘေးအန္တရာယ် အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင် မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပါ ရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ပေးပါရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုအား ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်မှာ အပိုင်း နှစ်ပိုင်းကို တိုက်တွန်းသွားတယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်။ နိုင်ငံနဲ့အဝန်းသစ်တော စောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက်ဆိုတဲ့အပိုင်းရယ်၊ Green Land စီမံကိန်းများ အမြန်ဆုံး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပါရန်ဆိုတဲ့အပိုင်းလို့ ကျွန်တော် ယူဆမိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြန်မာနိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစွမ်းဆောင်ရည်မှာ ကမ္ဘာ့နိုင်ငံများအလယ်တွင် အနိမ့်ကျဆုံး အနေအထားတွင်ရှိတယ်လို့ဆိုပါတယ်။ သစ်တောပြုန်းတီးရခြင်းအကြောင်းရင်းများ၊ သစ်တော ပြုန်းတီးမှုကြောင့် ဂေဟစနစ်ပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲစေခြင်း၊ မြေဆီလွှာခမ်းခြောက်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့လွန်ကဲခြင်းစသည့် နောက်ဆက်တွဲအကျိုးဆက်များကိုလည်း အဆိုရှင်ကဖော်ပြ

သွားတာကို အလေးထားကြရမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလွှမ်းခြုံမှုအညွှန်းကိန်းအရ နိုင်ငံပေါင်း ၁၇၈ နိုင်ငံမှာ မြန်မာနိုင်ငံဟာ အဆင့်(၁၆၄) မှာ ရှိပါတယ်။ ကမ္ဘာပေါ်၌ သစ်တောပြုန်းတီးမှု တတိယအမြင့်ဆုံးနေရာမှာ ရောက်ရှိနေပါတယ်။ ဒါ့ကြောင့် နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ဆောင်ရွက်ရန်အပိုင်းနှင့် Green Land စီမံကိန်း အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဆိုတဲ့ တိုက်တွန်းခြင်းအပေါ် ထောက်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်မှုအပိုင်းတွင် အကြံပြုလိုတာကတော့ ဒေသခံပြည်သူများရဲ့စိတ်ပါဝင်စားမှု၊ ဝိုင်းဝန်းကူညီမှုဖြင့်သာ အောင်မြင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသခံပြည်သူများက သစ်တောများအတွင်း သို့မဟုတ် သစ်တောများအနီးတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ပျိုးရန်လျှောက်ထားလာပါက ကြန့်ကြာမှုမရှိဘဲ၊ အခက်အခဲမရှိဘဲ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်ပါအတိုင်း တိကျစွာချထားပေးဖို့ လိုအပ်ပါတယ်။ အမှန်တကယ် လုပ်ငန်းအကောင်အထည်ဖော်ခြင်းမရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကိုလည်း စိစစ်ပြီးတော့ တကယ်လုပ်ကိုင်မယ့်ဒေသခံများကို ဦးစားပေးပြီးချထားဖို့လိုအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးခြင်းသာမကဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စွမ်းဆောင်ရည်ကျဆင်းမှုများကြောင့် Green Land များ ပျက်စီးကွယ်ပျောက်မှုများဖြစ်ပေါ်စေရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေဟာ ပြင်ဦးလွင်နဲ့ထိစပ်ပြီးဆည်တော်ကြီးရေလှောင်တမံရှိသည့်အတွက် ၁၂ ရာသီကာလပတ်လုံး စိုက်ပျိုးရေရရှိတဲ့ မြေကောင်းရေရဒေသတစ်ခုဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးရေးအတွက် စိုက်ပျိုးလို့ဖြစ်ထွန်းသောဒေသမှာ သစ်တောကိုပြုန်းတီးစေသောလုပ်ရပ်၊ Green Land ကို ပျက်ပြယ်စေသောလုပ်ရပ်မျိုးကို တစ်ပြိုင်နက်တည်းဖြစ်ပေါ်စေသည့်လုပ်ငန်းများ လုပ်ဆောင်နေလျက်ရှိပါတယ်။ ၎င်းလုပ်ငန်းများကတော့ လယ်ယာမြေများအား တရားမဝင် မြေကြီးအုတ်ဖုတ်လုပ်သည့်လုပ်ငန်းဖြစ်ပါတယ်။ မြေကြီးကိုအုတ်ဖုတ်ရန်အတွက်တူးနုတ်ယူသည့်အခါ ၎င်းလယ်ယာသည် စိုက်ပျိုး၍မရတော့ဘဲ Green Land ကွယ်ပျောက်စေခြင်းကို ဖြစ်ပေါ်စေပါတယ်။ မြေကြီးအစိုကို အုတ်ခဲပုံသဏ္ဍာန်ပြုလုပ်ပြီး အုတ်ဖုတ်ရာတွင် ထင်းကိုမီးထိုးဖုတ်ရသည့်အတွက် သစ်တောပြုန်းတီးမှုကို အားပေးနေသော လုပ်ရပ်တစ်ခုလည်းဖြစ်ပါတယ်။ ထင်းများကို ရယူအသုံးပြုသည့်အခါ သစ်များကို ကောင်းသည်၊ ဆိုးသည်ပမာဏမထားတော့ဘဲ ထင်းရရှိရေးအတွက် သုံးပေတုံးများဖြတ်တောက်ခြင်းကြောင့် တိုင်းပြည်အတွက် ပိုမိုနစ်နာဆုံးရှုံးရပါတယ်။

လယ်ယာမြေဥပဒေတွေ၊ သစ်တောဥပဒေတွေရှိပါသော်လည်း တာဝန်ရှိသူတွေရဲ့ ဥပဒေမျက်ကွယ်ပြုခဲ့မှု၊ မျက်ကွယ်ပြုနေမှုများကြောင့် သစ်တောပြုန်းတီးခြင်း၊ ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးခြင်း၊ လယ်ယာမြေများအား တရားမဝင်အခြားနည်းသုံးစွဲနေခြင်းများ၊ လုပ်ရပ်များကြောင့် ဘေးပတ်ဝန်းကျင်တောင်သူများလည်း နစ်နာမှုများဖြစ်ပေါ်နေရပါတယ်။ နိုင်ငံနှင့်အဝန်း ဒီလိုမြေကြီးဆုံးရှုံး၊ သစ်တောပြုန်းစေသောလုပ်ငန်းများကို ဥပဒေအတိုင်းလုပ်ဆောင်ကြဖို့ အကြံပြုလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ပတ်ဝန်းကျင်မပျက်စီးစေရန်ထိန်းသိမ်းကြဖို့ သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်လုပ်ဆောင်ကြဖို့၊ Green Land စီမံကိန်းများ အလျင်အမြန်အကောင်အထည်ဖော်ကြဖို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြပါလို့ တိုက်တွန်းပြောကြားရင်းနဲ့ အဆိုရှင်၏ အဆိုအား အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို မင်္ဂလာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဦးလွင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ရဲ့အဆိုနဲ့ စပ်လျဉ်း၍ ထောက်ခံအကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းမှာ မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် အဆင့်(၂)မှာ နေပါတယ်။ ဒီလိုရာသီဥတုဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းမှာ သစ်တောစောင့်ရှောက်မှုနှုန်းကျဆင်းခဲ့ခြင်းနှင့် သစ်တောပြုန်းတီးမှုနှုန်း မြင့်မားခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့ သက်ရောက်မှုများအား ဖြေရှင်းရန်အတွက် မှန်ကန်ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ဂေဟဗေဒစနစ်များထိန်းသိမ်းခြင်း၊ သစ်တောပြန်လည်ထူထောင်ခြင်းနှင့် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ မြန်မာ့သစ်တောများ ပြန်လည်ထိန်းသိမ်းတည်ထောင်ခြင်း (၁၀)နှစ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ထို့အတူ နေပြည်တော်မှာ သစ်တောစိုက်ခင်းများထူထောင်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဥတ္တရသီရိ

မြို့နယ်၊ သစ်တောဦးစီးဌာန စီမံခန့်ခွဲသည့်နယ်မြေအတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၉၂၆.၉ ဧကကို ခွင့်ပြုခဲ့ပြီး ၇၉၀.၅ ဧက ဆောင်ရွက်ပြီးစီးကြောင်း ပုဂ္ဂလိကကျွန်းစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၁၂၅၃ ဧကကိုခွင့်ပြုခဲ့ပြီး ၁၁၄၆.၂ ဧက ဆောင်ရွက်ပြီးစီးကြောင်း တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲသည့်နယ်မြေအတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၃၆၄၈.၅ ဧကကို ခွင့်ပြုခဲ့ပြီး ၃၅၄၈.၅ ဧက ဆောင်ရွက်ပြီးစီးကြောင်း ပုဂ္ဂလိကကျွန်းစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၁၃၉၅ ဧကကိုခွင့်ပြုခဲ့ပြီး ၃၂၅ ဧက ဆောင်ရွက်ပြီးစီးကြောင်း ပုဂ္ဂလိကဝါးစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၃၁၀ ဧကကိုခွင့်ပြုခဲ့ပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကြောင်း ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲသည့်နယ်မြေအတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၁၂၅၅ ဧကကိုခွင့်ပြုခဲ့ပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကြောင်း လယ်ဝေးမြို့နယ်သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲသည့်နယ်မြေအတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၃၀၈၈ ဧကကို ခွင့်ပြုခဲ့ပြီး ၂၈၈၈ ဧက ဆောင်ရွက်ပြီးစီးကြောင်း ပုဂ္ဂလိကကျွန်းစိုက်ခင်းအဖြစ် မြေအသုံးချခွင့် ၃၄၂၈.၇၉ ဧကကိုခွင့်ပြုခဲ့ပြီး ၂၉၂၃ ဧက ဆောင်ရွက်ပြီးစီးကြောင်း ၂၀၁၇ ခုနှစ်၊ မတ်လစာရင်းများ အရ သိရပါတယ်။ ပုဂ္ဂလိကသစ်မာစိုက်ခင်း လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ပုဂ္ဂလိကကျွန်းစိုက်ခင်းလုပ်ကိုင်ခွင့်ပြုခြင်းတို့နှင့်ပတ်သက်ပြီး စည်းကမ်းချက်များလည်း ချမှတ်ထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်မှာ ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်း ၈၉၁၈.၄ ဧက၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၆၀၇၆.၇၉ ဧကနှင့် ပုဂ္ဂလိကဝါးစိုက်ခင်း ၃၁၀ ဧကတို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း သစ်တောလုပ်ငန်းမြှင့်တင်မှုစီမံကိန်းများဖြစ်သော သစ်တောစိုက်ခင်းလုပ်ကိုင်ခွင့်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ သစ်တောမြေဧကပေါင်း အမြောက်အမြားလုပ်ကိုင်ခွင့်ပြုထားပါတယ်။ အဆိုပါသစ်တောစိုက်ခင်းများနဲ့ပတ်သက်၍ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိ၊ ပုဂ္ဂလိကမှလုပ်ကိုင်နေသော သစ်တောလုပ်ငန်းမြှင့်တင်မှုစီမံကိန်းများ အောင်မြင်မှုရှိ/မရှိတို့ကို ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်ပပညာရှင်များပါဝင်တဲ့အဖွဲ့များနှင့် အကဲဖြတ်ဆန်းစစ်သုံးသပ်ရန် လိုအပ်ပြီး နိုင်ငံတော်မှ သစ်တောလုပ်ငန်းမြှင့်တင်မှုစီမံကိန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒါမှသာ ရာသီဥတုဘေးအန္တရာယ်နှင့် ဆိုးရွားစွာရင်ဆိုင်ကြုံတွေ့နေရတဲ့ မိမိတို့နိုင်ငံရဲ့ ရာသီဥတုပြောင်းလဲမှုရဲ့သက်ရောက်မှုများအား ဖြေရှင်းနိုင်ရန်အတွက် သစ်တောလုပ်ငန်းများ မြှင့်တင်မှုစီမံကိန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်

ကြောင်း အကြံပြုတင်ပြရင်း ပြင်ဦးလွင်မဲဆန္ဒနယ်က ဒေါက်တာအောင်ခင်ရဲ့အဆိုအား ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင် ဖြစ်ပါတယ်။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ကို လေ့လာကြည့်ရင် မြန်မာနိုင်ငံတွင် နှစ်စဉ်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရခြင်းရဲ့အများဆုံးအကြောင်းအရင်းဖြစ်တဲ့ သစ်တောပြုန်းတီးမှုနှုန်း များပြားနေခြင်းကို ပြန်လည်ထိန်းသိမ်းလိုခြင်းနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များကို Green Land စီမံကိန်းများဖော်ဆောင်ပြီး နိုင်ငံအဝန်း နှစ်အလိုက်စီမံကိန်းတွေနဲ့ ဆောင်ရွက်စေချင်တဲ့ အနာဂတ်အတွက်စဉ်းစားထားတဲ့ အဆိုရှင်ရဲ့ စေတနာနှင့် ရည်ရွယ်ချက်ကောင်းများကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ရေမြေသယံဇာတနှင့် မြစ်ချောင်းအင်းအိုင်များပြားပြီး နိုင်ငံအကျယ်အဝန်း၏ထက်ဝက်ကျော်ကို သစ်တောဖုံးလွှမ်းထားတဲ့နိုင်ငံ ဖြစ်ပါတယ်။ သစ်တောများဟာ ဆေးဝါး၊ ကုန်ကြမ်းပစ္စည်း၊ အစားအစာ၊ ဆောက်လုပ်ရေးပစ္စည်းစတဲ့ အရင်းအမြစ်များသာမက မြေနှင့်ရေအရင်းအမြစ်ကို မူလအတိုင်းထိန်းသိမ်းခြင်း၊ မိုးရွာသွန်းမှုကြောင့် မြေဆီလွှာတိုက်စားမှုကာကွယ်ပေးခြင်း၊ ရေတိုက်စားမှုကာကွယ်ပေးခြင်းများနှင့် ရာသီဥတုကိုထိန်းညှိပေးပြီး ရေလွှမ်းမိုးမှုကိုကာကွယ်ခြင်း၊ ဇီဝမျိုးကွဲများထိန်းသိမ်းခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့များစုပ်ယူသိုမှီခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိနေတာဖြစ်ပါတယ်။ ဒီလိုအကျိုးပြုနေတဲ့ သစ်တောတွေဟာ အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံ့စီးပွားရေး၊ သစ်တောဆိုင်ရာစီမံခန့်ခွဲမှုအလွဲများကျင့်သုံးခဲ့ခြင်း၊ လုပ်ပိုင်ခွင့်ရှိသူများ၏ အဂတိလိုက်စားမှုများကြောင့် သစ်တောတွေပြုန်းတီးခဲ့ရတယ်လို့ လေ့လာသိရှိရပါတယ်။ တရားမဝင်ရော၊ တရားဝင်ရောသစ်ထုတ်လုပ်မှု အလွန်အကျွံပြုလုပ်ခဲ့ခြင်းနှင့် မြေအောက်သယံဇာတများ တူးဖော်ထုတ်လုပ်ရေးဆောင်ရွက်ခြင်းများ၊ ဆည်မြောင်းတာတမံများတည်ဆောက်ခြင်းများကြောင့်လည်း သစ်တောတွေပြုန်းတီးခဲ့တယ်လို့ လေ့လာရပါတယ်။ လူဦးရေ

တိုးပွားမှုကြောင့် မျိုးသစ်များတိုးချဲ့ခြင်းနှင့် စိုက်ပျိုးမြေတိုးချဲ့ခြင်းတွေကြောင့် သစ်တောတွေ ပြုန်းတီးလာတယ်လို့ လေ့လာသိရှိရပါတယ်။ သစ်တောတွေပြုန်းတီးလာတာနှင့်အမျှ သဘာဝဘေးအန္တရာယ်မျိုးစုံလည်း ကြုံတွေ့လာခဲ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ ခုနှစ် ရေလွှမ်းမိုးမှုကို တစ်နိုင်ငံလုံးတွေ့ကြုံခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်များစွာဆုံးရှုံး ဒုက္ခရောက်ခဲ့ရပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံတောတောင်ထူထပ်တဲ့ ဒေသတွေမှာ သစ်တောအလွန်အကျွံပြုန်းတီးမှုတွေကြောင့်ဖြစ်ကြောင်းကို အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင်တစ်ဦး ဆိုထားတာလည်း လေ့လာသိရှိရပါတယ်။ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သစ်တောများအလွန်အကျွံထုတ်ယူမှုများကြောင့် သစ်တောပြုန်းတီးမှုများဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကျရောက်နိုင်ကြောင်းကို နှိုးဆော်သတိပေးနေသော်လည်းပဲ ယနေ့အထိ သစ်ထုတ်လုပ်မှုတွေ ဖမ်းဆီးမှုများ ကြားသိနေရဆဲဖြစ်ပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၂ သစ်တောဥပဒေ၊ ၁၉၉၅ သစ်တောနည်းဥပဒေ၊ ၁၉၉၅ မြန်မာ့သစ်တောမူဝါဒ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဆိုင်ရာညွှန်ကြားချက်များ စတဲ့မူဝါဒတွေ၊ ညွှန်ကြားချက်တွေနဲ့ ဆောင်ရွက်ခဲ့သော်လည်းပဲ ကျွန်တော်တို့ ဆောင်ရွက်မှုအလွဲအမှားတွေကြောင့် သစ်တောတွေဟာ ပြုန်းတီးလာခဲ့ရပါတယ်။ စိုက်ခင်းများတည်ထောင်ဖို့ဆိုပြီးတော့ သစ်တောတွေအပြောင်ရှင်းစနစ်နဲ့ အဖိုးတန်အပင်ရော၊ အဖိုးမတန်တဲ့အပင်ရော ခုတ်လှဲပြီးတော့မှ ဝါးပင်တောင်မကျန်ဘဲ တောင်ကုန်းတွေပဲကျန်တဲ့အဖြစ်လည်း ဖြစ်ပါတယ်။ ဒါတွေဟာ နေပြည်တော်-တောင်တွင်းကြီး ကားလမ်းဘေးမှာ အများအပြားတွေ့ရမှာဖြစ်ပြီး အခုတော့ ကျွန်တော်တို့ (၁၀)နှစ်စီမံကိန်းနှင့် ပြန်လည်စိုက်ပျိုးနေတဲ့ စိုက်ခင်းလေးတွေ ပေါ်ပေါက်လာတာတော့ ရှိနေပါတယ်။ ကျွန်တော်တို့ ဥတ္တရသီရိမြို့နယ်အတွင်းမှာဆိုရင် ပုဂ္ဂလိကစိုက်ခင်းအဖြစ် ၇၉၁.၅ ဧကအနက် ပုဂ္ဂလိကကျွန်းစိုက်ခင်း ၁၁၄၆.၂ ဧက ချထားပေးကြောင်းကို တွေ့ရှိရပါတယ်။ သစ်တောတွေထိန်းသိမ်းဖို့ဆိုရင် သစ်တောဝန်ကြီးဌာနအနေနဲ့ လုပ်ကိုင်ခွင့်ပေးထားတဲ့ ပုဂ္ဂလိကစိုက်ခင်းတွေကို အမှန်တကယ်စိုက်ပျိုးခြင်းရှိ/မရှိ စစ်ဆေးပြီး စည်းကမ်းချက်နဲ့မညီလျှင် ပြန်လည်သိမ်းဆည်းပြီးတော့မှ အမှန်တကယ်စိုက်ပျိုးတဲ့လူတွေကို ပြန်လည်ချထားပေးဖို့ လိုအပ်ပါတယ်။ မြေပုံပေါ်မှာတင် On Paper ပေါ်မှာတင် အလုပ်လုပ်နေရင် ဘယ်လောက်ပဲမူဝါဒတွေကောင်းကောင်း လိုအပ်နေအုံးမှာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် ဥတ္တရသီရိမြို့နယ်အတွင်းမှာဆိုရင် သစ်တောကြိုးဝိုင်းမြေအတွင်း တောင်သူတွေနှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်နေတဲ့ လယ်မြေတွေရှိပါတယ်။ ၂၀၁၅ ခုနှစ်

အတွင်း ကွင်းဆင်းကောက်ယူထားတဲ့စာရင်းအရဆိုရင် လယ်ဧက ၄၆၄၈.၁၄ ဧကနဲ့ ယာများစွာရှိပါတယ်။ မြေပုံပေါ်မှာတော့ သစ်တောကြိုးဝိုင်းအတွင်းက စိုက်ခင်းတွေ၊ ကာကွယ်တောတွေနဲ့ပဲ ရှိနေမှာပါ။ ကျွန်တော်တို့ သစ်တောပြန်လည်ထိန်းသိမ်းဖို့ မူဝါဒချမှတ်မယ့် စီမံချက်တွေအကောင်အထည်ဖော်မယ်ဆိုရင် လယ်ယာမြေတွေကို ကွင်းဆင်းစစ်ဆေးပြီးတော့မှ တောင်သူတွေအတွက် လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ စားဝတ်နေရေး၊ ဖူလုံရေးတို့အတွက်ကို စီစဉ်ဆောင်ရွက်ပေးဖို့အတွက်ကို ကျွန်တော်အကြံပြုလိုပါတယ်။ ယာမြေများကိုလည်းပဲ မူဝါဒအတိုင်း သစ်တောသီးနှံရောနှောစိုက်ခင်းများ ပြည်သူနဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီးတော့မှ သစ်တောများကို ထိန်းသိမ်းမယ်ဆိုရင် အောင်မြင်နိုင်ပါကြောင်း အကြံပြုရင်းနဲ့ ကျွန်တော်နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင် ဒေါက်တာအောင်ခင်ရဲ့အဆိုမှာ သစ်တောပြုန်းတီးရခြင်းရဲ့အကြောင်းအရင်းများ၊ သစ်တောပြုန်းတီးခြင်းကြောင့် တွေ့ကြုံခံစားရတဲ့ဆိုးကျိုးများ သစ်တောများကြောင့်ရရှိနိုင်တဲ့အကျိုးကျေးဇူးများကို တော်တော်ပြည့်ပြည့်စုံစုံတင်ပြထားတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒေါက်တာအောင်ခင်က နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ဆောင်ရွက်ရန် အထူးသဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ နှစ်အလိုက်စီမံကိန်းများကို ဒေသများတိုးချဲ့ဆောင်ရွက်ရန်ဆိုတဲ့ အချက်သုံးချက်ကို ပြည်ထောင်စုအစိုးရကိုတိုက်တွန်းထားတယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ မြို့ကြီးလေးမြို့မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ကို ထောက်ခံသလို သစ်တောပြုန်းတီးသွားတဲ့နေရာတွေမှာ နှစ်အလိုက်စီမံကိန်းချဆောင်ရွက်ဖို့ကိုလည်း အလေးအနက်အကြံပြုထောက်ခံအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ်အုပ်စုရဲ့အချက်အလက်များအရ မြန်မာ့သစ်တောများဟာ ၁၉၉၀ ပြည့်နှစ်မှာ နိုင်ငံဧရိယာရဲ့ ၆၀ ရာခိုင်နှုန်းတည်ရှိခဲ့တယ်။ နောင် အနှစ် ၂၀ ကာလကြာတဲ့ ၂၀၁၀ ပြည့်နှစ်မှာ ၄၈.၆ ရာခိုင်နှုန်းသာရှိတော့တာကို တွေ့ရပါတယ်။ ၂၀၁၀ ပြည့်နှစ်

အလွန် ငါးနှစ်တာကာလဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ၄၄.၅ ရာခိုင်နှုန်းသာကျန်ရှိတော့တာကို တွေ့ရပါတယ်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်းမှာ သစ်တောပြုန်းတီးမှုဟာ တစ်နှစ်ပျမ်းမျှဟက်တာပေါင်း ၅၄၆၀၀၀ ဧကအားဖြင့် ၁.၃ သန်းဖြစ်တယ်လို့ FAO ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အဆိုပါငါးနှစ်အတွင်း ဆုံးရှုံးခဲ့တဲ့သစ်တောပြုန်းတီးမှုပမာဏဟာ အာဆီယံနိုင်ငံထဲက ဘရူနိုင်းနိုင်ငံရဲ့ အရွယ်အစားလောက်ရှိပါတယ်။ အဲဒီလောက်ကြီးမားတဲ့အရွယ်အစား သစ်တောပြုန်းတီးမှုဟာ အလွန်ကြီးကျယ်တဲ့ဆိုးကျိုးသက်ရောက်မှုများကို ရင်ဆိုင်ကြုံတွေ့နိုင်စရာအကြောင်းရှိပါတယ်။ ပိုမိုပြင်းထန်တဲ့ ရေကြီးခြင်း၊ ခြောက်သွေ့ခြင်း၊ ရောဂါဘယထူပြောမှုအပါအဝင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပွားတဲ့လွန်ကဲသော မိုးလေဝသဖြစ်စဉ်တွေက ပင်ကိုယ်အားနည်းချက်ရှိတဲ့ ကျွန်တော်တို့တိုင်းပြည်ကို ပိုပြီးမှနောက်ကျကျန်ရစ်စေခဲ့နိုင်တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောများဟာ ကျေးလက်ဒေသဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာမှာ အခြေခံကျတဲ့ အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်ပါတယ်။ အလုပ်အကိုင်အထောက်အပံ့နဲ့ လုံခြုံစိတ်ချရတဲ့စားနပ်ရိက္ခာများကို ပေးစွမ်းပါတယ်။ သန့်ရှင်းသောလေ၊ သန့်ရှင်းသောရေစတဲ့ အသက်တမျှအရေးပါတဲ့ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတွေကိုပေးပါတယ်။ ရာသီဥတုပြောင်းလဲမှုကို တွန်းလှန်ချေဖျက်နိုင်သလို ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ထိန်းသိမ်းထားစေပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းထိုင်းနိုင်ငံဟာလည်း သစ်တောပြုန်းတီးမှုတွေဖြစ်ခဲ့ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာ ၁၉၇၀ နဲ့ ၁၉၈၀ ခုနှစ်တွေမှာ သစ်တောပြုန်းတီးမှုဟာ တစ်နှစ်ကို ဟက်တာငါးသိန်းထိရှိခဲ့ပါတယ်။ ဒါပေမဲ့ FAO ရဲ့အစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်မှာ သစ်တောဧက ဟက်တာ ၂.၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၅ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်ထိ မြန်မာနိုင်ငံသစ်တောများပျောက်ဆုံးမှုစာရင်းကိုကြည့်မယ်ဆိုရင် ၁၉၇၅ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်အထိ ဟက်တာဧကတစ်သိန်းကျော်၊ ၁၉၈၉ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်အထိ ဟက်တာဧက ၄၅၀၀၀၀ ကျော် ပျောက်ဆုံးတဲ့တစ်နှစ်ရာခိုင်နှုန်းကိုကြည့်မယ်ဆိုရင် ၁.၄ ရာခိုင်နှုန်းရှိပါတယ်။ ဒါကတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျောက်ဆုံးသွားတဲ့ဟက်တာ ဧကကိုကြည့်မယ်ဆိုရင် အားလုံးပေါင်းပျက်စီးသွားတာက ပျောက်ဆုံးသွားတဲ့သစ်တောဧရိယာဟာ ဟက်တာပေါင်းနှစ်သန်းကျော်တာကို တွေ့ရပါတယ်။ ဒါကတော့ ၂၀၀၀ ပြည့်နှစ်မှာ ထိုင်းနိုင်ငံမှာသစ်တော စိုက်ပျိုးမှုအခြေအနေ၊ သူတို့ စိုက်ပျိုးထားတဲ့ဟက်တာပေါင်းကို ကျွန်တော်တို့တွေ့ရတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာကျတော့ ပထမက ကျွန်းစိုက်ထားတာ ဟက်တာပေါင်း ၈၃၆၀၀၀၊ နောက် ယူကလစ်စိုက်ထား

တာက ဟက်တာပေါင်း ၄၃၃၀၀၀၊ နောက် အကေးရှားဆိုတဲ့ ထနောင်းမျိုးစိတ်စိုက်ထားတာက ဟက်တာ ၁၄၈၀၀၀၊ နောက် ရွက်ပြန့်မျိုးစိတ်က ၅၄၃၀၀၀၊ နောက် ထင်းရှူးမျိုးစိတ်က ၆၈၉၀၀၀ နဲ့ ဒုချွန်ပုံရှိတဲ့အပင် မျိုးစိတ်တွေက ၁၄၈၀၀၀ စုစုပေါင်း ဟက်တာ ၂.၈ သန်းကျော် သူတို့ စိုက်ပျိုးထားတာကို တွေ့ရပါတယ်။ ဒါဟာ FAO ရဲ့ ၂၀၀၁ ခုနှစ် အစီရင်ခံစာမှာ တွေ့ရပါတယ်။ ရပါပြီ။ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံနဲ့ကွာခြားချက်တစ်ခုက ဘာလဲဆိုတော့ ထိုင်းနိုင်ငံဟာ ၁၉၈၀ ခုနှစ်နဲ့ ၁၉၉၀ ခုနှစ်ကြားထဲမှာ ကမ္ဘာပေါ်မှာ စီးပွားရေးအရ အတိုးတက် အဖွံ့ဖြိုးဆုံးဆိုတဲ့နိုင်ငံထဲမှာ သူတို့ပါဝင်ခဲ့ပါတယ်။ ဆိုတော့ သူတို့ပျောက်ဆုံးသွားတဲ့ ၁၉၈၀ ခုနှစ်နဲ့ ၁၉၉၀ ခုနှစ်မှာ ၁.၈ သန်း ဟက်တာလောက် ပျက်စီးသွားတာကို ပြန်လည်အစားထိုးလိုက်တာ နောက်ပိုင်းမှာ ဟက်တာပေါင်း ၂.၈ သန်းထိပါ ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာလည်း သစ်တောပြုန်းတီးမှုဟာ ဟက်တာပေါင်း နှစ်သန်းကျော်ရှိပါတယ်။ သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းဟာ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ပြုန်းတီးသွားတဲ့ သစ်တော တွေကို ပြန်လည်အစားထိုးစိုက်ပျိုးဖို့ ၁၉၉၂ ခုနှစ်၊ သစ်တောနည်းဥပဒေ အခန်း(၄) သစ်တော စိုက်ခင်းတည်ထောင်ခြင်းအခန်းရဲ့ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)တို့နှင့် စပ်လျဉ်းပြီးမှ ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ ခုနက အဆိုရှင်နာမည်ပြောတာ လွဲနေသလားလို့။ ဦးထွန်းဝေ ဆွေးနွေးတာ ဒေါက်တာအောင်ခင်နော် အဆိုရှင်က။ အဲဒါကြောင့်မို့ မှတ်တမ်းမှာ လွဲမှာစိုးလို့။ ကျွန်တော်အဲဒီလိုပဲ သုံး၊ လေးခါကြားနေရတယ်။ အဆိုရှင်က ဒေါက်တာအောင်ခင်။ ဒေါက်တာ ရှေ့နောက်လွဲနေသလားလို့ နာမည်။ အဲဒါဆိုလို့ရှိရင်တော့ မှတ်တမ်းကလွဲမှာစိုးလို့ ပြန်ပြင်ဖို့ပြောတာ။

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဦးလွင်မဲဆန္ဒနယ် ဒေါက်တာ အောင်ခင်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုကို ထောက်ခံ ဆွေးနွေးရခြင်းမှာ ယခုအချိန်အခါမှာ ကမ္ဘာကြီးဟာပိုမိုပူနွေးလာပြီး ပင်လယ်ရေမျက်နှာပြင်ဟာ မြင့်တက်လာပါတယ်။ ရေကြီးရေလျှံလည်း ဖြစ်ပေါ်လာပါတယ်။ ဂေဟစနစ်များ ပျက်စီးလာပြီး ဇီဝ မျိုးကွဲများ ပျက်သုဉ်းပျောက်ကွယ်ခြင်းများလည်း ဖြစ်ပေါ်လာပါတယ်။ ရာသီဥတုဖောက်ပြန်ပြီး

လေပြင်းတိုက်ခတ်မှုများ ယခင်ထက်ပိုမိုပြီးမှ ဆက်တိုက်ဆက်တိုက်ဖြစ်ပေါ်လာပါတယ်။ သစ်တော ဧရိယာများ လျော့ချပြီးမှ သစ်ပင်သစ်တောများမရှိတော့တဲ့ တောတောင်တန်းများကိုလည်း ထင်သာမြင်သာသိသာ ထင်ရှားစွာ မြင်တွေ့လာရခြင်းတို့ကြောင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာ နိုင်ငံတကာ ရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် အဆင့်(၂) တွင် ရောက်ရှိနေပြီဆိုသည်မှာ သစ်တောများပြုန်းတီးခြင်းကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ် အပြင်းထန်ဆုံးရာသီဥတုနှင့် ရင်ဆိုင်ခဲ့ရသည်ဆိုတာ မှန်ကန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရွှေကူမြို့နယ်မှာ ပြီးခဲ့တဲ့ကာလမှာ သုံးကြိမ်ဆက်တိုက် လေပြင်းတိုက်ခတ်မှုဖြစ်ခဲ့ပြီးမှ ယင်းဖြစ်စဉ်နဲ့ ကျွန်တော်တို့ရွှေကူမြို့ရဲ့ နှစ် ၄၀ အတွင်း အထူးခြားဆုံး၊ အပြင်းထန်ဆုံးသော လေပြင်းဒဏ်ကို ခံခဲ့ရပါတယ်။ အဆောက်အဦပေါင်း ၄၀၀ ခန့်ဟာဆိုလို့ရှိရင် အချို့သောအဆောက်အဦများ အမိုးအတွဲလိုက်ပြုတ်ထွက်ပြီးမှ ပြိုလဲခဲ့တဲ့အထိ လေပြင်းဒဏ်ကို ပြင်းထန်စွာခံခဲ့ရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ပင်နှင့်သစ်တောများဟာ လေထုထဲမှာထုတ်လွှင့်လျက်ရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် စုစုပေါင်း ၂၀ ရာခိုင်နှုန်းနှင့် ၂၃ ရာခိုင်နှုန်း ၂၈၉ ဂစ်ဂါတန်အထိ စုပ်ယူထားနိုင်ပြီးမှ ကျွန်းစိုက်ခင်းတစ်ဟက်တာ ဧကအားဖြင့် ပြောမယ်ဆိုရင် ၂.၇၅ ဧကရှိတဲ့ ကျွန်းစိုက်ခင်းဟာဆိုလို့ရှိရင် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို နှစ်စဉ်ပျမ်းမျှ ၄.၅ မှ ၁၀.၉ တန်အထိ စုပ်ယူထားနိုင်ပါတယ်။ အခြားသစ်ပင်စိုက်ခင်းများနဲ့ သစ်ပင်များဟာဆိုလို့ရှိရင် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို တစ်ဟက်တာလျှင် ၃.၉ မှ ၅.၉ တန်အထိ စုပ်ယူသိုလှောင်ထားနိုင်ကြောင်း ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒ့ါအပြင် သစ်ပင်တစ်ပင်ဟာ လေထဲသို့တစ်နာရီလျှင် အောက်စီဂျင် ၀.၄၉ လီတာ ထုတ်လုပ်ပေးနိုင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပျမ်းမျှအားဖြင့် သစ်ပင်တစ်ပင်ဟာတစ်ရက်ကို အောက်စီဂျင် ၁၂ လီတာခန့် ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ပျမ်းမျှအားဖြင့် လူတစ်ယောက်ဟာ တစ်ရက်ကိုအောက်စီဂျင် ၆၃၁ လီတာ လိုအပ်ကြောင်းကို နာဆာရဲ့ထုတ်ပြန်ချက်ကိုလေ့လာခြင်းအားဖြင့် သိရှိရပါတယ်။ သစ်တောနှင့်သစ်ပင်တွေဟာ ကမ္ဘာကြီးပူနွေးလာမှုကိုလည်း လျော့ချပေးပါတယ်။ လူတစ်ဦးတစ်ယောက်အသက်ရှင်နိုင်ဖို့အတွက် အသက်ရှူနိုင်ရန်အတွက် အရွယ်ရောက်ပြီးသားသစ်ပင် ၅၃ ပင်ရှိမှကို ဖြစ်မယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ တင်ပြပြောကြားလိုပါတယ်။ ဒါကြောင့်ဒီနေရာကနေမှ နိုင်ငံသူနိုင်ငံသားအားလုံးကို လွှတ်တော်ဥက္ကဋ္ဌကြီး

ကနေတစ်ဆင့် သစ်ပင်နှင့်သစ်တောများကိုချစ်ကြပါစို့၊ စိုက်ပျိုးထိန်းသိမ်းကြပါစို့လို့ မေတ္တာရပ်ခံတိုက်တွန်းချင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏ အပိုဒ် ၂ တွင် နိုင်ငံတကာညွှန်းကိန်းအရ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစွမ်းရည်မှာ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၈ နိုင်ငံတွင် မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ချက်အရ အဆင့်(၁၆၄) တွင် ရောက်ရှိနေရခြင်းမှာ ယနေ့အချိန်အထိ ကျွန်တော်တို့ရဲ့မြို့နယ်နှင့်ဆက်စပ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာစခန်းလမ်းမှာ ကချင်ပြည်နယ်သို့ ၁၀ ဘီး၊ ၁၂ ဘီးကားများဖြင့် ဆန်ကားများအမည်ခံပြီးမှ သစ်ကိုအောက်မှာခံ၍ ဆန်၊ သစ်ကားများဟာ နေ့စဉ်အစီးရေ ၅၀ ခန့်ဖြတ်သန်းနေတာကိုလည်း ဒေသခံများတင်ပြချက်အရ သိရှိရပါတယ်။ ဒါ့အပြင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်ပသို့ သစ်များကိုခိုးထုတ်ရန်အတွက် တန်ချိန်နှစ်သိန်းခန့် သိုလှောင်ထားကြောင်းကိုလည်း ဒေသခံများတင်ပြချက်အရ သိရှိရပါတယ်။ ထိုကဲ့သို့ သစ်ခိုးထုတ်မှုဟာလည်း သစ်တောပြုန်းတီးရခြင်းရဲ့ အဓိကအကြောင်းအရင်းဖြစ်တယ်ဆိုတဲ့ အကြောင်းကိုလည်း လေးစားစွာတင်ပြပြောဆိုချင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာကတော့ ရှိပြီးသားသဘာဝသစ်တောများကို ထိန်းသိမ်းစေဖို့ကို ကျွန်တော်အထူးတင်ပြဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ကျွန်းပင်နှင့်တမလန်းစတဲ့ သဘာဝပေါက်ပင်တွေဟာ သူ့အလိုလိုပေါက်ပါတယ်။ စိုက်ပျိုးဖို့လည်းမလိုသလို နည်းပညာလည်း မလိုပါဘူး။ အရင်အနှီးလည်း မလိုအပ်ပါဘူး။ အဓိကအားဖြင့် အဲဒီသစ်ပင်တွေရှိပြီးသား သစ်ပင်များကိုမခုတ်ယူဘဲနဲ့ ထိန်းသိမ်းကြဖို့ပဲဖြစ်ပါတယ်။ အဓိကသစ်ပင်တွေမခုတ်ဖို့ဆိုတာ သစ်တောတွေထိန်းဖို့ဆိုတာ မူဝါဒတွေလည်းချမှတ်ပြီးမှ ဒီစည်းမျဉ်းစည်းကမ်းတွေနဲ့ထိန်းချုပ်ပြီးမှ ပြည်ပကိုခိုးထုတ်နေတဲ့ ဒီသစ်တွေကိုထိန်းသိမ်းနိုင်မှသာလျှင် ဒီအဆိုရှင်ပြောတဲ့စီမံချက်အောင်မြင်မှာဖြစ်ပါတယ်။ သို့မဟုတ်လို့ရှိရင် သမင်မွေးရင်းကျားစားရင်းဆိုသလို နိုင်ငံတော်ဘဏ္ဍာကိုအလဟဿ ဖြုန်းတီးရာရောက်ပြီးမှ စီမံချက်များမအောင်မြင်နိုင်မှာ ဖြစ်မယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးပြောကြားလိုပါတယ်။ အခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ)မှာ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိသည်ဟုပါရှိသဖြင့် နိုင်ငံသားများပါဝင်ကြပါရန်လည်း လေးစားစွာတိုက်တွန်းပြောကြားလိုပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ကိုလည်း အဓိက

အားဖြင့် ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြချင်တာကတော့ ငြိမ်းချမ်းရေးအမြန်ရရှိဖို့လည်း အထူးလိုအပ်တာကို တင်ပြပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးရမှာသာလျှင် တရားဥပဒေစိုးမိုးမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှ သစ်ခိုးထုတ်မှုတွေကို ထိန်းကျောင်းနိုင်မယ်။ တရားဥပဒေစိုးမိုးမှ တရားဥပဒေရဲ့သက်ရောက်မှုအားကောင်းပြီးမှ သစ်တောကိုကြီးကြပ်တာကို။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များမင်္ဂလာပါ။ ကျွန်တော်က မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းဖြစ်ပါတယ်။ အဆိုကို ထောက်ခံဆွေးနွေးတဲ့နေရာမှာ ဝန်ကြီးဌာနကိုလည်း ပေါ့ပေါ့ပါးပါးအကောင်အထည်ဖော်နိုင်တဲ့ နည်းလမ်းများကို အကြံပြုပေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အများပြည်သူလူထုနဲ့ တိုင်းပြည်အကျိုးရှိမယ်ဆိုရင် ရဲရဲအလုပ်လုပ်ကြဖို့ တိုက်တွန်းထားပြီးသားဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် Forest Resource Assessment အရ မြန်မာ့ သစ်တောပြုန်းတီးမှုဟာ သစ်တောဧရိယာအတွင်းမှာ ၀.၅၀ ရာခိုင်နှုန်းဖြစ်ပြီးတော့ သစ်တောပြင်ပမှာ ၁.၂၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ တစ်ပြည်ထောင်စုလုံးသစ်တောဧရိယာဟာ ၄၂.၉၂ ရာခိုင်နှုန်းသာကျန်ရှိ ပြီးတော့ ကမ္ဘာ့သစ်တောပြုန်းတီးမှုနိုင်ငံအလိုက်မှာ နံပါတ်(၃)ချိတ်ပါတယ်။ ကျွန်တော်တို့ အားငယ် စရာမရှိပါဘူး။ ပျက်အစဉ် ပြင်ခဏပါ။ ဖြတ်ထိုးဉာဏ်ရှိမယ်ဆိုရင် ကျွန်တော်တို့ လွယ်ကူပေါ့ပါးစွာနဲ့ ဆောင်ရွက်သွားနိုင်မယ့်လုပ်ငန်းဖြစ်ပါတယ်။ ပြုန်းတီးမှုအကြောင်းများစွာအနက်မှာ သစ်ခိုးခံရမှုက အများဆုံးဆိုတာတွေ့ရှိရပါတယ်။ သစ်ခိုးဂိုဏ်းတွေဟာ လက်နက်တွေပါကိုင်ဆောင်လာတာဖြစ်တဲ့ အတွက် သစ်တောဝန်ထမ်းတွေချည်းသက်သက်နဲ့တော့ မကာကွယ်နိုင်ပါဘူး။ ဒါပေမဲ့လို့ ဒါကိုလည်းပဲ ထူးကဲပြီးတော့ ဘတ်ဂျက်သုံးစရာမလိုဘဲနဲ့ ကျွန်တော်တို့ ဖမ်းဆီးကာကွယ်နိုင်တဲ့နည်းလမ်းရှိပါတယ်။ အဲဒီနည်းလမ်းကတော့ မူးယစ်တိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့ဖွဲ့သလိုပဲ သစ်ခိုးမှုကို တိုက်ဖျက်ရေး အထူးရဲကို ရဲအရန်တပ်ရင်းကနေ ထုတ်နုတ်ပြီးတော့ သစ်တောနှင့်တွဲဖက်တာဝန်ပေးခြင်းဖြင့် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း ဒီနေရာမှာ ကျွန်တော်အကြံပြုချင်တာက အဲဒီလို ကျွန်တော်တို့တာဝန် ပေးလိုက်တဲ့အချိန်မှာ ဆုပေးဒဏ်ပေးစနစ်ကိုတော့ ကျင့်သုံးဖို့လိုအပ်ပါတယ်။ ဖမ်းမိတဲ့သစ်တွေအပေါ်မှာမူတည်ပြီးတော့ ရာနှုန်းအလိုက် အဲဒီဖမ်းဆီးပေးတဲ့ဝန်ထမ်းတွေကို ဆုချီးမြှင့်တဲ့နည်းဖြစ်ပါတယ်။ ဖမ်းမိတဲ့သစ်တန်ဖိုးပေါ် ရာနှုန်းနဲ့ဆုပေးတဲ့နေရာမှာလည်းပဲ သစ်သူခိုး

တွေကနေပြီးတော့မှ ကျွန်တော်တို့ ဝန်ထမ်းတွေဖျက်ဆီးဖို့ချဉ်းကပ်လာတဲ့နှုန်းထက်တော့များအောင် သတိထားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ဆိုတာ ပတ္တမြားတို့၊ နီလာတို့လိုမျိုး လျှို့ဝှက်သယ်ဆောင်လို့ရတဲ့ပစ္စည်း မဟုတ်ပါဘူး။ တာဝန်ရှိသူတွေ အဂတိကင်းကင်း ကိုယ်ကျင့်ကောင်းနေလို့ကတော့ ပြေးမလွတ်တမ်း ဖမ်းမိနိုင်တဲ့ပစ္စည်းဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနဲ့ ကျွန်တော်တို့ ပြုန်းတီးတဲ့သစ်တောတွေကို ပြန်ဖော် ထုတ်တဲ့နေရာမှာလည်းပဲ ပေါ့ပေါ့ပါးပါးဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ န.အ.ဖအစိုးရ လက်ထက်ကတည်းက တိုင်းပြည်ရဲ့ပြုန်းတီးသွားတဲ့သစ်တွေကို ကျွန်း၊ ပျဉ်းကတိုးအစရှိတဲ့ နိုင်ငံတော် သာ လုပ်ပိုင်ခွင့်ရှိတဲ့ဟာတွေ ပုဂ္ဂလိကကို ချပေးပြီးသားရှိပါတယ်။ စိုက်ပျိုးသူက ၁၀ ရာခိုင်နှုန်း ယူပြီးတော့ နိုင်ငံတော်အစိုးရအား ၃၀ ရာခိုင်နှုန်း သွင်းတဲ့နည်းတဲ့ချထားပေးတာတွေရှိပါတယ်။ သို့သော်လည်း လူထုအတွင်းကို ကျယ်ကျယ်ပြန့်ပြန့်မချပြခဲ့တာနဲ့ အကြီးစားကုမ္ပဏီတွေကိုသာ ပေးခဲ့တဲ့အတွက်ကြောင့် လူသိနည်းခဲ့ရတာဖြစ်ပါတယ်။ အခုကျွန်တော်တို့ ပျက်စီးသွားတဲ့ဧရိယာ အားလုံးကို (၁၀)နှစ်စီမံကိန်းထက်ကို မြန်တဲ့နည်းရှိပါတယ်။ အဲဒါကတော့ အသေးစား၊ အလတ်စား စီးပွားရေးသမားတွေကို သစ်တောမြေတွေ လုပ်ပိုင်ခွင့်ချပေးလိုက်ခြင်းအားဖြင့် ကျွန်တော်တို့ အမြန်ဆုံးအကောင်အထည်ဖော်နိုင်မယ့်နည်း ရှိပါတယ်ခင်ဗျား။ ဂျပန်ကျွန်းသက်တမ်းနဲ့တွက်မယ် ဆိုရင် နှစ် ၂၀ အတွင်းမှာတောင် ပြန်ထုတ်နိုင်ပါတယ်။ ဒီထက်ပိုမြန်ချင်ရင်တော့ ခုနကပြောလိုက်တဲ့ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီတွေရဲ့ကြားမှာ ခြောက်နှစ်သက်တမ်း၊ ခုနစ်နှစ်သက်တမ်းထုတ်နိုင်တဲ့ မလေးရှားပိတောက်ကို ရောစိုက်ခြင်းအားဖြင့် ကျွန်တော်တို့ စိုက်ပျိုးသစ်တောပြန်ဖော်ထုတ်ရင်းနဲ့ ဝင်ငွေတွေလည်း ဆက်တိုက်တိုးသွားမှာဖြစ်ပါတယ်။ နောက်ဒီနည်းက အကြီးစား၊ အလတ်စား၊ အသေးစား အချိုးညီညီထုတ်ပေးဖို့ဖြစ်တဲ့အတွက်ကြောင့် တိုင်းပြည်ရဲ့စီးပွားရေးဟာလည်းပဲ နှစ်တို ၁၀ နှစ်သက်တမ်းအတွင်းမှာ ဝုန်းကနဲတက်သွားနိုင်တဲ့အနေအထားကို ရောက်နိုင်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုအဆိုရှင်တင်ခဲ့တဲ့အဆိုကို ဒီလိုနည်းနဲ့ ကျွန်တော်တို့ဖော်ထုတ်မယ်ဆိုရင် ဝန်ကြီးဌာနလည်းပဲ စရိတ်မကုန်ဘူး။ ဘဏ္ဍာတိုးရှာနိုင် မယ်။ သစ်တောကြီးတွေလည်း အမြန်ပြန်ပေါ်ပေါက်လာမယ်။ ရာသီဥတုလည်း ပုံမှန်ပြန်ကောင်းလာ မယ်။ SME လုပ်ငန်းကိုလည်း မြေတောင်မြှောက်ပေးရာကျတဲ့အတွက် တိုင်းပြည်စီးပွားလည်း ဝုန်းကနဲ တက်လာနိုင်ပါတယ်။ အားလုံးကောင်းကျိုးချည်းပဲဆိုတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ငြင်းရက်စရာ မရှိတဲ့ တောင်စခန်းသာ ပန်းမြို့တော် မေမြို့ သို့မဟုတ် ပြင်ဦးလွင်နဲ့ တောင်လျှောကား ငါးမည်ရတဲ့

မဲဆန္ဒနယ်က ပါမောက္ခဒေါက်တာအောင်ခင်၏အဆိုကို ရဲရဲကြီးထောက်ခံလျက် နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝင်းအောင်(ခင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ခင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင် ဖြစ်ပါတယ်။ ၁၉-၅-၂၀၁၇ ရက်နေ့က ပြင်ဦးလွင်က လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ကျောင်းသားဘဝ မန္တလေးမှာကျောင်းနေစဉ်ကာလက ၁၉၇၀ ကျော်၊ ၁၉၈၀ ကာလများမှာဆိုရင် မန္တလေးကနေပြီးတော့ မေမြို့တက်သွားလိုက်တဲ့အခါမှာ ၂၀ မိုင်ကျော်တာနဲ့ တစ်ပြိုင်နက် ရာသီဥတုဟာ နွေနဲ့ဆောင်းခြားနားသလို ခြားနားသွားပါတယ်။ ယနေ့အချိန်မှာတော့ မေမြို့ကိုတက်သွားလို့ရှိရင် ပေ ၃၀၀၀ ကျော်တိုင်း တစ်ဒီဂရီစင်တီဂရိတ်လျော့တာမို့လို့ တစ်ဒီဂရီ စင်တီဂရိတ်လောက်ပဲကွာခြားတော့တာဖြစ်ပါတယ်။ ဒါကြောင့် ဒေါက်တာအောင်ခင်တင်သွင်းတဲ့အဆို ဟာ ယနေ့ဒီအချိန်မှာ အင်မတန်မှလည်း သင့်တော်လှပါတယ်။ သစ်တောပြုန်းတီးမှုဆိုတာ မြန်မာပြည်တစ်ခုတည်းမကပါဘူး။ ကမ္ဘာနှင့်ချီပြီးရင်ဆိုင်ဖြေရှင်းနေရတာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာမှာ ၁၉၉၂ ခုနှစ်က Reo Earth Summit ဆိုပြီးတော့မှ နိုင်ငံပေါင်း ၁၇၀ ကျော်တက်ရောက် ပြီးတော့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝမျိုးစုံကာကွယ်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု တွေကို ဆိုးရွားစွာဖြစ်ပေါ်စေမယ့်အပြုအမူတွေရှောင်ရှားရေး၊ သစ်တောများထိန်းသိမ်းရေးဆိုပြီး တော့မှ လုပ်ငန်းစဉ်(၄)ရပ်ချမှတ်လုပ်ဆောင်ကြဖို့ သဘောတူခဲ့ကြပါတယ်။ ဒါပေမဲ့ ၂၅ နှစ်ကြာတဲ့ အခါမှာတော့ အဖွဲ့ဝင်အားလုံးဟာ သဘောတူညီချက်တွေကို မလိုက်နာတဲ့အတွက်ကြောင့်မို့လို့ ကမ္ဘာ့ရာသီဥတုတွေဟာ အခုလိုပဲ ပညာရှင်တွေမျှော်မှန်းခဲ့သလို ဖောက်ပြန်ပြောင်းလဲလာတာဖြစ်ပါ တယ်။ စက်မှုတော်လှန်ရေးမတိုင်ခင် စက်မှုတော်လှန်ရေးဆိုတာ ၁၈၀၀ ကာလပတ်ဝန်းကျင် ဖြစ်ပါတယ်။ စက်မှုတော်လှန်ရေးမတိုင်မီက ကမ္ဘာ့ရာသီဥတုရဲ့အခြေအနေဟာ ကမ္ဘာ့ရာသီဥတုရဲ့ နှစ်ဒီဂရီစင်တီဂရိတ်လောက် မြင့်တက်သွားမယ်ဆိုရင် ကမ္ဘာကြီးရဲ့ရာသီဥတုဟာ အကြီးအကျယ် ဖောက်လွဲဖောက်ပြန်ဖြစ်ပြီးတော့မှ ထိန်းချုပ်လို့ရနိုင်တော့မှာ မဟုတ်ပါဘူးလို့ ပညာရှင်တွေက ခန့်မှန်းကြပါတယ်။ ဒါပေမဲ့ ဒီနေ့ဒီအချိန်မှာတော့ ကျွန်တော်တို့က လမ်းတစ်ဝက်မှာ ရှိပါသေးတယ်။

ကျွန်တော်တို့ကြိုးစားမယ် ဆိုရင်အချိန်ရှိပါသေးတယ်။ ၁၈၀၀ ပတ်ဝန်းကျင်ဆိုတာကတော့၊ မြန်မာပြည်မှာတော့ မင်းတုန်းမင်းတရားကြီးတို့၊ ဘကြီးတော်တရားတို့လက်ထက်က သစ်တောအကျယ်အဝန်းမျိုးရအောင် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာအောင်ခင်တင်သွင်းထားတဲ့အဆိုကို ကျွန်တော်ထောက်ခံပါ တယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ အခြေခံရမည့်မူများ ပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ ပါရှိပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒေါက်တာအောင်ခင်ရဲ့ Green Land များအောင်မြင်ဖြစ်ထွန်းဖို့ရာအတွက် အကြံပြုချင်တာက ပထမတစ်ချက်ကတော့ သစ်တောဥပဒေစိုးမိုးဖို့ရန်အတွက်လိုအပ်ပါတယ်။ ဥပမာ၊ အမျိုးသားသစ်တောများ သတ်မှတ်ထားသော်လည်းပဲ အမျိုးသားဥယျာဉ်မှူးများကိုယ်တိုင်က သစ်တွေကိုမထိန်းသိမ်းနိုင်ဘဲနဲ့ လာဘ်ပေးလာဘ်ယူပြုလုပ်ပြီးတော့မှ ထုတ်လုပ်မှုတွေရှိနေပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ကိုယ်ပိုင်ပစ္စည်းကဲ့သို့ လူအင်အား၊ ငွေအင်အားဖြင့် ကြပ်ကြပ်မတ်မတ်ထိန်းသိမ်းစောင့်ရှောက်သင့်ပါတယ်။ သစ်တောဝန်ထမ်းများဘက်မှလည်း အခက်အခဲများရှိနေတာကိုလည်း အသိအမှတ်များပြုပြီးတော့ ဖြေရှင်းပေးသင့်ပါတယ်။

၂၀၁၆ ခုနှစ်က ကျောက်မြောင်းမှာ သစ်တောဝန်ထမ်းတွေကို သစ်မှောင်ခိုသယ်လာတဲ့ သစ်ဖောင်များပေါ်မှာ ရှာဖွေစဉ်မှာပဲ သစ်မှောင်ခိုသမားများက ခုခံတိုက်ခိုက်တဲ့အတွက်ကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဆေးရုံတက်ခဲ့ရပါတယ်။ ဒီလိုအခြေအနေတွေကြောင့်မို့လို့ သစ်တောတွေ ရှာဖွေဖမ်းဆီးရတာလည်း အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့လို့ သစ်ရှာဖွေဖမ်းဆီးသူများကိုလည်း လုံခြုံရေးအသင့်ရှိဖို့ လိုအပ် တာကို ညအချိန်မှာ သစ်မှောင်ခိုတွေဖမ်းဆီးဖို့ အလွန်ခက်ခဲမှာပါ။ လက်ရှိအချိန်မှာတော့၊ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့သစ်တောပြုန်းတီးမှုဟာ ၁.၇၃ ရာခိုင်နှုန်းလောက်ထိ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လျက်ရှိပါတယ်။ ဖမ်းဆီးမမိတဲ့သစ်တွေကို သယ်ယူပို့ဆောင်ဖို့ရာ၊ ပြန်ယူရဖို့ရာ ခရီးစရိတ်မရှိသလိုဖြစ်တဲ့အခါမှာ လာဘ်ပေးလာဘ်ယူမှုတွေကို အားပေးသလိုဖြစ်နေ ပါတယ်။ ယနေ့အချိန်မှာ သစ်တစ်တန်ရဲ့ပေါက်ဈေးဟာ ၃ သိန်းကနေ သိန်း ၂၀ လောက်ထိရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒီအဖိုးတန်ပစ္စည်းတွေကို ဖမ်းဆီးထိန်းသိမ်း ရတဲ့ဝန်ထမ်းတွေဟာ သူတို့ကို ကျွန်တော်တို့က ရာခိုင်နှုန်းအားဖြင့် ဆုကြေးတွေခံစားခွင့်ပြုသင့်ပါတယ်။ ဒါမှသာလျှင် လိုအပ်သလိုဆောင်ရွက်ပေးနိုင်ကြမှာဖြစ်ပါတယ်။ အပြင်ဘက်ပေါက်ဈေးကလည်း သစ်တစ်တန်သိန်းချီရှိနေတဲ့အချိန်မှာ သစ်တောရဲ့ဥပဒေကလည်း ခေတ်မမီတဲ့ဥပဒေတွေရှိပါတယ်။ ဥပမာ-

အခန်း(၁၀) ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ မှာ တစ်တန်အောက်ကိုဖမ်းမိရင် ၃၀၀၀၀ လောက်၊ တစ်တန်အထက် ဆိုရင် ၅၀၀၀၀ လောက် အဲဒီလောက်ပဲရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒါတွေကိုလည်း၊ ဒီဥပဒေကိုလည်း အမြန်ဆုံးပြင်ဆင်သင့်ပါပြီ။ နောက်တစ်ခါ သစ်စက်တွေကိုလည်း အလွယ်တကူနဲ့ ခွင့်ပြုမပေးသင့် တော့ပါဘူး။ သစ်တွေရဲ့တန်ဖိုးတွေဟာ တစ်နေ့ထက်တစ်နေ့ တန်ဖိုးတွေတက်နေတာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ သစ်တောဥပဒေတွေကို တင်းတင်းကြပ်ကြပ်နဲ့ သစ်စက်တွေကို ထိန်းသိမ်း ကြပ်မတ်ဖို့လို ပါတယ်။ ဒါတွေအားလုံး ကြပ်မတ်မှသာလျှင် ကျွန်တော်တို့တိုင်းပြည်ရဲ့သစ်တောတွေဟာ ဆက်လက် အသက်ရှင်နိုင်မှာပါ။ ဒါကြောင့်မို့လို့ ဒေါက်တာအောင်ခင်တင်သွင်းတဲ့ Green Land များ မြန်မာပြည်မှာ အမြန်ဆုံးပေါ်ပေါက်လာစေရန်အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း အကြံပြုရင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မင်းသော်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမင်းသော်အေး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မင်းသော်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများ ကမ္ဘာတစ်ဝန်းမှာဖြစ်ပေါ်လာခဲ့ပြီးတော့ ကမ္ဘာ့ပျမ်းမျှအပူချိန်ဟာ ရာစုနှစ်တစ်ခုအတွင်းမှာ ၀.၇၆ ဒီဂရီ စင်တီဂရိတ်ခန့် တိုးလာခဲ့ပါတယ်။ ကမ္ဘာ့အပူချိန်မြင့်တက်မှုဟာ နှစ် ၃၀ အတွင်း သုံးဒီဂရီစင်တီဂရိတ် မြင့်တက်လာမှုကြောင့် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများရှိတဲ့ ရေခဲပြင်များအရေပျော်မှုဟာ လျင်မြန်လာခဲ့ပါ တယ်။ ဒို့အပြင် အန္တရာယ်ဖြစ်စေနိုင်တဲ့ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးထားတဲ့ အိုဇုန်းလွှာမှာ ပေါက်ပြဲတဲ့အခြေအနေသို့ ရောက်ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ အီကွေတာအနီးရှိ တဲ့ အပူပိုင်းပစိဖိတ်သမုဒ္ဒရာရဲ့ အရှေ့အလယ်ပိုင်းပင်လယ်ရေမျက်နှာပြင်အပူချိန်ဟာ အားကောင်း သောအယ်လ်နီညိုရာသီဥတုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်းထိခိုက်ခံစားရသူဦးရေ ၉၈.၆ သန်းရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးသက်ရောက်မှုများ သဘာဝဘေးအန္တရာယ်များကို လျော့နည်းသွားစေနိုင်တာကတော့ သစ်တောများပဲဖြစ်ပါတယ်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာလည်း ကာလကြာရှည်စွာထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ငါး၊ ပုဇွန်ကန်များတူးဖော်ခြင်းတို့ကြောင့် ဒီရေတောများအပါအဝင် ဂေဟစနစ်များပျက်စီးကာ ငါး၊ ပုဇွန်ကြောင်းများနှင့် ရေသယံဇာတများ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ၂၀၀၈ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းဒဏ်ကို မြစ်ဝကျွန်းပေါ်နေပြည်သူများ ခါးသီးစွာခံစားခဲ့ရပြီး နိုင်ငံတော်ရဲ့စီးပွားရေးနဲ့ ဒေသခံပြည်သူများရဲ့လူနေမှုဘဝများ ကြီးမားစွာဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ဒီရေရောက်သစ်တောများအပါအဝင် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းသက်သာလာစေရေး၊ ဂေဟစနစ်ပြန်လည်ရရှိလာစေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေရေး၊ ရေရှည်တည်တံ့သော သစ်တောအုပ်ချုပ်မှုကို အထောက်အကူပြုစေရေးတို့အတွက် ရေတို၊ ရေရှည်စီမံကိန်းများထားရှိပြီး အမြန်ဆုံးစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မြန်မာ့သစ်တောများရဲ့ လက်ရှိအခြေအနေနှင့် သစ်တောပြုန်းတီးမှုများကတော့ Power Point မှာတင်ပြထားတဲ့အတိုင်းဖြစ်ပြီး သစ်တောများယခုကဲ့သို့ လျင်မြန်စွာပြုန်းတီးလာရမှုကို အစိုးရက ကောင်းမွန်စွာထိန်းချုပ်နိုင်မှုမရှိခြင်း၊ ပြည်သူလူထုက ပူးပေါင်းပါဝင်မှုအားနည်းခြင်း၊ နိုင်ငံတော်အဆင့်ရေးဆွဲထားတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်း၊ လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းနှင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းတို့ကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါက မကြာမီအချိန်ကာလအတွင်းမှာ သစ်တောပြုန်းတီးမှုပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၅ ပါပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အစိုးရအနေနဲ့ သစ်တောများပါဝင်၊ နိုင်ငံပိုင်သယံဇာတများအားထုတ်ယူသုံးစွဲခြင်းနှင့်ပတ်သက်ပြီး လိုအပ်တဲ့ဥပဒေများကိုပြဋ္ဌာန်းကာ ကြီးကြပ်ကွပ်ကဲခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းများကို မဖြစ်မနေဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ)မှာပြဋ္ဌာန်းချက်အရလည်း နိုင်ငံသားများအနေနဲ့ နိုင်ငံပိုင်သစ်တောပြုန်းတီးနေမှုကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိတဲ့အတွက် သစ်များတရားမဝင်ခိုးထုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ သစ်တောများအတွင်းကျူးကျော်၍ စိုက်ပျိုးမြေတိုးချဲ့ဆောင်ရွက်ခြင်း၊ မြို့ရွာများတိုးချဲ့ခြင်း၊ ထင်း၊ မီးသွေးလောင်စာများထုတ်ယူခြင်း၊ ဒီရေတောများမှာ ငါး၊ ပုဇွန်ကန်များတိုးချဲ့ခြင်းစတာတွေကိုလျော့ပါးသွားအောင် စနစ်တကျစီမံချက်များရေးဆွဲရန် လိုအပ်ပြီး ပြည်သူလူထုတစ်ရပ်လုံးကပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းကို စီမံကိန်းကို ခြောက်ခုခွဲခြားပြီးတော့ သစ်တောဦးစီးဌာနနှင့်

**မူကြမ်း**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ ယခင်ကာလများက စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်အောင်မြင်မှုအားနည်းခဲ့ရခြင်းမှာ စိုက်ပျိုးဧကများ ရှင်သန်အောင်ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်း၊ ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက်လုံလောက်မှုမရှိခြင်း၊ အပြန်အလှန်စစ်ဆေးကြပ်မတ်မှုအားနည်းခြင်း၊ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းနဲ့ နည်းပညာဆိုင်ရာအားနည်းခြင်းတွေကြောင့် အောင်မြင်သင့်သလောက်မအောင်မြင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

တပ်မတော်အနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနဲ့ နိုင်ငံတစ်ဝန်းထာဝစဉ်စိမ်းလန်းစိုပြည်ရေးအတွက် မိမိတပ်ဧရိယာသာမက တပ်ဌာနချုပ်ရှိရာ နယ်မြေအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းသစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်သွားနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါတယ်။ Power Point မှာတင်ပြထားတဲ့အတိုင်း စိုက်ပျိုးထားရှိခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း စုစုပေါင်း ၈၆၈၈၂၃၇ ပင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် လောင်စာအတွက် အရေးကြီးတဲ့ထင်းစိုက်ခင်းများကိုလည်း မိမိတို့ရဲ့ဌာနချုပ်များမှာသာမက တပ်ပတ်ဝန်းကျင်ရှိ နယ်မြေဒေသများတွင်ပါ စိုက်ပျိုးစေရေးအတွက် သစ်တောဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရဲ့သယံဇာတပစ္စည်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအနေဖြင့်လည်း ၂၀၁၆ ခုနှစ်တစ်နှစ်အတွင်းမှာ တပ်မတော်မှ တရားမဝင်သစ် ၈၅၄၂.၃၀ တန်အပါအဝင် ယာဉ်၊ ယန္တရား၊ သစ်စက် Chain Saw များနှင့် တရားခံ ၃၉၄ ဦး ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာနရဲ့တွက်ချက်မှုအရ တန်ဖိုးကျပ်သိန်းပေါင်း ၄၆၅၈၀ ခန့်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ရာသီဥတုဖောက်ပြန်ခြင်းအား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာနိုင်ငံတစ်ခုတည်းသာမက အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအသီးသီးများနဲ့ မဖြစ်မနေပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ သစ်တောပြန်လည်ဖွံ့ဖြိုးရှင်သန်းရေးအတွက် Power Point မှာတင်ပြထားတဲ့ အကြံပြုချက်များဖြစ်သော အစိုးရကတိကျတဲ့မူဝါဒများ ချမှတ်ပေးခြင်း၊ လိုအပ်တဲ့ရန်ပုံငွေအပြည့်အဝခွင့်ပြုပေးခြင်း၊ မူလပျိုးပင်များအပြင် အကြီးမြန်၍ အရည်အသွေးကောင်းမွန်တဲ့ စိုက်ပျိုးသစ်များ စိုက်ပျိုးခြင်း၊ ပြည်သူလူထုက တက်ကြွစွာပူးပေါင်းဆောင်ရွက်အောင် စည်းရုံးခြင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သစ်တောအခြေပြုစားဝတ်နေရေးဆောင်ရွက်မှုကို အခြားနည်းလမ်းများနဲ့ အစားထိုးနိုင်အောင်ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားကို သင့်လျော်သောနည်းထုံးဖြင့် သုံးစွဲနိုင်အောင် နိုင်ငံတော်က နည်းလမ်းရှာဖွေခြင်းစတဲ့

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်ရန် နိုင်ငံတော်ဒေသခံပြည်သူလူထု၊ တပ်မတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအတူတကွလက်တွဲကာ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည် ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ရဲ့ တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံး သောရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာ ရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တော စောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြား ဒေသများတွင်လည်း နှစ်အလိုက် စီမံကိန်းများတိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့ အပိုင်းနှစ်ပိုင်းနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။

ကနဦးအနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ဒီအဆိုကိုထောက်ခံကြတဲ့ ကိုယ်စား လှယ်တော်အားလုံးကို လှိုက်လှဲစွာကြိုဆိုပါကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။ ပထမပိုင်းအနေနဲ့ မြန်မာနိုင်ငံဟာ နှစ်ပေါင်း ၃၀ အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများပြောင်းလဲမှု ကြောင့် သစ်တောသယံဇာတများဟာ လျော့နည်းလာပြီးတော့ မြန်မာနိုင်ငံရဲ့သစ်တောများရဲ့အခြေ အနေဟာ ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့အတိုင်းပါပဲ။ တော်တော်များကို လျော့ပါးလာပါတယ်။ Power Point တင်ပြခွင့်ပြုပါ။ ဒီ FAO ရဲ့တင်ပြချက်အရဆိုရင်လည်း ခုနကသိရှိပြီးခဲ့တဲ့ အတိုင်းပါပဲ။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ၄၂.၉၀ ရာခိုင်နှုန်းရှိရာအနက်မှာ Closed Forest ကတော့ ၂၁.၅၆ ရာခိုင်နှုန်းနဲ့ ရွက်အုပ်ပွင့်တော(Open Forest) ကတော့ ၂၁.၃ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။

သစ်တောပြုန်းတီးမှုကိုကြည့်မယ်ဆိုရင်လည်း နိုင်ငံရဲ့ ၁.၇ ရာခိုင်နှုန်းလောက်ကို ပျက်စီးမှုရှိပါတယ်။ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အတွင်းနဲ့ ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်အတွင်း မြေအသုံးချမှုနှင့် သစ်တောဖုံးလွှမ်းမှုမြေပုံကိုလည်းပဲကြည့်မယ်ဆိုရင် သိသိသာသာကြီးပြောင်းလဲကြောင်းကိုလည်းပဲ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ သစ်တောဆုံးရှုံးမှုအကြောင်းအရာနဲ့ပတ်သက်လို့ ကိုယ်စားလှယ်တော်ကြီးများ အချက်အလက်တင်ပြတဲ့အတိုင်းပါပဲ။ Power Point မှာတင်ပြထားပါတယ်။ ဒါကိုတော့ ဖြည့်စွက်ပြီး ကျွန်တော်မပြောတော့ပါဘူး။ အကြောင်းအရာတွေအမျိုးမျိုးကြောင့်မို့လို့ သစ်တောတွေက ပျက်စီး ရခြင်းဖြစ်ပါတယ်။ အဲဒီလိုတောတွေပျက်စီးရတာဟာ နှစ်ပေါင်း ၃၀ အတွင်းမှာ ထာဝစဉ်တည်တံ့စေ သော သစ်တောစီမံအုပ်ချုပ်မှုလို့ခေါ်တဲ့ Sustainable Forest Management ကနေ သွေဖြည် ပြီးတော့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်ရဲ့ဝင်ငွေပိုမိုရရှိရေးကို ဦးစားပေး ပြီးဆောင်ရွက်တာလည်းပဲ အချက်တစ်ချက်အနေနဲ့ပါဝင်ကြောင်း တင်ပြလိုပါတယ်။ ယခုအစိုးရသစ် လက်ထက်မှာ သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် သစ်တောဖုံးလွှမ်းမှုကောင်းမွန် လာစေရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ နိုင်ငံတကာကတိကဝတ်များကို ဖြည့်ဆည်းနိုင်ဖို့ အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သိသာထင်ရှားတဲ့ပြောင်းလဲမှုများအနေနဲ့ ၂၀၁၆-၂၀၁၇ မှာ သစ်ထုတ်လုပ်မှုများကိုရပ်နားထားပါတယ်။ အဲဒီလိုရပ်နားမှုအားဖြင့် သစ်တောများရဲ့ပျက်စီးမှုကို လည်းပဲ နည်းပါးသွားပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သစ်တောပြုန်းတီးမှု၊ တောနိမ့်/ တောပျက်ဧရိယာနှင့် ရွက်အုပ်ပွင့်တောများကိုအခြေခံပြီးတော့ ယခင်ကဆောင်ရွက်ခဲ့တဲ့ သစ်တော ပြုစုပျိုးထောင်မှုများအပေါ် အတွေ့အကြုံများမှ အားနည်းချက်များကိုဖယ်ရှားပြီးတော့ လက်ရှိ အခြေအနေနှင့် လိုက်လျောညီထွေတဲ့သစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် သဘာဝတောများ ပြုစုစောင့်ရှောက်ခြင်းများအပါအဝင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းစီမံကိန်းကို ပထမ(၅)နှစ်စီမံကိန်းကိုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်(အခုနှစ်)ကစပါမယ်။ ၂၀၂၁-၂၀၂၂ ခုနှစ်ထိပါပဲ။ ဒုတိယ(၅)နှစ်စီမံကိန်းကိုတော့ဖြင့် ၂၀၂၂ -၂၀၂၃ ခုနှစ်ကနေပြီးတော့ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ကာလနှစ်ခုခွဲခြားပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနအောက်မှာရှိတဲ့ သစ်တောဦးစီးဌာနနဲ့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနများနှင့် ပြည်သူများရဲ့ပူးပေါင်းပါဝင်မှုနဲ့ အကောင်အထည် ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီစီမံကိန်းကာလအတွင်းမှာ ကျွန်တော်တို့ ဒီ Power Point မှာတင်ပြတဲ့အတိုင်းပါပဲ။ စိုက်ခင်းမူဝါဒချမှတ်ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်အစီအစဉ်နဲ့ သစ်တောစိုက်ခင်းပေါင်း ဧကအားဖြင့် ၃၅၂၄၃၈ ဧကနှင့် ပုဂ္ဂလိကစိုက်ခင်းက ၂၈၅၁၀၄ ဧက တည်ထောင်ခြင်း၊ အပူပိုင်းဒေသသဘာဝ တောများ ဧက ၅၀၀၀၀၀ ကိုတော့ ထိန်းသိမ်းခြင်းစတဲ့ သစ်တောပြုစုပျိုးထောင်ခြင်းများနဲ့ ပြည်သူ အကျိုးပြု ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမယ့်အပြင် ထင်းအစားထိုး လောင်စာတိုးမြှင့်အသုံးချရေးဆောင်ရွက်ခြင်း၊ အသုံးချသုတေသနများဆောင်ရွက်ခြင်း၊ တိုးချဲ့ ပညာပေးဆောင်ရွက်ခြင်းစတဲ့ ကျွန်တော် Power Point မှာ တင်ပြတဲ့အတိုင်း လုပ်ငန်း ၁၈ မျိုး ကိုတော့ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ လုပ်ငန်းခေါင်းစဉ်အလိုက် ပမာဏများကိုလည်းပဲ တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ အစိုးရသစ်လက်ထက်မှာ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် သစ်တော ဖုံးလွှမ်းမှုကောင်းမွန်လာစေရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ နိုင်ငံတကာ ကတိကဝတ် များ ဖြည့်ဆည်းနိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်ဒေသများ အပါအဝင် အခြားဒေသများမှာလည်းပဲ စိုက်ခင်းများတည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ နှစ်အလိုက် ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်း စီမံကိန်းကို ပြည်သူများရဲ့ပူးပေါင်းပါဝင်မှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။ ဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီးများရဲ့တင်ပြချက်ကို ကျွန်တော် အထူးလေးစား ပါတယ်။ ပြည်သူများမပါဝင်ဘဲနဲ့ ဘယ်သောအခါမှ ဒီစီမံကိန်းများဟာ ပါဝင်လောက်ပါဘူး။ ဘာကြောင့်လဲဆို တော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ ၇၀ ရာခိုင်နှုန်းလောက်ဟာ ကျေးလက်တောရွာမှာ နေပြီးတဲ့သူများပဲ ဖြစ်ပါတယ်။ အဲဒီတော့ သစ်တောစိုက်ခင်းများသည် တည်ထောင်တဲ့ စိုက်ခင်းများသည် ကျေးလက် တောရွာအနီးမှာရှိတဲ့ အတွက်ကြောင့်မို့လို့ ဒါကြောင့်မို့ ဒီပြည်သူများရဲ့ တာဝန်သိသိ နဲ့ပါဝင်မှုဟာဖြင့် အထူးပင်အရေးကြီးပါကြောင်းနှင့်လည်း ဒီမှာ ဖြည့်စွက်ပြောကြားလိုပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ဌာနကနေပြီးတော့ တီဗွီ၊ ရေဒီယိုမှာ ရှင်းလင်းခြင်း၊ ဟောပြောခြင်း၊ ပို့ချခြင်း အစရှိတာကို များလည်း ထည့်သွင်းပြီးတော့လည်း ဆောင်ရွက်သွားပါမယ်။ စာသင်ကျောင်းများရဲ့ သင်ခန်းစာတွေ မှာလည်းပဲ ဒါနဲ့ပတ်သက်ပြီးတော့ ပါဝင်တာကိုလည်း တွေ့ရတဲ့အတွက်ကြောင့်မို့ကိုလည်းပဲ ဝမ်းသာပါတယ်။

**မှူးကြမ်း**

လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုတင်သွင်းစဉ်က အကြံပြုတဲ့အတိုင်းပါပဲ ဒီလို သစ်တောသယံဇာတတွေ ရေရှည်တည်တံ့ဖို့အတွက် ကြီးမားတဲ့လုပ်ငန်းတွေကို ဝန်နှင့်အားနှင့်အညီ ဆောင်ရွက်ရန်အတွက် သစ်တောဌာနရဲ့ဖွဲ့စည်းပုံကို တိုးချဲ့ရန်လည်းပဲ ကျွန်တော်တို့ကို အကြံဉာဏ်ပြုသွားတာ အလွန်ပင်ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့သစ်တောဌာနရဲ့ လက်ရှိဖွဲ့စည်းပုံ အခြေအနေက သစ်တောဦးစီးဌာနမှာ သစ်တောဝန်ထမ်းတစ်ယောက်ဟာ ၈၈၈၂ ဧကကို စောင့်ရှောက်ရပါတယ်။ ကျွန်တော်တို့ရဲ့ အနီးအနားမှာရှိတဲ့ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုမှာရှိတဲ့ သစ်တောဝန်ထမ်းရဲ့ စောင့်ရှောက်မှုဧရိယာကိုကြည့်မယ်ဆိုရင် ငါးပုံတစ်ပုံ၊ လေးပုံတစ်ပုံနဲ့ သူတို့မှာရှိပြီး ကျွန်တော်တို့မှာတော့ သူတို့နဲ့ ငါးဆ၊ လေးဆ၊ ခြောက်ဆထိ များနေတာကိုတွေ့ရပါတယ်။ တစ်နည်းအားဖြင့် ဝန်နဲ့အားနဲ့ မမျှတဲ့အတွက်ကြောင့်မို့လို့ ဒါကိုလည်းပဲ ကိုယ်စားလှယ်တော်ကြီးများက ဒီမှာထောက်ပြပြီးတော့ ဝန်ထမ်းအင်အားကိုတိုးချဲ့ပေးပါလို့ပြောတာကို အလွန်ပင်ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့လည်းပဲ တိုးချဲ့ရန်အတွက် ဆောင်ရွက်နေပါကြောင်းကိုလည်း တင်ပြလိုပါတယ်။

အပိုင်း(၂)အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ ရာဇဌာနီလမ်းမကြီးဘေးတစ်ချက်မှာ မော်တော်ဆိုင်ကယ်စီးနင်းသူများအရိပ်ရရန်အတွက် Power Point တင်ပြခွင့်ပြုပါခင်ဗျား။ စိမ်းလန်းမြေ(Green Land) တည်ထောင်တဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ လမ်းမကြီးပေါ်မှာ ဘယ်သူမှ မသွားဘဲနဲ့ ကုက္ကိုပင်တန်းလေးနှစ်ခုကြားထဲမှာရှိတဲ့ ဒီလမ်းမလေးဟာဆိုရင် အင်မတန်စိတ်ချမ်းသာစရာကောင်းပါတယ်။ အဲဒီလို တည်ထောင်ဖို့အတွက်ဆိုရင် အခုရှိတာက ကျွန်တော်တို့ သစ်တောဦးစီးဌာနကတော့ ကြိုးဝိုင်းနဲ့ကြိုးပြင်ကာကွယ်တောမှာပဲ ကျွန်တော်တို့က ဆောင်ရွက်ခွင့်ရှိပါတယ်။ ဒီလိုနေရာမျိုးကျတဲ့အခါမျိုးကျတော့ ကျွန်တော်တို့ ဒါဟာ အစိုးရရဲ့ စီမံပိုင်ခွင့်ရှိတဲ့ The Land of the Disposal of Government ဖြစ်တဲ့ အကြောင်းကြောင့်မို့ ဒါကျတော့ နေပြည်တော်ကောင်စီ အစရှိသော အထွေထွေအုပ်ချုပ်ရေးနဲ့ဆိုင်တဲ့အတွက်ကြောင့်မို့လို့ ဒီနေရာမျိုး အကောင်အထည်ဖော်တာကျတော့ သက်ဆိုင်ရာအဖွဲ့အစည်းများကနေပြီးတော့ တာဝန်ယူရမှာဖြစ်ပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ပြင်ဦးလွင်ဒေသအပါအဝင် အခြားဒေသများမှာ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသော မြို့ပြစီမံကိန်းများနှင့်အညီ စိမ်းလန်းမြေကဲ့သို့သော အများပြည်သူအပန်းဖြေအနားယူရန်နေရာများနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ခုနက တင်ပြသလိုသက်ဆိုင်ရာဝန်ကြီးဌာန စည်ပင်သာယာရေးကော်မတီများက ဆောင်ရွက်ရာတွင်

အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ ဒေသခံပြည်သူများရဲ့ သစ်ပင်အရိပ်နဲ့ အပွင့်များ၊ ခုနက အပင်များဖြန့်ဝေပေးခြင်း၊ အိမ်ထောင်စုအလိုက် ခုနက ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ များစိုက်ပျိုးရေးနဲ့ ပျိုးပင်နဲ့နည်းပညာများကို ပံ့ပိုးရမယ့် အစီအစဉ်များကိုလည်းပဲ ကျွန်တော်တို့ ထည့်သွင်းရေးဆွဲထားပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးနှစ်ဦးတင်ပြ သွားတဲ့အတိုင်း ကျွန်တော် ဝမ်းသာပါတယ်။ ဝါးနဲ့ပတ်သက်လို့ ကျွန်တော်တို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဝါးဟာ သစ်ပင်မဟုတ်ပေငြားသော်လည်းပဲ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုတဲ့အပြင် ကာဗွန်စုပ်ယူရာမှာလည်းပဲ အင်မတန်ထိရောက်ပြီးတော့ ကျွန်တော်တို့ လုပ်သားပြည်သူများရဲ့ အထူးသဖြင့် တောသူတောင်သားများရဲ့ ကြီးပွားရေး၊ စီးပွားရေးအတွက်ကိုလည်း အင်မတန်အထောက်အကူပြုပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ဆောက်ခြင်း (၁၀)နှစ်စီမံကိန်းများမှာ ထည့်သွင်းရမည်ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏အဆိုကို အတည်ပြုပေးပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်အားလုံး အခုလို ဆွေးနွေးထောက်ခံတဲ့အတွက် ကျွန်တော့်အနေနဲ့ အများကြီးကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ဒါဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံသာမက တစ်ကမ္ဘာလုံးမှာ ရာသီဥတုနှင့်ပတ်သက်လို့ အခက်အခဲတွေက ဖြစ်နေတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ပြောနေကြတာ၊ ကျွန်တော်တို့ဆွေးနွေးနေကြတာ ကျွန်တော်တို့အတွက်ပါပဲ။ ဒါ လူတိုင်းသိတဲ့ဟာကို ပြောမယ်ဆိုလို့ရှိရင်တော့ ဖန်လုံအိမ်ဓာတ်ငွေ့ပေါ့။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ကျွန်တော်တို့က ထုတ်တယ်။ သစ်ပင်ကယူတယ်။ သစ်ပင်က အောက်ဆီဂျင်ထုတ်တယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပြန်ယူတယ်။ အဲဒီတော့ သစ်ပင်များများရှိရင် အောက်ဆီဂျင်များများရမှာပဲ။ ကျွန်တော်ပြောချင်တာက Green Land ဆိုတာက ဒါပါဘဲ။ ခုနတုန်းက ပြည်ထောင်စုဝန်ကြီးဆွေးနွေးသလို ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုတည်းဆိုရင် ကျွန်တော်သည် ပြည်ထောင်စုဝန်ကြီးနဲ့ပဲဆွေးနွေးလို့ရပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ လွှတ်တော်ကို ဘာလို့တင်လဲဆိုတော့ ပူးပေါင်းဆောင်ရွက်မှ ရမှာမို့လို့ ကျွန်တော်သည် ဒီနေ့တင်ခြင်းပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က Green Land လို့ပြောခြင်းသည် သစ်တောတင်မဟုတ်ပါဘူး။ မြို့ပေါ်မှာလည်းလိုပါတယ်။ အဲဒါဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့သော အနှစ် ၂၅၊ ၃၀

လောက်ကပါ။ အိန္ဒိယမှာ ရာသီဥတုက အတော်လေးပြောင်းလဲပြီးတော့ ဆိုးသွားတယ်။ ဆိုးသွားတော့ ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ် လောက်ရောက်တဲ့အခါကျတော့ ကျွန်တော် ဘာတွေ့လဲဆိုတော့ Green Land ဆိုတဲ့ အိန္ဒိယရဲ့မြို့တော် နယူးဒေလီမှာ အကြီးအကျယ် လုပ်နေတာတွေ့တယ်။ တွေ့တဲ့အခါ ကျတော့ ဒါသူတို့အနေနဲ့ ရာသီဥတုသည်ပြောင်းလဲတယ်။ ပူတယ်။ တအားပူလာပြီဆိုတဲ့ အခါကျတော့ လွန်ခဲ့သော အနှစ် ၂၀၊ ၃၀ လောက်ကတည်းက လုပ်နေပြီပေါ့။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ကျတော့ အဲဒီလိုမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံကျတော့ သစ်တောဆုံးရှုံးမှုက အဲဒီအချိန်မှာ အကောင်းဆုံး ဖြစ်နေတယ်။ အဲဒါလည်း တွေ့ရတယ်။ နောက်တစ်ခုကတော့ ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်လောက်မှာ ကျွန်တော်တို့ ပြင်ဦးလွင်ဘက်မှာ တော်တော်လေးကို ခြောက်ခြားဖွယ်ရာတွေ ဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မန္တလေး၊ မုံရွာ၊ စစ်ကိုင်းဘက်ကလူတွေက တအားပူတယ်။ သေတဲ့လူတွေက သေကြတယ်။ Heat Stroke တွေရကြတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့ ပြင်ဦးလွင်ကို အပူရှောင်ဖို့ဆိုပြီး တက်လာကြတယ်။ ဘုန်းကြီးကျောင်းတွေမှာရော၊ ဟိုတယ်တွေ၊ တယ်ခိုခန်းတွေရော တတ်နိုင်တဲ့သူတွေက လုပ်ကြတယ်။

သို့သော်လည်း ပြင်ဦးလွင်မှာကိုကလည်း နည်းနည်းပူနေပြီ။ ဒါပေမဲ့လည်း ခုနကလို Heat Stroke လောက်တော့ မဖြစ်ဘူးပေါ့။ အပူရှပ်ပြီးသေတာတွေလောက်တော့မဖြစ်ဘူး။ အဲဒါမျိုးတွေ ကြောင့် ကျွန်တော်စဉ်းစားလိုက်တဲ့အခါကျတော့ ဒါ ကျွန်တော်တို့ တစ်နိုင်ငံလုံးအနေနဲ့ လိုနေပြီဆိုတာ ကျွန်တော်စဉ်းစားတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က စီမံကိန်းလုပ်တိုင်းလုပ်တိုင်းသည် EIA ၊ SIA ၊ HIA ဆိုတာ မစဉ်းစားကြဘူး။ ဥပမာ - လမ်းတွေဖောက်မယ်။ မြို့တစ်မြို့တည်မယ်။ EIA လို့ခေါ်တဲ့ Environmental Impact Assessment၊ SIA လို့ခေါ်တဲ့ Social Impact Assessment၊ HIA လို့ခေါ်တဲ့ Health Impact Assessment ဒါတွေဟာ ကျွန်တော်တို့ စဉ်းစားဖို့လိုတယ်။ ဒါတွေဟာ သစ်တော ဝန်ကြီးဌာနတစ်ခုတည်းလည်း မဟုတ်ပါဘူး။ လမ်းတံတားဆိုလည်း လမ်းတံတား ဒါတွေက စဉ်းစားဖို့လည်းလိုပါတယ်။ အဲဒီလိုစဉ်းစားလိုက်ရင် ကျွန်တော်တို့က ပြည်သူတွေကို မျက်နှာမူတာနဲ့အတူတူပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေသည် တကယ်တမ်းကျတော့ ခံစားနေရတာ ဥပမာဆိုကြပါစို့။ တစ်နိုင်ငံက လေသန့်ဝယ်ရတဲ့အချိန်ရှိတယ်။ ကျွန်တော်တို့နိုင်ငံ ကသာ လေသန့်ဝယ်သုံးရရင် ကျွန်တော်တို့ပြည်သူတွေ အစကမှ ဆင်းရဲနေတာ။ ကျွန်တော်တို့ ဘယ်ဝယ်နိုင်မလဲ။ သေကုန်မှာပေါ့။ လေသန့်ဝယ်ရမှာဆိုရင် အဲဒီတော့ ဒါတွေကိုစဉ်းစားရတယ်။ နောက်တစ်ခုကတော့ ဒီနှစ် ဓာတ်တော်ချိုင့်သွားတယ်။ ဓာတ်တော်ချိုင့်မှာရေမရှိဘူး။ ဘာဖြစ်လို့တော့

ပြင်ဦးလွင်မှာရှိသော ရေတွေသည် ရေထွက်ကရတာပါ။ ရေထွက်သည်ဘာလဲဆိုတော့ သစ်ပင် သစ်တောတွေရှိမှသာလျှင် ရေထွက်ရမယ်။ ရေထွက်ရမှရေတွေကိုထိန်းမယ်။ ထိန်းမှ ပြင်ဦးလွင်မြို့ ရေရမယ်။ ရွာတွေ၊ ရွာတွေမှာလည်း ကျွန်တော်တို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်တာ။ အဲဒီရေထွက် တွေကပဲ သွယ်ပေးခဲ့ရတဲ့အခြေ အနေတွေပဲ ဖြစ်ပါတယ်။ အဝီစီတွင်းတာမရပါဘူး။ အဲဒါမျိုးတွေ ကြောင့် ကျွန်တော်က ဒါလေးကို စဉ်းစားပြီး ဒီအဆိုလေးကို တင်လိုက်တဲ့အတွက် ဝန်ကြီးရော အပါအဝင် အခြားပြည်ထောင်စုအစိုးရအဖွဲ့ဝင်များလည်း ပူးပေါင်းပြီးဆောင်ရွက်ကြပါလို့ ကျွန်တော် ဒီနေရာကပြောလိုပါတယ်။ အဲဒီနေရာမှာ ကျွန်တော်က ဘာဖြစ်လို့ဒီနေရာတင်လဲဆိုရင် များသောအား ဖြင့် သစ်ကိုဖျက်တာ သစ်ပိုးပါပဲ။ တစ်ခါတလေကျတော့ ဒီဟာကို ခုနက အောက်ဆီဂျင်တွေ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ ကျွန်တော်တို့က ပြောနေတယ်။ ကျွန်တော်တို့က အဲဒါတွေရမှ အသက်ရှင် မယ်။ ဒါပေမဲ့ လုပ်နေတာ ပြည်သူတွေကလည်း သစ်ပင်တွေခုတ်နေကြတယ်။ အဲဒီလိုဆိုရင် ဒီလို ကျွန်တော်တို့က နိုင်ငံတော် သိအောင် တင်ပြပေးခြင်းပဲဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ ကျွန်တော်က သစ်တော၊ သစ်တောဆိုပြီးတော့ သစ်တောမှာလည်း ဒီအတိုင်းပဲ ဟိုတစ်နေ့က သွားတယ်။ အဲဒီတော့ သစ်တောကိုတက်ကြည့်တယ်။ ကမူပဲတွေ့တယ်။ ကမူပေါ်က တက်ကြည့်တယ်။ ကမူတွေကြားထဲမှာ ဘာတွေ့လဲဆိုတော့ စိုက်ခင်းလေးတွေခိုးလုပ်နေတာတွေ့တယ်။ စိုက်ခင်းလေးတွေခိုးလုပ်နေတာတွေ့တော့ ကျွန်တော် သစ်တောကို မေးကြည့်တယ်။ သစ်တောက တစ်ယောက်ယောက်ကိုတာဝန်ပေးထားတာ။ မင်း ဒါလေးကို လုပ်လိုက်ဆိုတော့ သူကပဲ အဲဒီနားက သစ်တွေကို ခုတ်တယ်။ သူကပဲ အဲဒီလူတွေကို စိုက်ခွင့်ပေးထားတယ်။ သစ်တောကကျတော့ မဆင်းနိုင် ဘူး။ အခုနတုန်းက ဝန်ကြီးပြောသလို ဝန်ထမ်းအင်အားနဲ့ကျတော့ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် ကျွန်တော် တစ်ခါတည်းပြောချင်တာကတော့ ဘာလဲဆိုတော့ မြေခွေး ကြက်ခြံစောင့် သလိုပဲ ဖြစ်နေမှာလည်း ကျွန်တော်တို့ ကြောက်ရတယ်။ ဒါတွေကိုလည်း ဝန်ကြီးဌာနအနေနဲ့ ပြန်စဉ်းစားဖို့ လိုတာပေါ့နော်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ စည်းကမ်းတကျ ဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းတွေတိုးချဲ့ပြီးတော့ ဆောင်ရွက်ပေးပါလို့။ ဆောင်ရွက်ပေးတဲ့အတွက်လည်း ကျွန်တော် ကျေးဇူးတင်ပါတယ်လို့ ပြောရင်းနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ခြောက်မိနစ်ကုန်တော့မယ်။ အဆိုရှင်ရဲ့သဘောထားပြောပါဆိုတာ မပါသေးဘူး။ ကိုယ်ဆွေးနွေးချင်တာပဲ ဆွေးနွေးသွားတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အဆိုကို ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ သဘောထားပဲ တိုတိုနဲ့လိုရင်း အတည်ပြုမလား၊ မှတ်တမ်းတင်မလား၊ ပယ်ဖျက်ပေးမလား၊ ကြိုက်တာတစ်ခုပဲပြောတော့။ ကျန်တာတော့မဆွေးနွေးနဲ့တော့။ ကျန်တဲ့ ကိုယ်စားလှယ်တွေ လှုပ်လှုပ်ရွရွဖြစ်နေပြီ။ သဘောပေါက်ဖို့လိုတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ အတည်ပြုပါ့မယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၇ ဦးက ဆွေးနွေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကအဆိုအား အတည်ပြုပေးသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာအောင်ခင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကိုရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၄း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ (၃၁.၅.၂၀၁၇)
## ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီး



ဒေါ်အေးမြမြမျိုး
(ကျောက်တန်းမဲဆန္ဒနယ်)



ဒေါ်စန်းစန်းအိ
(မိုးညှင်းမဲဆန္ဒနယ်)



ဦးစိုင်းဆိုင်မိုင်း
(မိုင်းကိုင်မဲဆန္ဒနယ်)



ဦးခင်ချို
(လှိုင်းဘွဲ့မဲဆန္ဒနယ်)



ဦးအုန်းဝင်း (ဝန်ကြီး)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်